www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကိုဝိုက်

## တွေးတတ်လေသေးမိဝိုင်းလေး

(ပထမအကြိမ်)

စီစဉ်သူ - အတီး

ဖြန့်ချိရေး

နဂါးပျံစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကိုပိုက် ၈၉၅.၈၃
တွေးတတ်လေသေး မိပိုင်းလေး / ကိုပိုက် ။ – ရန်ကုန်။
ရဲအောင်စာပေ ၊ ၂၀၁၀ ။
စာမျက်နှာ ၁ မှ ၁၇၁ အထိ ၊ ၁၂.၅ X ၁၈.၂ စင်တီ။
(၁) တွေးတတ်လေသေး မိပိုင်းလေး

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၇၁၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၆၆၀၇၁၀
ပထမအကြိမ်
၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ
အုပ်ရေ - ၅၀၀ - တန်ဖိုး - ၂၀၀ ကျပ်
မျက်နှာဖုံးပန်းချီ - ရန်နိုင်ဦး
မျက်နှာဖုံးဂရပ်ဖစ် - ယမုံစိုး
ကွန်ပျူတာစာစီ - Five Star II
ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
အမှတ် (၂)၊ ချွန်း (၁) လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ် - ဦးကျင်ရင် (၀၅၄၁၇)(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ အလုံမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ဦးရသေ့အားဦးထိပ်ထားကာ

မွေးဖေ၊ မွေးမေ၊

ပြီးတော့ . . .

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။

ကိုပိုက်

www.burmeseclassic.com

www.burmeseclassic.com

# ကိုဝိုက်

## ပြင်စလူရှာသူမနှင့် ချစ်ရူးချစ်ထူး

(စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၉၁၀၅၁၀)

ဆက်လက်ထွက်ရှိမည်။

ဖြန့်ချိရေး

နဂါးပျံစာပေ

www.burmeseclassic.com

www.burmeseclassic.com

## "တွေးတတ်လေသေး မိဝိုင်းလေး"

ကိုပိုက်/-

လူသွားလမ်းမြောင်လေးဆိုပေမင့် သဲမြေနုံးတို့ကြားမှ မြက်ပင်ငယ်တို့ ဟိုတစ်စု သည်တစ်စု ပေါက်နေကြ၏။ ထိုလမ်းမြောင်လေး တစ်ဖက်တစ်ချက်တွင်မတော့ မြက်ရိုင်းပင်နှင့် ချုံပုပ်ပင်ငယ်တို့ ရှိခြင်းကြောင့် ထိုလူသွားလမ်းမြောင်လေးမှ သွေဖယ် ကွေ့ပတ်သွားနိုင်ခြင်း မရှိလေခြင်းကြောင့် လူသားသုံးဦးသည် ထိုလမ်းမြောင်လေးမှပင် ရှေ့သို့သာ တစိုက်မတ်မတ် လျှောက်လာကြခြင်းဖြစ်၏။

လူသားသုံးဦးဆိုခဲ့ပေငြား တစ်ယောက်သောသူသည် အသက်အားဖြင့် ခြောက်နှစ်စွန်းလောက်သာရှိမည့် ကလေးမလေး ဖြစ်ချေပြီး ကျန်နှစ်ဦးသည် အသက်အားဖြင့် လေးဆယ်ကျော် ငါးဆယ်ဝန်းကျင်လောက်ရှိမည့် လူကြီးနှစ်ယောက်ဖြစ်ချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသားနှစ်ဦးတွင် တစ်ဦးက ကလေးမလေးကို လက်တွဲ၍ရှေ့မှ လျှောက်ခဲ့လေခြင်းဖြစ်ပြီး ကျန်တစ်ဦးသည်နောက်မှနေ၍ ရှေ့လူ့ခြေရာထပ်လိုက်ခဲ့သည်ဆိုပြား ဘေးဘီသို့ ငဲ့စောင်းကြည့်ရင်း လိုက်ပါခဲ့ခြင်း ဖြစ်ချေ၏။ သို့မှ သူတို့သည် လုံးပတ်ကြီးကြီး အောက်ခြေ ပါးပျဉ်ဘောင်ကြီးကြီး အခက်အလက်တို့ ဖြာထွက်နေသည့် သစ်ပင်ကြီးတစ်ပင်အနားသို့ ရောက်လာချေ၏။ ထိုအပင်ကြီးသည် ဘာပင်ရယ်လို့ သူတို့မသိချေ၊ အရွက်တို့ အုပ်အုပ်ဆိုင်းဆိုင်း အရိပ်ကောင်းကောင်းပေးနိုင်သည့် အပင်ကြီးတစ်ပင် ဖြစ်သည်ကိုတော့ဖြင့် သူတို့သိကြလေ၏။

အလွယ်ခရီးသွားတို့ခေါ်ကြသည်မှာ "သစ်ပင်ကြီးစခန်း"ဟု ဆိုရချိမ့်မည်။ ထိုလမ်းဖြတ်သွားသူတို့သည် ထိုအပင်ကြီးနားရောက်သည်တွင် အရိပ်ကောင်းပေပြား ဘာရယ်ကြောင့်မသိ အရိပ်ခိုနားနေခြင်းတော့ဖြင့် မပြုကြပါချေ။

တကယ်တော့ ထိုအပင်ကြီးသည် ရွာနှစ်ရွာလမ်းကြားတွင်ရှိသည်ဆိုပေပြား တစ်ရွာ၏ ရွာအထွက်လမ်း မဝေးကွာလောက်တွင် ရှိသောကြောင့် ဖြစ်ချေ၏။

မည်သူမဆို ရွာနီးပြီဆိုတော့ မည်သူသည် ထိုအပင်အောက်တွင် နားပါတော့မည်နည်း။ ရွာသို့သာ တန်းဝင်ကြမည်သာ ဖြစ်ချေ၏။

ရွာနှစ်ရွာဆိုလို့ ပေပင်ကုန်းနှင့် တောင်သူကုန်းတို့ ဖြစ်ကြ၏။

ထိုအပင်ကြီးသည် ပေပင်ကုန်းနှင့် ဝေးလှသည်ဖြစ်ပေပြား တောင်သူကုန်းရွာကြီးနှင့်တော့ဖြင့် ရွာအဝင်သာသာလောက်တွင်သာ ရှိခြင်းကြောင့် ယုတ်စွအဆုံး ရွာနွားကျောင်းသားများသည်ပင် ထိုအပင်ကြီးအောက်တွင် နားနေခြင်းမရှိပါချေ။ သူတို့၏ နွားများကိုပင်

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝေးဝေးတွင် စားကျက်ကဲ့သို့ လွှတ်ထားကြခြင်း ဖြစ်ချေ၏။

အရိပ်ကောင်းသော်လည်း နားခိုခြင်း မရှိကြသည်ကြောင့် အံ့ဖွယ်ပင် ကောင်းပေတော့၏။

ထိုသည် အပင်ကြီး၏ ထူးခြားချက်ကို သတိထားမိသူ တစ်ယောက်တော့ ရှိချေ၏။ ထိုသူသည် တောင်သူကုန်း ရွာသားများက အရူးရယ်လို့ သတ်မှတ်ထားသော ဖိုးကံဆိုသူပင် ဖြစ်ချေ၏။

ဖိုးကံသည် တောင်သူကုန်းသား၊ သည်အရပ်တွင် အနေများပေ၏။ သူသည် တစ်ကိုယ်ရေသမားဆိုတော့ သူတစ်ဝမ်းတစ်ခါး အတွက်တော့ဖြင့် ပူစရာမလို၊ တောင်သူကုန်းရွာကလေးမှ သေးဆုံးကြလေသည့် ရွာသားများ၏ ရုပ်အလောင်းကို မြှုပ်နှံပေးရန်အတွက် မြေကျင်းတူးခြင်းဖြင့်လည်းကောင်း၊ ရွာပြင် ဘုန်းတော်ကြီးကျောင်းလေးမှ ကျောင်းထိုင်ဆရာတော်ထံသွား တောက်တိုမည်ရ ဗာဟီရလုပ်ပေးခြင်းအားဖြင့် သူ၏ စားဝတ်နေရေးကို ဖြေရှင်းနိုင်ခဲ့သူဖြစ်၏။ သို့ပေမြား ဖိုးကံသည် ရွာသား တစ်ယောက်သေပြီဆိုလျှင်ဖြင့် သူ ဟင်းကောင်း စားရသောနေ့ ဖြစ်ချေ၏။ ဘယ့်တွက်မူ သေသူအား ကျွေးသည့် စမြိန်စာထုတ် သည် အလောင်းမြေကျပြီးသည်တွင် သူ့တွက် စားစရာ ဖြစ်ချေတော့၏။

သိလေသည့်အတိုင်း စားမြိန်စာဆိုသည် သေသူအားကျွေးမွေး ကြလေသည့် ထမင်းထုပ်ဖြစ်ချေ၏။ သည်တော့ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ နောက်ဆုံးကျွေးရသော အစာဟု သတ်မှတ်ကာ အကောင်းဆုံးဟင်းလျာကို ထုတ်ပိုးထည့်ပေးလိုက်ကြခြင်း ဖြစ်ချေ၏။

ရွာသိမ်ရွာငယ်ဆိုတော့ သေသူရှားသည် ဆိုရလိမ့်မည်။ တစ်လနေလို့တစ်လောင်း ရောက်ချင်မှ ရောက်လာတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ ဖိုးကံသည် ရွာထဲသွား၏။ ရွာသားများနိုင်းသမျှ အလုပ်ကို ဝမ်းသာ အားရလုပ်ပေးတတ်၏။ သည့်တော့ သူ့တွက် ထမင်းကျန်၊ ဟင်းကျန် များ စွန့်ကျဲတတ်၏။

သူ အစုံလုတ်တတ်သွား၏။ အိမ်သာကျင်းတူးလျှင်လည်း သူ့ကို ခေါ်၏။ ထင်းပေါက်လျှင်လည်း သူ့ကိုခေါ်၏။ လိုအပ်ကြလျှင် သူ့ကိုခေါ်၏။

မည်သူခေါ်ခေါ် သူ မငြီးငြင်၊ ပြီးလျှင် သူ့ကို စားစရာ သို့မဟုတ် ပိုက်ဆံသာပေး သူကျေနပ်၏။ နည်းသည် များသည် သူမသိ၊

သို့ဆိုတော့ တောင်သူကုန်းရွာလေးတွင် သူကြီးပြီးလျှင် လူသိ အများဆုံးက ဖိုးကံဟု ဆိုရချိမ့်မည်။

"ဖိုးကံ မင်း သုသာန်ထဲမှာအိပ်တော့ သရဲမကြောက်ဖူးလား"

သို့ရွာလူငယ်များက မေးတတ်၏။

"ဟာ. . သေပြီးသားလူက ဘာလုပ်နိုင်မှာလဲ၊ ဘာကြောက်စရာ လိုလဲ၊ အေး ရွာထဲမှာဆိုလျှင်ဖြင့် လူရှင်တွေကသာ ကြောက်စရာ ကောင်းသေးတာ၊ အေး ရွာကာလသားခေါင်းကြီး ကျော်မင်းနိုင်ဆိုရင် မှူးပြီဆို ငါကို နှိပ်စက်တော့တာပဲ၊ ရှင်လျက်လူတွေကမှ ကြောက်စရာ ကောင်းသေးတာကွ၊ အင်းပြောရဦးမယ် အဲဒီ လူကြီးသေလို့ကတော့ ငါ သူ့ကျင်းကို တိမ်တိမ်လေးပဲတူးပေးမယ်၊ ဘာလို့လဲသိလား၊ နို့မှ သူ့ကျင်းကို တောခွေးအတွေက လာဖော်စားလိမ့်မယ်၊ ဟင်း. . ဟင်း မှတ်ထားဦးပေါ့ ကျော်မင်းနိုင်ကြီးရောလို့ ပြောရမှာပဲကွ"

သို့ဆိုတော့ ရွာလူငယ်တို့သည် နေ့လယ်နေ့ခင်း သုသာန်ရှိ ဖိုးကံ၏ ဇရပ်သို့ ရောက်လာတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်တော့မဟုတ်၊ တစ်ပတ် တစ်ရက်လောက်ဖြစ်၏။ သို့ဆိုတော့ ဖိုးကံသည်လည်း အူစိုလေ၏။

ဘယ့်တွက်မူ ရွာလူငယ်တို့ လူကြီးအခိုးလည်းပါ၏။ ကြက်တိုက်ကြ၏။ သို့မဟုတ် ဘူကြီးဆွဲကြ၏။

"ဖိုးကံ သွားကွာ။ ရွာထဲ ချက်တစ်ပုလင်းသွား ဝယ်လာခဲ့ချေ မြည်းဖို့ပဲလော့လည်း ဝယ်ခဲ့ ရော့ ဒါမင်းတွက်" ဆိုလျက် တစ်ကျပ်တစ်ပြားလောက် ပေးတတ်ကြ၏။

"ဖိုးကံ ငါကြက်တိုက်ဖို့ ရေလိုတယ်"

"ဖိုးကံ ငါတို့ကို ရွာထဲက ကုန်စုံဆိုင်သွားပြီး အကြွေလဲပေးပါကွာ။ ။ အကြွေလိုတယ်"

သို့ဆိုသလို သူ့အား မုန့်ဖိုး ပဲဖိုးပေးခိုင်းကြ၏။

သို့ဆိုတော့ ဖိုးကံသည် နာမည်နှင့်လိုက်အောင် ကံကောင်းသူဟု အဆိုးထဲမှ အကောင်းတွက်၍ ရချေ၏။

ဖိုးကံလို့ သူ့အဖေက ဘာလို့ ဘယ်လိုကြောင့် မှည့်ထားခဲ့သည်ကိုတော့ သူမသိ၊ တကယ်တမ်းမူ ဖိုးကံဆိုပေမင့် သူ့ကံဆိုးသည် ဆိုရချိမ့်မည်။

သူဘယ်လိုလုပ် တောင်သူကုန်းရွာ သုသာန်တွင်းရှိ ဇရပ်တွင် ရောက်လာခဲ့သည်ကိုတော့ဖြင့် သူ မမှတ်မိပါချေ။

သူ့အဖေ သူ့အဖေ ဘယ်သူဆိုသည်ကို မည်သူမျှမသိပါချေ။ ရွာသားတွေ ဖိုးကံနှင့်ပတ်သက်၍ သိထားသည်မှာ။ ။ လူပျိုကြီးကောက်နွယ် ရှိစဉ်က လက်တို လက်တောင်းခေါ်ခိုင်းနေသူဟု ဆိုကြ၏။ လူပျိုကြီးကောက်နွယ် သေဆုံးသွားသည်တွင် ဖိုးကံတစ်ယောက် နေစရာမရှိတော့သဖြင့် ရွာသုသာန်တွင်ရှိဇရပ်သို့ပြောင်းနေလေခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့၏။ ဖိုးကံကို ရွာက သိကြတော့ မကာန့်ကွက်ကြချေ။

"မင်းဆရာလူပိုကြီး မရှိလည်း မင်းဘဝ မင်း ဖန်တီးနိုင်တာ ပဲကွာ"

သို့နှယ်ပင် သူ့အား ချီးမွမ်းမိကြသေးတော့၏။

သို့ဆိုတော့ ဖိုးကံ၏ အကြောင်း ဇာတိမသိကြသည်မှာ မဆန်းပါလေ၊ သို့ဆိုတော့ တစ်ကောင်ကြွက်ဖြစ်ပေဖြား ဖိုးကံဆိုသည့် အတိုင်း လက်ရှိမတော့ ကံကောင်းသူဟု တနည်းပြော၍ရပေ၏။

သို့ဆိုသလို ဖိုးကံနေသည့်ဇရပ်လေးတွင် ရံခါဆိုသလို လူများ စည်ကားခြင်းရှိပေဖြား ရွာပြင် ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးစခန်းက တော့မူ ဇရပ်ထက် အရိပ်ကောင်းပေမင့် ခြောက်သွေ့လို့နေချေ၏။

"မင်းတို့ သစ်ပင်ကြီးအောက် သွားကြပါလားကွာ"

ရွာလူကြီးက ပြောဖူး၏။

"ဟာဗျာ· သည်မှာပဲ ကောင်းပါတယ်"

ဘယ်လိုကြောင့်ရယ်မသိ၊ သစ်ပင်ကြီးစခန်းကို စိတ်မဝင်စား ကြချေ။ ထိုသည်ကား နှစ်တွေကြာခဲ့ချေပြီ· · ။

ရွာထိပ်သုသာန်တွင်ရှိ ဇရပ်ကိုသာ စိတ်ဝင်စားကြ၏။ ရွာထိပ်အပြင် ဘက်ရှိ သစ်ပင်ကြီးစခန်းကိုတော့မူ မည်သူမျှ စိတ်မဝင်စားကြပါချေ။

သို့ပေမင့် ထိုအပင်ကြီးရှေ့ လမ်းမြောင်လေးမှ စောစောက ပြောသည့်လူသုံးယောက်ဖြတ်သွားပြီး နောက်နေ့များတွင်မတော့ ထိုသစ်ပင်ကြီးစခန်းကို တောင်သူကုန်းရွာသားများပင်မဟုတ် ရွာနီး ချုပ်စပ်ရှိ ရွာများကပင် စိတ်ဝင်စားလာကြချေတော့သည်။

သို့ဖြစ်ရသည်ကား ထိုနေ့က ထိုသစ်ပင်ကြီးစခန်းရှေ့သို့ ဖိုးရှမ်း

www.burmeseclassic.com

www.burmeseclassic.com



ငပူတင်းနှင့် မိပိုင်းလေးတို့ ရောက်လာခဲ့ကြသည်တွင်

"ဖိုးရှမ်းရေ.. သစ်ပင်ကြီးအောက်ရောက်တော့ ထူးခြားတဲ့ အနံ့တစ်မျိုးမျိုးရလိုက်သလားလို့"

သို့ဆိုသလို ငပူတင်းဆိုသည့် ဗိုက်ရွဲရွဲ အသားမဲမဲ၊ ဖင်ရှုးရှုး ခေါင်းကြီးသူက ရှေ့မှ ကလေးမလေးကို လက်ဆွဲသွားနေသည့် ဖိုးရှမ်း ဆိုသူကိုလှမ်းပြောလိုက်၏။

"အေးဟုတ်တယ်ကွ.. ငါလည်း သတိထားမိတယ်"

"နေချေဦးကွ.. အဲဒီအပင်ကြီးအောက် သွားကြည့်ချေဦး မယ်၊ ဘာကောင်များရှိနေလည်း မသိဘူး"

သို့ဆိုလျက် ငပူတင်းဆိုသူက အနားရှိ သစ်ကိုင်းခြောက် တစ်ခုကို ချိုး၍ လက်နက်အဖြစ် အသုံးပြုကာ ထွက်သွားတော့၏။

သို့ဆိုတော့ ဖိုးရှမ်းကလည်း

"သမီး ခဏနေခဲ့ဦး" ဆိုလျက် သူသည်လည်း ကျောက်ခဲ လက်တစ်ကိုင်စာကို ကောက်ယူ၍ ထိုသစ်ပင်ကြီးအောက်သို့ လျှောက်သွားလေတော့၏။ မိပိုင်းလေးဆိုသည့် ကလေးမလေး သည်လည်း လူကြီးနှစ်ယောက်ထွက်သွားရာသို့ ငေးမောကြည့်ရင်း နေရာမှာပင် ရပ်နေချေ၏။

ငပူတင်းသည် အပင်ကြီးအောက် ပါးပျဉ်းဘောင်တွင်း ရောက်သွား၏။ ဖိုးရှမ်းသည်လည်း သူနှင့်အတူ အပင်ကြီးအောက် ရောက်သွားတော့၏။

ငပူတင်းတစ်ယောက်ဟန်ကြီးပန်ကြီး အပင်ကြီးကို စေ့စေ့ကြည့် ရှာနေလေ၏။ သူထင်သည်မှာ အပင်ကြီး ပါးပျဉ်း ဘောင်တွင် သတ္တဝါငယ်တစ်ကောင်ရှိနိုင်၏။ ထိုသတ္တဝါသိမှလာသော

www.burmeseclassic.com

www.burmeseclassic.com



ရန့်ဟု သူတွက်ဆထား၏။

ဖိုးရှမ်းသည်လည်း သူ့နယ်ပင်၊ သို့ဖြင့် နှစ်ယောက်သား မျက်လုံးအပြူးသားဖြင့်သာ ရှာနေချေ၏။ မည်သည့်သတ္တဝါကောင်မျှ တော့ဖြင့် မတွေ့ကြသေးပါချေ။

သို့ပေဖြား ဖိုးရှမ်းသည် မျက်စိလျှင်သူဖြစ်၏။ နှာခေါင်းတရှုံ့ရှုံ့ ဖြင့် အနံ့ခံနေရင်းကြားမှ ထိုအပင်ကြီး၏ ကိုင်းလုံးတစ်ခုကို စေ့စေ့ ကြည့်မိသည်တွင်မတော့ လွန်မင်းစွာ ထိတ်လန့်သွားတော့၏။

သူထင်ထားသည်မှာ သစ်ကိုင်းလုံး။ ယခုသို့မဟုတ် လွန်စွာမျှ ကြီးမားလှသော မြွေကြီး၏ ကိုယ်လုံးကြီးပါကလား။ သစ်ပင်အကိုင်း နှင့် ဆင်ဆင်တူနေလေခြင်း၊ အမှောင်ရိပ်ကျခြင်းကြောင့် မြွေကောင်ကြီး မှန်း မသိသာခြင်းဖြစ်၏။ သို့ မြွေကောင်ကြီးထံမှ လာသည့် ရန့်ဖြစ် ချေသည်ကိုး..။

နည်းနည်းနောနော မြွေကြီးမဟုတ်၊ မှန်း.. သူ့ခေါင်းဘယ်မ တုန်း..၊ မြွေကြီးခန္ဓာကိုယ်ကို တရွေ့ရွေ့ မျက်လုံးရွေ့ကြည့်မိ၏။ ဘုရားရေ..ငပူတင်းတစ်ယောက် မြွေကြီး၏ ဦးခေါင်းနား ရောက်နေ ပါကောလား၊ သူတော့ဖြင့် မသိရှာပါချေ...။

ကံကောင်းသည်မှာ မြွေကြီးသည် အိပ်ပျော်နေခြင်းကြောင့် ဖြစ်ချေ၏။ သို့ဆိုတော့

"ပူး..ပူး..ရှူး"

သို့နှယ် သူက အချက်ပေးလိုက်၏။ ငပူတင်းကို သတိပေး ပြောလိုခြင်းဖြစ်ဖြား ငပူးတင်သည် အပါး၊ သူ့လေသံကြား၍မင့် တစ်ချက်မျှ လှည့်ကြည့်ပြီး ပြန်လှည့်သွား၏။ မဖြစ်ချေပြီ... မြွေကောင်ကြီးအိပ်နေသည်မှ သတိရလာလျှင် သူတို့ မလွယ်..

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်

"ရှူး‥ရှူး"

ထပ်သတိပေးရန် ခေါ်လိုက်ပြန်၏။

"ဘာလဲကွ"

ဘုရားရေ‥ ငပူတင်းက သို့ အသံပြု မကျေမနပ်လှည့်ကြည့်လာချေ၏။ သည်တော့ သူသည် မြွေကောင်ကြီးကို လက်ညွှန်ထိုးပြ နောက်ပြန်လှည့်လာရန် အချက်ပေးပြောလိုက်ပေပြား၊ ငပူတင်း တစ်ယောက် ဘာမှန်းမသိ၊ ကြောင်အအဖြင့် နောက်မှ သူ၏ လက်တွင်းရှိ သစ်ကိုင်းခြောက်ဖြင့် ဝှေ့ယမ်းလိုက်လေခြင်း ကြောင့် မြွေကြီး၏ လည်ပင်းဆီကို ထိခတ်မိသွားလေ၏။

"ဘုရားရေ‥ မဖြစ်ချေပြီ‥အချိန်မီသူလှုပ်ရှားရပေတော့မည်။ သို့ကြောင့် ဖိုးရှမ်းသည် နောက်သို့ပြန်၍ ခြေလှမ်းသွက်သွက်ဖြင့် သမီးဖြစ်သူထံသို့ သွားလိုက်ချေပြီး လက်ဆွဲခေါ် ထိုအနားမှ ပြေးသွားရန်ဖြစ်ပေပြား ငပူတင်းကိုတော့ဖြင့် လှမ်းကြည့်မိလိုက်ချေ၏။

ဘုရားရေ‥

မယုံနိုင်စရာပါကလား‥‥မြွေကြီးသည် ငပူတင်း၏ ကိုင်းခြောက်တုတ်နှင့် ထိခတ်မှုကြောင့် အိပ်ပျော်ရာမှ နိုးထလာကာ လျှပ်တပြက်ဆိုသလိုပင် သူ့လည်ကုပ်နားရှိ ငပူတင်းအား သူ၏ ကြီးမားသော ပါးစပ်ကြီးဖြင့် ငုံခဲလိုက်ချေတော့သည်။

"အား"

သို့ ကြောက်လန့်တကြားအသံသည် ငပူတင်း အော်လိုက်ခြင်း မဟုတ်၊ ဖိုးရှမ်းအော်လိုက်ခြင်းဖြစ်၏။ ငပူတင်း တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အောင်ချိန်ပင်မရလိုက်၊ မြွေကြီး၏ ပါးစပ်တွင်း ဝင်သွားချေတော့၏။

ဘုရားရေ့ . . မြွေကြီးသည် သူ့ကိုလည်း အလွတ်ပေးမည့် ပုံမမြင်၊ သူထံသို့လည်း ပြေးလာဟန်ကြိုးစားလိုက်သည်တွင် ဘယ်က ဘယ်လိုရောက်လာသည်မသိသည့် မိန်းမကြီးတစ်ယောက်သည် ထိုမြွေကောင်ကြီး၏ အနားတွင် ရှိနေချေပြီး မြွေကောင်ကြီးအား ခေါင်းခါယမ်းပြလိုက်သည်ကို ဖိုးရှမ်းမြင်တွေ့လိုက်ရချေ၏။

ဘုရား . . . ဘုရား . . ထိုမိန်းမကြီးက သူတို့သားအဖအား ကယ်လိုက်ခြင်းပါကလား။

သူ့သမီးလေးတော့ဖြင့် ဘာဆိုသည်ကို မသိလိုက်ပါချေ။ သူ့အဖေ ဆွဲခေါ်ရာသို့သာ ပြေးလွှားတရွတ်တိုက် လိုက်ပါခဲ့ရခြင်း ဖြစ်တော့သည်။

ဖိုးရှမ်းတို့သားအဖ ကံကောင်းပေဖြား ငပူတင်းတစ်ယောက် ကံဆိုးလေ၏။

ဖိုးရှမ်းတစ်ယောက် ကလေးမလေးနှင့်အတူ တောင်သူကုန်း ရွာသို့ရောက်လာချေ၏။ အကျိုးအကြောင်းကို ပြောပြလေတော့၏။

သည်တော့ ရွာသူကြီးသည် ဖိုးရှမ်းပြောသည်ကို မယုံနိုင် အောင် ဖြစ်ရချေတော့၏။

"နို့ဖြင့်လည်း သွားကြစို့"

သူကြီးပီသပေ၏။ သူ့နောက်လိုက် အနည်းငယ်မျှကိုခေါ်၍ နှစ်လုံးပြူးသေနတ်ကြီးကို ဆွဲကိုင်၍ သစ်ပင်ကြီးစခန်းသို့ လိုက်သွား ချေတော့သည်။

"ဘယ်မလဲကွ . . မြွေကြီး"

သစ်ပင်ကြီးစခန်းတွင် မြွေကြီးမရှိသလို ငပူတင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိပါချေ။

"သည့်ကောင် ငကြောင်"

သို့နှယ့် သူကြီးက ဖိုးရှမ်းကို ကင်မွန်းတပ် လိုက်လေတော့သည်။ ထိုကိစ္စကိုတော့ ရွာသူကြီးက ဥပေက္ခာပြုထားလိုက်ပေ၏။

သို့ပေမင့် သမီးလေးကော မြင်လားဟု ကလေးမလေးကို မေးလိုက်သေး၏။ ကလေးမလေးက ခေါင်းကိုတွင်တွင်ခါယမ်းလာချေတော့သည်။

သို့မှသည် သီတင်းလေးပတ်ခန့်အကြာတွင် တောင်သူကုန်းရွာသို့ မုဆိုးတစ်ယောက်နှင့်အတူ ဖိုးရှမ်းဆိုသူအပါအဝင် လူငါးယောက်ခန့် ရောက်လာကြပြန်၏။

ထိုမြွေကြီးကိစ္စဖြစ်ချေ၏။ မြွေကြီးက အကြောင်းမဟုတ်၊ ငပူတင်းဆိုသူ ပျောက်ဆုံးနေခြင်းကြောင့် ဖြစ်ချေ၏။

ဘုန်းကြီးအမှူးရွာပတ်ဆိုသလို ဖိုးရှမ်းနှင့်တူတူလာသည့် လူငါးယောက်သည် ငပူတင်းပျောက်ဆုံးနေခြင်းနှင့် ပတ်သက်၍ ဖိုးရှမ်း၏ ပြောဆိုချက် ဖြစ်နိုင်မဖြစ်နိုင်ကို ထိုသစ်ပင်ကြီးစခန်းသို့ လာရောက်ကြခြင်း ဖြစ်ပေ၏။

"ကျုပ်တို့တော့ သစ်ပင်ကြီးမယ် မြွေကြီးရှိတယ်ဆိုတာ မကြားမိပါဘူးကွာ၊ မြင်လည်း မမြင်မိပါဘူး"

"ဟုတ်ပါ့"

"ဟုတ်ပါ့တော်"

"အေးလေကွာ"

သို့ဆိုသလို တောင်သူကုန်းရွာသူကြီးနှင့် ရွာသားများအသံ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာကြ၏။ သို့ပေမင့် ထိုလူစုနှင့် ပါလာသည့်မှဆိုးက

"ဖြစ်နိုင်တယ်၊ သည်မယ် မြွေကြီးသွားသွားတဲ့ စွတ်ကြောင်းရာ"

"အလိုလေးဗျာ"

"မုဆိုးကြီးပြောတာ ဟုတ်တယ်၊ သည်မှာ စွတ်ကြောင်းရာကြီးတွေ့သွားကလား"

"ဒါ သစ်လုံးကြီးကို တရွတ်ဆွဲသွားတဲ့ အရာမဟုတ်လား"

တောင်သူကုန်းရွာသားတွေက ဇောဒကတက်ကြ၏။ သို့ပေမင့် မုဆိုးကြီး၏ ခြေရာခံမှုကြောင့် အဖြစ်မှန်ကို တွေ့လိုက်ကြတော့၏။

ငပူတင်းကို တွေ့လိုက်သည်ဆိုပေမင့် အရှင်လတ်လတ်တွေ့ခြင်းမဟုတ်၊ အသားစတို့နှင့် အရိုးစတို့ကို တွေ့ရခြင်းဖြစ်၏။

သစ်ပင်ကြီးစခန်း၏ အနောက်ဘက်တောတန်းလေးအတွင်းဖြစ်ချေ၏။

ထိုတောတန်းလေးအတွင်း အသွားအလာ မရှိသဖြင့်တောင်သူကုန်းရွာသားများမသိလိုက်ခြင်းဖြစ်၏။

"မြွေကြီး ပြန်အန်ထုတ်လိုက်လေသည်လား"

ထိုသည့်မှစ၍ တောင်သူကုန်းရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင်လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားတော့၏။

တကယ်ပါပဲ မြွေကြီးရှိနေသည်ပဲ၊ လူတစ်ယောက်ကို မြိုပြီးပြန်အန်ချသွားသည်ပဲ။

သို့ဆိုတော့ သစ်ပင်ကြီးစခန်းသို့ မည်သူမျှ အသွားမကပ်ကြပါတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ည ည မြွေတွန်သံကြားသလားလို့"

"မြွေကြီးရှပ်တိုက်သွားသံ ဖြစ်မကွ"

"တဝုန်းဝုန်းနဲ့ မြွေကြီးစမ်းချောင်းလေးထဲမယ့် ချောင်းတစ်ဖက်တစ်ချက် သစ်ပင်တို့ကို အမြီးနဲ့ပတ်လိမ်ပြီး ဦးခေါင်းနဲ့ပတ်လိမ်ပြီးငါးပက်စားတာကွ"

စသဖြင့် အသံတို့ ထွက်လာတော့၏။

ယုတ်စွအဆုံးပြောရလျှင် ထိုသစ်ပင်ကြီးနှင့် မဝေးလှသော ရွာများ တစ်ရွာနှင့်တစ်ရွာ အသွားအလာ သိပ်မရှိကြတော့ချေ။

သစ်ပင်ကြီးစခန်းနှင့် မဝေးလှသော ရွာသုသာန်တွင်ရှိ ကြက်ပိုင်းသည် ရွာလယ်ကွင်းထဲသို့ ရောက်သွားတော့၏။

ဘူကြီးဝိုင်းသည် ရွာကာလသားခေါင်းအိမ်ခြံဝင်းထဲ ရောက်သွားတော့၏။ သည်တော့ ဖိုးကံတစ်ယောက် စားပေါက်ပိတ်ပြီပဲ...။

"တောက်... မြွေကြီးလုပ်တာ"

ဖိုးကံက သို့သာပြောလာချေတော့၏။ နိစ္စဓူဝ သုသန်ဇရပ်မှနေ၍ လှမ်းမြင်ရသော သစ်ပင်ကြီးစခန်းကို လှမ်းမျှော်၍ ကြည့်နေရှာတော့၏။

"ဖိုးကံ... မင်း ဘာဖြစ်နေတာလဲ"

သို့ မေးလာကြ၏။

"ငါ သစ်ပင်ကြီးကို ကြည့်နေတာ မြွေကြီးတွေ့မလားလို့"

"ဟကောင်ရ... အနားသွားကြည့်မှ သိမပေါ့"

သို့ဆိုတော့ အဟုတ်သားကလား.. ဖိုးကံတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အရဲကိုးကာ သစ်ပင်ကြီးစခန်းသို့ သွားသွားနေချေတော့၏။

"ဖိုးကံ မင်း အဲဒီဘက် မသွားစမ်းပါနဲ့ကွာ . မြွေကြီးနဲ့ တိုးနေပါဦးမယ်"

ရွာသူကြီးက ပြောလေ၏။

"မြွေကြီးမရှိပါဘူး၊ ရှိလျှင်လည်း ကျုပ်က အလွတ်မပေးပါဘူး"

သို့ ဖိုးကံသည် လက်သီးလက်မောင်းတန်း၍ ပြောလာလေ၏။

"သည် သောက်ရူးကတော့ကွာ . . ဘာမသိ ညာမသိ၊ သေချင်နေပြီထင်တယ်"

သို့သူကြီးက ပြောလေတော့သည်။

သို့ပေငြား သူကြီး၏ အာဏာစက်ပြင်းသားကလားဟု တောင်သူကုန်းရွာသားတို့ ပြောလာကြ၏။ ဘယ့်တွက်မှု သို့ လူကြီး ဖိုးကံကို ပြောခဲ့ပြီးနောက်တွင်မတော့ ရွာမှ ဖိုးကံတစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားလေတော့၏။

သို့ဆိုတော့

ဖိုးကံကို မြွေကြီးမျိုသွားလေပြီလား . . .။

"ဖိုးကံ သည်ကောင် . . သစ်ပင်ကြီးစခန်းနားကို သွားနေတာ ကိုးကွ . . ငါတားသေးတာ၊ ၊ ချုပ်မပြည့်တော့ ပြောစကား ဘယ်နားလည်ပါ့မလဲ"

သို့ သူကြီးက ဆုံးဖြတ်ချက်ချ ပြောလေတော့၏။

သို့ဆိုသလို ရွာထိပ်အပြင် သစ်ပင်ကြီးစခန်းသည် အလိုလို

www.burmeseclassic.com

www.burmeseclassic.com



နေရင်း နာမည်ကြီးလာရချေတော့သည်။

"ကလေးတွေ အဲဒီဘက် မသွားကြနဲ့နော်"

သို့ချည်းမဟုတ်၊ အစဉ်အဆက် သစ်ပင်ကြီးရှေ့ လူသွားလမ်းလေးသည် တဖြည်းဖြည်းမှေးမှိန်သွားကာ သစ်ပင်ကြီးနှင့် အတန်ဝေးဝေးနေရာလောက်ဆီမှာ လမ်းသစ်တစ်ခု ဖြစ်လာရချေ တော့၏။ သစ်ပင်ကြီးကို ကွင်းရှောင်သွားကြလေခြင်းဖြစ်တော့၏။

သို့ဆိုတော့ သစ်ပင်ကြီးသည် ယခင်က ရွာနံဘေးနီးနီးတွင် ရှိပေပြား ယခုအခါတွင်မတော့ ရွာလမ်းနှင့် ဝေးလွန်းလှသော နေရာသို့ အလိုလိုရောက်သွားရသလိုပင်•••။

လက်ရှိ ရွာနှင့်ဆိုပါလျှင် နှစ်ဖာလုံခန့်ဝေးကွာသွား လေတော့သည်။

ရွာသားတို့သည်လည်း တဖြည်းဖြည်းနှင့် သစ်ပင်ကြီးစခန်းနှင့် ဝေးရာအရပ်သို့သာ ရွှေ့လျားသွားလာချေတော့သည်။

တောင်သူကုန်းရွာလေးတွင် ဖိုးကံမရှိတော့ ဆိုလေမှ ဖိုးကံ၏ တန်ဖိုးကို ရွာသားတို့ သိလာကြ၏။

"ခက်တာပဲကွာ••ငါ့ အစ်ကိုလေး ဖောပြီးသေတော့ နံလိုက်တာကွာ•ဖိုးကံမရှိလို့ပေါ့ကွာ• နို့မဟုတ်လို့ကတော့ ဘယ်သူမှ ရွံ့ကြောက်ကြီးလို့ ငါ အပြောခံရမှာ မဟုတ်ဘူး"

သို့နှယ့် အသုဘအတွက် အောက်ခြေသိမ်း လုပ်ကိုင်ပေးချင်သူ မရှိတော့ချေ••။

ဖိုးကံတုန်းက ငွေလေးတစ်ကျပ်တစ်ပြား ပေးခိုင်းရတာကိုပဲ•• မဟာကျေးဇူးရှင်ကြီးတွေ အချိုး ချိုးနေကြသူတို့က

"ခုများတော့ ငါးဆယ်တစ်ရာမက ပေးမယ်ကွာ ဆိုပြန်

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း"

"ဟိတ်ကောင် သိပ်မကြီးကျယ်နဲ့ . မင်းကြီးဒေါ်အလောင်း မင်းပဲ တာဝန်ယူလုပ်ပါလားကွ . .၊ ငါးဆယ် တစ်ရာ မပြောနဲ့ ငါးထောင် တစ်သောင်းပေးလည်း မင်းကြီးဒေါ်ရဲ့ ရုပ်အလောင်းကြီးကို စေ့စေ့တောင်မကြည့်ဘူးကွာ သိလား . . ၊ ရွံ့စရာကောင်းလိုက်တာ"

သို့ဆိုသလို မဲ့ကာ ရွဲ့ကာ ပြောလာကြ၏။

"ဖိုးကံ မင်းဘယ်များ ရောက်သွားတာလဲ"

ကြက်ဝိုင်းတွင်လည်း ဖိုးကံ၊ ကိုးမီးဝိုင်းတွင်လည်း ဖိုးကံ တစ်ကံတည်းကံ တမ်းတနေကြတော့၏။

ဖိုးကံကလွဲလို့ တောင်သူကုန်းရွာလေးတွင် တစ်နည်းပြော ရလျှင် အများအကျိုးဆောင်မည်သူ မရှိကလား . . .။

"ဖိုးကံကို လိုက်ရှာကြမယ်ဟေ့"

သို့ဆိုကြ၏။

"သူမနေချင်လို့ ထွက်သွားတာပဲကွာ"

တချို့က ပြော၏။

"ဟာ မဖြစ်နိုင်ဘူး . . သည့်ကောင် သည်ရွာမှာ အနေချောင် တာပဲ . . သူ့ဘဝအတွက် သက်သောင့်သက်သာနဲ့ ခိုလှုံစရာ အကောင်း ဆုံးနေရာက သည်ရွာပေပဲကွာ . . သူမနေချင်လို့ ထွက်သွားတာတော့ မဖြစ်နိုင်ဘူး"

"နို့ဖြင့် ဘယ်လိုထင်လဲ"

"ဘယ်လို ထင်ရမှာလဲ . . သစ်ပင်ကြီးစခန်းကို သွားသွား နေတာ မြွေကြီးဝါးစားသွားပြီဖြစ်မပေါ့"

"အေး . . နို့ကြောင့် ငါပြောတာပေါ့ . .၊ အဲဒီအပင်အောက်

www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်ကြစမ်းပါ . . ခြေရာလက်ရာတွေ့လိမ့်မပေါ့ကွ"

သို့ဆိုသလို သူကြီးက ဆိုလေ၏။

"ဟာ . . မသွားဝံ့ပါဘူး . . သူကြီးသွားပါလား"

"ဟ . . က သူကြီးလေကွာ"

"သူကြီးဆိုတော့ သေနတ်ရှိတာပဲ . . ပိုသွားသင့်တာပေါ့"

"ဟ . . သူကြီးဆိုတာ သူများကို ခိုင်းရမှာကွ . . ဘာလဲ မင်းတို့က ငါလိုသူကြီးကို ခိုင်းနေတာလား"

"အား . . အား မဟုတ်ပါဘူး . . သဘောပြောတာပါ"

"အေး သဘောတွေ ဘာတွေ ပြောမနေနဲ့ မင်းကာလသား ခေါင်းမဟုတ်လား . . မင်းကြိုက်တဲ့လူ ခေါ်သွား ငါက ခိုင်းတယ် လို့ပြော"

သို့ဆိုတော့ တောင်သူကုန်းရွာကာလသားခေါင်း မောင်ဝင်းတစ်ယောက် အခက်တွေ့ရလေတော့၏။

"ဒုက္ခပဲ . . ငါကလည်း ကာလသားခေါင်းသာဆိုတယ် အကြောက်တတ်သားကလား . . သည်တော့ အင်း ငါ ဘယ်သူ့တွေ ခေါ်ရမလဲ၊ ဟုတ်ပြီ . . လုဒင် . . သည်ကောင်က အရပ်ရှည်သလောက် ခြေတံ ရှည်တယ်၊ ကြောက်တတ်တယ် ဆိုလျှင်ဖြင့် လည်း သူ့ခြေတံ ကလန်ကလားကြီးနဲ့ အပြေးမြန်ပေလိမ့်မယ်၊ သည်တော့ သူ့ခေါ်ရင် သူ့ဖြင်းလို့မရတဲ့အတူတူ သူ့ခြေတံကြီးကို အားကိုးပြီးလိုက်လာမှာ ပဲ . . ပြီးတော့ ဘယ်သူ ခေါ်ရမလဲ"

သို့ မောင်ဝင်းတစ်ယောက် စဉ်းစားလိုက်ချေပြီး

"ဖျောက်"

လက်ဖျောက်တစ်ချက်တီးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ" လို့လည်း ရေရွတ်လာလေ၏။ ပြီးတော့မှ

"အောင်ကြွင်ကို ခေါ်မယ်‥သူက လုဒင်နောက်လိုက်ပဲ‥ ကွန့်ဖူးလား ဘာလား ဗန်မော်ဆရာကြီးတစ်ယောက်ဆီမှာ သင်ဖူးတာပဲ"

"ဟုတ်ပြီ လုဒင်ရယ်၊ အောင်ကြွင်ရယ်၊ ပြီးတော့ တစ်ယောက်ယောက်ခေါ်ရဦးမယ်ဆိုရင် ဟုတ်ပြီ‥ သက်နှင်းကို ခေါ်မယ်၊ သည်ကောင်က ပညာလေးနည်းနည်း တတ်တယ်၊ သည်တော့ ဟိုစပ်စပ် သည်စပ်စပ် လုပ်တတ်တယ်၊ ပြီးတော့ သူက စုံစမ်းထောက်လှမ်းရမှာကို သိပ်ဝါသနာပါတယ်၊ ကြည့်လေ ဆားပုလင်းနှင်းမောင်ကို သဘောကျပြီး သူ့နာမည်ကိုတောင် သက်နှင်းလို့ ခေါ်စေတယ်၊ အဲလိုခေါ်တဲ့သူကိုလည်း မုန့်ဝယ်ကျွေးရမှာ မနှမျောဘူး‥။ ဟုတ်ပြီ ဘာပဲပြောပြော သည်စပ်စုကောင်ကို ခေါ်ရမယ်၊ နို့ဆိုရင် အခဆင်ပြေပြီပဲ" သို့ဆိုတော့

"သူကြီး ကျုပ်ဦးဆောင်သွားမယ်"

"ဘယ်သူတွေခေါ်သွားမလဲ"

"အရှည်ကြီးလုဒင်"

"ဟုတ်ပြီ"

"ပြီးတော့ သူ့နောက်လိုက် အောင်ကြွင်"

"ဟ သည်ကောင်က လူ့ဖလံလေး ဖြစ်ပါ့မလား"

သူကြီးက ကာလသားခေါင်းကို မေးလေ၏။

"ဖြစ်တယ်‥သိပ်ဖြစ်‥သည်ကောင်က ကွန့်ဖူးလေးဘာလေး တတ်ထားတယ်လေ‥ အရေးရယ်အကြောင်းရယ်ဆို ကျွန်တော့်အနား အောင်ကြွင်ရှိသင့်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ・・ နောက်တော့ကော"

"ငရုတ်ပုလင်းသက်နှင်းမောင်"

"ဟော・・ဘယ်သူ"

"အော်・・သူကြီးမသိဘူးလား"

"ဟော့အေး・・တကယ်မသိဘူး・・ ဘယ်သူလဲ ငါတို့ရွာသားပဲလား"

"သိပ်ဟုတ်တာပေါ့"

"နို့ဖြင့်ပြောချေကွာ・・ခပ်မြန်မြန်"

"ရွာဖျားက သက်နှင်းလေ သူကြီးရဲ့"

"ဟ သက်နှင်းတော့သိတာပေါ့・・နို့・・ ဘာလို့ စောစောက ငါ့ကို သက်နှင်းမောင်လို့ ပြောရတာလဲ"

"နို့က သည်လိုရှိတယ်သူကြီး"

"ပြောကွာ"

"အော်・・သူကြီးရယ် ဟိုဗျာ နာမည်ကြီး စာရေးဆရာကြီးရဲ့ဇာတ်ကောင် ဆားပုလင်းနှင်းမောင်ကို အားကျပြီး သူ့နာမည် သက်နှင်းကို မောင်လို့ဖြည့်ပြီး သက်နှင်းမောင်လို့ ပြောင်းခေါ်ခဲ့ သည်ပဲ၊ အဲလို နာမည်ပြင်ဆင်ခြင်းကိုတော့ဖြင့် သူ၏အမေကြီးက သူ့ခေါင်းသုံးချက်လောက်ခေါက်ခံရပြီးလေမှ သက်နှင်းမောင်လို့ ခေါ်လာကြတာပဲ၊ သူကြီးက လူကြီးဖြစ်ပြီး မသိပါကလား"

"ဟကောင်ရ ဒါ ငါသိစရာလား မင်းတို့လူငယ်တွေအချင်းချင်း အရှုးထတိုင်း ငါကလိုက်ပါရမှာလား・・・ဟွန်း"

သို့မှ ကာလသားခေါင်းမောင်ဝင်း ဦးဆောင်သည့် ဒုစမ်းရေးအဖွဲ့သည် သစ်ပင်ကြီးစခန်းသို့ မနက်စောစော သွားကြရချေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူကြီး သေနတ်တွားလိုက်ပါလား"

သို့ ရွာကာလသားခေါင်းက တောင်းခံခဲ့သေး၏။

"ဘာလုပ်ရမှာလဲ‥ မင်းပစ်ကော ပစ်တတ်လို့လား"

"မလိုပါဘူးဗျာ၊ ကျွန်တော်တစ်ယောက်လုံးပါနေတာပဲ"

သို့ ကွန်ဖူးပညာရှင်အောင်ကြင်က ပြောလေ၏။

"ကျုပ်ကတော့ ဖိုးကံ ဘယ်လိုဖြစ်သွားတယ်ဆိုတာကို သိအောင်ကိုစုံစမ်းဦးမယ်"

သို့သက်နှင်းမောင်က ပြောလာလေ၏။

သို့ဆိုတော့ သူကြီးကို နှုတ်ဆက်ပြီး သုံးယောက်သား သစ်ပင်ကြီးစခန်းသို့ သွားခဲ့ကြချေတော့သည်။

"ကဲ မင်းတို့ ဖိုးကံနဲ့ ပတ်သက်လို့ ဘာတွေသိခဲ့ရပြီလဲ"

သူတို့ပြန်လာကြသည့်တွင် သူကြီးက ဆီးမေးလေတော့၏။

လေးယောက်သား ခေါင်းခါပြလာကြချေ၏။

"ဘာမှအသုံးမကျဘူး"

"နို့ဖြင့်လည်း အသုံးကျတဲ့ သူကြီးသွားဗျာ"

"အေးသွားမယ်"

"အလဲ့‥ တယ်ဟုတ်ပါကလား"

"သူကြီးက သူသွားမယ်ဆိုပဲ‥ကျားသားမိုးကြိုး" သို့ဖြစ်၍ ကာလသားခေါင်းက သူကြီးကို လူထူးလူဆန်းသဖွယ် ကြည့်နေချေပြီး

"တကယ်လား သူကြီး"

"အေး"

"သူကြီး ဘယ်သူ့ကို ခေါ်သွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက ငါ့ရွာသား ဘယ်သူ့ကိုမှ ခေါ်သွားမှာ မဟုတ်ဘူး"

"နို့ဖြင့် သူကြီးတစ်ယောက်တည်းလား..အဲ့ပါ"

"ဟုတ်ဘူး"

"ဟင်..နို့ဖြင့်"

"ငါ သည်ဆရာနှစ်ယောက်ကို ခေါ်သွားမှာ"

"ဗျာ"

သို့ဆိုမှတော့မှ သတိထားမိ၏။

လူစိမ်း နှစ်ယောက်ပါကလား..။

သေနတ်ကိုယ်စီနှင့် ဖြစ်ကြ၏။

ပုလိပ်သားတွေကော့မဖြစ်နိုင်။

"သူကြီး သူတို့က"

"အေး ငါ့သူငယ်ချင်း မီးလောင်ကုန်းရွာသူကြီး ဇာမဏီ လွှတ်လိုက်တာ၊ ငါ့ကို ကူညီဖို့ကွာ"

"ဗျာ"

"ဟင်"

"ဟုတ်တယ်.. ဖိုးကံ ဘယ်လိုဖြစ်တယ်ဆိုတာ သူတို့ စုံစမ်းပေးလိမ့်မယ် .. သူတို့က မုဆိုးတွေပဲ"

"ကိုပိုက်နဲ့ လင်းမြင့်လှိုင်တဲ့"

သို့ဆိုသလို လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် မီးလောင်ကုန်းရွာသူကြီးဦးဇာမဏီ၏ တောင်းဆိုချက်အရ တောင်သူကုန်းရွာမှ ဖိုးကံ ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ရောက်လာခဲ့ကြခြင်း ဖြစ်တော့သည်။

တောင်သူကုန်းရွာသူကြီးထံမှ သို့ဆိုသလို ကျွန်တော်တို့ သိခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုပိုက်ရေ...သစ်ပင်ကြီးစခန်းဆိုတာ ရွာအဝင်နားက လှမ်းမြင်ရတဲ့ အုပ်အုပ်ဆိုင်းဆိုင်းရှိတဲ့ သစ်ပင်ကြီးကို ပြောတာကလား။ မြွေကြီးရှိတယ်ဆိုတာ ဖြစ်ကောင်းလည်း ဖြစ်နိုင်ပါလိမ့်မယ်"

သို့လင်းမြင့်လှိုင်က အပြောသားကလား။

"ကျွန်တော် အမှတ်တမဲ့ပေပဲ ကိုလင်းရဲ့၊ ပြီးမှ ကိုလင်းနဲ့ အဲဒီ သွားကြတာပေါ့"

"ခု သွားကြမလား"

သူကြီးက တက်ကြွနေပါကလား။

"ကျွန်တော်တို့ နားချေဦးမယ်"

သို့ဆိုတော့ ကာလသားခေါင်းက ကျွန်တော်တို့ နှစ်ယောက်အား အထင်သေးဟန်ဖြင့် ကြည့်နေလေခြင်းကို ကျွန်တော်မသိဟန် ပြုနေလိုက်၏။

"မင်းတို့ အသုံးမကျတဲ့ကောင်တွေ သွားကြတော့"

သူကြီးက သို့ သူတို့အား နှင်ထုတ်လိုက်ချေ၏။ သို့ဆိုတော့

"သူကြီးက သေနတ်ကြီးတွေ ကိုင်တဲ့သူတွေအကြောင်း ဘာမှ မသိသေးဘဲနဲ့ ငါတို့ ရွာခံတွေကိုတော့ အထင်အမြင်သေး လိုက်တာကျွာ..ဟွန်း"

သို့ဆိုသလို ကာလသားခေါင်းက ပြောသွားသည်ကိုလည်း ကျွန်တော် မသိဟန်ဆောင်နေလိုက်ချေ၏။ ပြုံးမိသေးတော့၏။

"ဆရာလေးတို့ကို ကျွန်တော် အကြောင်းစုံပြောပြီးပြီပဲ ကူညီကြပါဗျာ..တကယ်တော့ ကျွန်တော် မကောင်းတာပါ၊ မိုးကံ က မရှိမဖြစ်ဗျ၊ ဖိုးကံပျောက်ပျောက်ခြင်းကတည်းက လိုက်ရှာရမှာ၊ စုံစမ်းရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီသူကြီး၊ ထားလိုက်ပါတော့・・ ကျွန်တော်တို့ ဖိုးကံဘယ်လိုဖြစ်တယ် အများသိရအောင် စုံစမ်းပေးမှာပါ။ ပြီးတော့ အဲဒီမြွေကြီးကို သုတ်သင်ပေးမယ်"

"ကဲကဲ ဆရာလေးတို့ နားကြချေဗျာ・・ အိမ်ခြံနောက်ဘက် သွားလိုက်တာနဲ့ ချောင်းပေပဲဗျ၊ ရေချိုးဆင်းလျှင်ဖြင့်လည်း ဆင်းကြချေ၊ ညနေစာကိုတော့ အကောင်းဆုံး လုပ်ထားပေးပါ့မယ်၊ ပြီးတော့ ညအိပ်ညနေအတွက်လည်း ကျုပ်အိမ်ဦးခန်းမယ်စီစဉ်ထားပါ့မယ်"

သို့သူကြီးက အားကိုးတကြီးပြောလာလေ၏။

ဟုတ်ပါပြီလို့ ကျွန်တော်က ပြောလိုက်ပေမင့်

"သူကြီးကို တစ်ခုတောင်းဆိုရမယ်" ဆိုလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် ကြည့်လိုက်မိချေ၏ ဘာများပြောမလို့ ပါလိမ့်"

"ပြောပါ ဆရာလေး ဘာများတောင်းဆိုချင်တာတုံး"

"စားဖို့အထွေအထူးမလိုဘူး၊ ပြီးတော့ ညကျ ကျွန်တော်တို့ သူကြီးအိမ်မှာ မအိပ်ဘူး"

"ဗျာ"

"ဟင်"

သူကြီးပင်မဟုတ်・・・ကျွန်တော်ပင် အံ့သြမိပေတော့၏။ သည်ရွာတွင် ကျွန်တော်တို့အသိဆိုလို့ သူကြီးသာလျှင်ရှိသည် မဟုတ်လား၊ သို့ကြောင့် ညနေပိုင်းထိုရွာတွင်းမှ ထွက်ကြမည်သွား လည်းမဟုတ်၊ သည်တော့ သူကြီးအိမ် မအိပ်၍ ဘယ်တွင် အိပ်ရပါမည်နည်း။

"ဟင်・・ဆရာလေးတို့ ကျုပ်အိမ် မအိပ်လို့ ဘယ်သွား

www.burmeseclassic.com



အိပ်ကြမှာတုံး၊ မဟုတ်တာဗျာ၊ ဇာမဏီသိရင် ကျုပ်ကို တာဝန်မကျေရကောင်းလားဆိုပြီး ပြောလာပါလိမ့်မယ်"

ဟိုဆိုတော့ လင်းမြင့်လှိုင်က သူကြီးကို ပြုံး၍ ကြည့်လိုက်ချေပြီး...

"လွတ်လွတ်လပ်လပ် သုသာန်မယ် သွားအိပ်ချင်တယ်"

"ဟာင်"

"ဗျာ"

လင်းမြင့်လှိုင် ဘယ်လို စိတ်ကူးပေါက်သွားသည် မသိပါချေ။

"ဆရာလေးရယ်... ကြုံကြုံဖန်ဖန် သုသာန်မယ် ဘယ်နား သွားအိပ်မလဲ"

"ဇရပ်ရှိတယ်လေ"

"မဟုတ်တာ ဆရာလေးရယ်... ဇရပ်မှာ ဘာလို့သွားအိပ်မှာတုံး"

သူကြီးက သို့မေးလေသည်တွင်

"ဖိုးကံတုန်းက ဘယ်လိုအိပ်လဲ" မေးလိုက်လေ၏။

"ဟာကွာ..ဖိုးကံက အရူးပဲ၊ ကျုပ်အဖေရဲ့ ဂူပေါ်မှာ အိပ်ချင်အိပ်တယ်၊ ဇရပ်ပေါ်က ကြမ်းခင်းမယ် သည်အတိုင်း အိပ်ချင်အိပ်တယ်"

သို့ သူကြီးက ပြောလေသည်တွင်

"ဖိုးကံလို အရူးတောင် သူတယ်လိုအိပ်ရမယ် စဉ်းစားရသေးတာ၊ ကျွန်တော်တို့က ဘာလို့ တစ်ညတာ အိပ်စရာ ပူစရာလိုမှာတုံး"

သို့ပြောလိုက်သည့် လင်းမြင့်လှိုင်ကို သူကြီးက လူထူး

www.burmeseclassic.com

www.burmeseclassic.com



လူဆန်းတစ်ယောက်လို ကြည့်နေချေသလို လင်းမြင့်လှိုင်သည်လည်း နှုတ်ဆွံ့အနေသည့် ကျွန်တော့်အား ပြုံး၍ ကြည့်လာချေ၏။

"ကျွန်တော်သဘောပေါက်လိုက်ချေပြီဖြစ်၏။" လင်းမြင့်လှိုင်တွင် မည်သည့် အကြံအစည်ရှိသည်ကို ရိပ်မိလိုက်ပြီ ဖြစ်သည်ကြောင့်

"ဟုတ်ပါတယ် သူကြီး၊ ကျွန်တော်တို့တွက် ဘာမှ မပူပါနဲ့ဗျာ၊ တောတောင်ထဲမှာလည်း ဖြစ်သလို နေလာကြတဲ့သူတွေပဲဗျာ"

သို့ ပြောလိုက်တော့၏။

"နို့ဖြင့်လည်း အိပ်ရာလောက်တော့ စီစဉ်ပေးရမှာပေါ့"

သူကြီးက သို့သာပြောသည်။ မျက်နှာပျက်နေချေတော့၏။ ဘယ့်တွက်မူကျွန်တော်တို့ အိပ်ရာကို သူကြီးအိမ်မှ စီစဉ်ပေးရမည်ဖြစ်သောကြောင့် အခက်တွေ့နေပုံပင်၊ သို့ကြောင့်

"ဘာမှ မလိုဘူးသူကြီး‥ကျွန်တော်တို့ကိုသာ ညွှန်ကြားစာရင်းမှာ အသိအမှတ်ပြုထားရင် ရပြီ"

လို့ လင်းမြင့်လှိုင်က ပြောလိုက် လေတော့၏။

သို့ဆိုသလိုပင် ညနေပိုင်းတွင် ကျွန်တော်တို့သည် ချောင်းတွင်းဆင်း၍ ရေချိုးသန့်စင်လိုက်ကြ၏။

ပြီး သူကြီးတည်ခင်းသည့် ထမင်းစားပွဲတွင် လင်းမြင့်လှိုင်က သူ၏ဝိစကီပုလင်းပြားလေးကို အပိုဆောင်း၍ ညစာစားလိုက်ကြ၏။

ကျွန်တော်တို့ သူကြီးအိမ်တွင် ရှိစဉ်၊ ရွာကလသားခေါင်း မောင်ဝင်း တစ်ယောက် စောင်ပေ စောင်ပေဖြင့် ရစ်သီ ရစ်သီလုပ် ပြန်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"နို့ မေးရဦးမယ်သူကြီး‥ မှတ်မိလားတော့ မသိဘူး၊ ဟိုး လွန်ခဲ့တဲ့ တစ်နှစ်လောက်က သည်သစ်ပင်ကြီးစခန်းအောက်ရောက် လာတဲ့ ပေပင်ကုန်းရွာသားဖိုးရှမ်းရယ်၊ သူ့သမီးရယ်၊ ပြီးတော့ ငပူတင်း ဆိုတဲ့သူရယ်ကို မှတ်မိသေးလား"

"ဟာ‥ သိတာပေါ့ကွာ‥ ကျုပ်ရွာကို လာနေကျပဲ၊ ဖိုးရှမ်းက ငါ့မိတ်ဆွေပဲကွ"

"အဲ့ဒီတုန်းကလည်း ငပူတင်းဆိုတာ မြွေကြီးမျိုခံလိုက် ရတယ် ပြောတာပဲ"

"သူကြီးက သူတို့ကို သိတယ်ဆိုတော့ အဲဒီငပူတင်းနဲ့ ဖိုးရှမ်း ဘယ်လိုပတ်သက်တာလဲ"

"အင်း ဖိုးရှမ်းက ငါ့ကိုတော့ ငပူတင်းက မြို့က သူ့သွေး လို့ ပြောတာပဲ"

"ဟုတ်ပြီ"

"အဲဒီတုန်းက ကိစ္စက သည်လိုနဲ့ ပြီးသွားတာပဲလား"

"အေးလေကွာ‥ တစ်နှစ်တောင်မကကြာခဲ့ပြီပဲ၊ ငပူတင်း ကလဲ မြို့ပြကဆိုတော့ ဘယ်မှာနေမှန်း ဘယ်သူမှ မသိကြဘူး၊ အဲဒီ ကစပြီး သစ်ပုပ်ပင်ကြီးဘက် ဘယ်သူမှ မသွားကြဘူး၊ အဲ‥ တစ်လောက ဖိုးကံ အဲဒီဘက် သွားသွားနေတာကနေ သူပါ မြွေကြီး အမျိုခံလိုက်ရပြီ ထင်ပါရဲ့"

"ဟုတ်ပြီလေ၊ ကဲ သူကြီး၊ ကျွန်တော်တို့ ခဏနားပြီး သူသာနကိုသွားကြတော့မယ်"

"နို့ဖြင့် လိုက်ပို့တာပေါ့"

"မလိုပါဘူး သူကြီး‥ ‥ကျွန်တော်တို့ နှစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



သွားမှာပါ"

"အေးလေကွာ . . နို့ဖြင့် ဆရာလေးတို့ ညရေးညတာ လိုအပ်တာရှိရင်ပြောလေ . . စီစဉ်ပေးမယ်"

သို့ဆိုတော့ လင်းမြင့်လှိုင်က ခေါင်းခါလိုက်မည် အပြုတွင်

"တစ်ခုတော့ လိုတယ်သူကြီး" လို့ ပြောလိုက်သည့် ကျွန်တော့်အား လင်းမြင့်လှိုင်က နားမလည်နိုင်စွာ ကြည့်လာချေပြီး

"ကိုပိုက် ဘာများတုံး၊ ဘာမှတော့ လိုအပ်မယ် မထင်ဘူး"

လို့ လင်းမြင့်လှိုင်က ပြောလေ၏။

သည်တွင် ကျွန်တော်က

"သည်နားမယ် ကုန်စုံဆိုင်ရှိလျှင်ဖြင့် နေကြာစေ့လေးတွေ ဝယ်သွားချင်တယ်"

သို့ဆိုတော့ လူကြီးက ကျွန်တော့်အား အံ့သြတကြီး ကြည့်လာချေပြီး ပြုံးပြလာကာ

"ဟင်း . . ဟင်း . . ဆရာလေးက အပျင်းပြေဝါးဖို့ထင်တယ်၊ ကုန်စုံဆိုင်တော့ ရှိပါ့ . . နို့ပေမင့် ရှာဖျားမယ်၊ နို့ဆိုတော့ နေဦး"

ဆိုလျက် သူ၏ဇနီးသို့ ကြည့်လိုက်ချေပြီး

"မင်း . . . အားတယ် မဟုတ်လား"

မေးလေသဖြင့်

"ဟာ . . သူကြီးက မဟုတ်တာ . . နေနေ . . . အစ်မကြီး ကျွန်တော်တို့က ထွက်လက်စနဲ့ တစ်လက်စတည်း ဝင်ဝယ်သွားမှာ ပေါ့၊ ကုန်စုံဆိုင်ဘယ်မှာရှိတယ် သိချင်တာလေးပါပဲ"

သို့ဆိုပေမင့်

"ဟယ် . . နင်တို့က မဟုတ်တာ . . ဒေါ်ညည်းပဲ၊ နေနေ

www.burmeseclassic.com

www.burmeseclassic.com



ငါသွားမယ်"

သို့ဆိုလျက် သူကြီးကတော်သည် အိမ်အပြင်သို့ သွက်လက်သော ခြေလှမ်းများဖြင့် ထွက်သွားလေတော့၏။

"အားနာစရာကြီး..သူကြီးရယ်" သို့ပြောလိုက်ပေမြား သူကြီးကတော်တစ်ယောက် ခြံပြင်သို့ ရောက်သွားချေတော့၏။ သို့ကြည့်ရလေခြင်းအားဖြင့် သူကြီးနှင့် သူကြီးကတော်တို့သည် ဟန်ဆောင်တတ်သူမဟုတ်ဆိုသည်ကို သိလိုက်ရပေ၏။ အမှန်အတိုင်း ဟန်ဆောင်ပြောဆိုနေကြခြင်းသာဖြစ်၏။ ယခုလိုနှယ် မဟုတ်ပါချေ။

သို့မှ အတန်ကြာတွင် သူကြီးကတော် ရောက်လာ၏။

"သည်မှာနေကြာစေ့" ဆိုလျက် ကျွန်တော့်ကို ပေးလာ၏။

"ဘယ်လိုတုံး..အပျင်းပြေ ဝါးဖို့လား"

သူကြီးက မေးသဖြင့်

"ဟင်း..ဟင်း.. မဟုတ်ပါဘူး.. မြည်းဖို့ပါ"

"ဟင်"

"ဘယ်လို"

နေကြာစေ့ကို အမြည်းလုပ်မည်ဆိုတော့ သူကြီးအံ့သြသွားပုံရချေပြီဖြစ်တော့၏။

"ဆရာလေးတို့မယ် အမြည်းအတွက် မခက်ပါဘူး။ သည်မယ် ဟင်းတွေပိုတာပဲ၊ ထည့်သွားချေ"

သို့ဆိုတော့ ကျွန်တော်က ပြုံးလိုက်ချေပြီး

"ဟင်း.. မင်း သုသာန်မယ် အမြည်းလုပ်သင့်တာ၊ နေကြာစေ့ပဲသူကြီးရဲ့"

"ဘာလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော်က မေးလေ၏။

"အသားတွေ ငါးတွေချက်ပြုတ်ပြီးတာတွေ ဆိုတော့ ဘယ်လိုလုပ်ကောင်းပါ့မလဲ . . ရှင်းရှင်းပြောရရင် မြို့လို့လဲ မကျနိုင်ဘူးလေ၊ နေကြာစေ့ဆိုတာအခြောက် . . . . နို့ဆိုတော့ သဘောပေါက်ပါလိမ့်မယ်ဗျာ"

"အော် . . အေး . . အေး . . ငါသဘောပေါက်ပြီ . . . . တစ်ခုတော့ရှိတယ်ကွ၊ ဖိုးကံကတော့ အဲဒီဇရပ်မှာပဲ စားသောက်နေတာပဲကွာ . . . သူ့မို့ မရှုံ့မရှာ"

သို့ သူကြီးက ပြောသည့်တွင်

"ရှင်ကလည်းတော် . . ဖိုးကံက လူကောင်းမှ မဟုတ်တာ၊ ဘယ်လိုလုပ် ဆရာလေးတို့နဲ့ နှိုင်းယှဉ်ရတာတုံး . . အားနာစရာ"

သို့ သူကြီးကတော်က အားတုံ့အားနာစွာဖြင့် ဝင်ပြောသည်ကို ပြုံးမိလေတော့၏။

"ကဲ . . သူကြီး ကျွန်တော်တို့သွားမယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် သူကြီးအိမ်အတွင်းမှ ထွက်ခဲ့ကြ၏။

ရွာလယ်လမ်းတွင်မတော့ ကာလသားခေါင်းနှင့်တွေ့လေ၏။ ကျွန်တော်တို့အား အရိပ်တကြည့်ကြည့်ပါကလား။

"ဘယ်သွားကြမှာတုံး" မေးလေသဖြင့်

"သင်္ချိုင်း" ဟု ပြောလိုက်သည်တွင် ကျွန်တော်တို့က သူ့ကို နောက်ပြောသည်ဟု ထင်လေသည်ကြောင့်လားမသိ၊ မျက်စိမျက်နှာ ပျက်သွားလေပြီး

"ကျုပ်က အကောင်းမေးတာပါဗျာ" ဆိုလာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကလည်း အကောင်းပြောတာပါကွာ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင်

"အလိုလေးဗျာ ... တကယ်လား ဘာဂါဓိစွမ်းများဝဲ့" လို့ အံ့ဩတကြီး မေးလာလေ၏။

"လွတ်လွတ်လပ်လပ်နေချင်လို့"

သို့ ကျွန်တော်က ပြောလိုက်သဖြင့် လင်းမြင့်လှိုင်ကတော့မှု

"ဘယ်လိုလဲ ဆရာလေး ငါတို့နဲ့ လိုက်ခဲ့ပါလား.. ဟိုမယ် လွတ်လွတ်လပ်လပ် သောက်ကြတာပေါ့"

သို့ ပြောလေသည်တွင် သူ့အား သေးတိုးစပ် ကြလေပြီဟု ထင်လိုက်၍လားတော့မသိ မျက်နှာကြောတင်းမာသွားဂဟ

"အလိုလေးဗျာ ... ကျွန်တော် ကာလသားခေါင်းပါဗျ။ သုသာန်ဆိုတာကို ကြောက်စရာလို့ ထင်ကြတဲ့ လူတွေထဲမှာလည်း မပါဘူးနော်၊ ဟော ခင်ဗျားတို့က ဖိတ်တာ ကျေးဇူးတင်တယ်ဗျာ.. လိုက်ခဲ့မယ်"

သို့ ပြောလည်းပြော ကျွန်တော်တို့နှင့်လည်း လိုက်ပါလာချေ၏။ ကျွန်တော်က လင်းမြင့်လှိုင်တစ်ယောက် သူ့အား မလိုက်လေဘူး ထင်သဖြင့် သို့ခေါ်လိုက်သည်များလား၊ တကယ်တမ်း သူလိုက်ခဲ့မည် ဆိုတော့လင်းမြင့်လှိုင်တစ်ယောက် သူပြောမိတာကို မှားလေခြင်းဟု တွက်လိုက်ပေရော့မည်ဟု ထင်သဖြင့် လင်းမြင့်လှိုင်အား အဓိပ္ပါယ်ပါပါ ကြည့်လိုက်ချေ၏။

ကျွန်တော့်အတွင်းစိတ်ကို သိနေဟန်တူသော လင်းမြင့်လှိုင်က

"ကျွန်တော်သူ့ကို လိုက်စေချင်တာဗျ" သို့ တိုးညင်းစွာ နှစ်ကိုယ်ကြား ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကြုံလေသည်ကား လမိုက်ညဖြစ်နေခြင်းပင်⋯၊ သို့ကြောင့် "ဟိုမယ် လိုရမယ်ရ၊ ဖယောင်းတိုင်တော့ ဝယ်သွားချေမှ" ကာလသားခေါင်းက သို့ပြောပြီး

"ခဏဗျာ" ဆိုလျက် အိမ်တစ်အိမ်အတွင်း ပြေးဝင်သွားတော့၏။

"သူ့အိမ်လား"

ကျွန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။

"ဘယ်သိပါ့မလဲ၊ ကျွန်တော်တို့ တူတူထွက်လာကြတာ၊ သူ့ကို သူကြီးအိမ်မှာမှ တွေ့ဖူးတာလေ" ဟု ပြောသဖြင့် အားနာမိလေတော့၏။

"ဟဲ့ မောင်ဝင်း ဘယ်တုံး"

ထိုအိမ်ခြံဝင်းမှ ကာလသားခေါင်းပြန်ထွက်လာသည်တွင် လမ်းသွားမိန်းမကြီးတစ်ယောက်က သို့မေးသလို လမ်းတွင်ရှိ လူကြီးလူငယ်များက သူ့အားမေးကြလေ၏။ မောင်ဝင်းတစ်ယောက်

"ငါ သည်ဆရာတွေနဲ့ သုသာန်မှာ ညသွားအိပ်မှာကွ" ရယ်လို့ တက်တက်ကြွကြွပြောလို့နေချေတော့၏။

သူ့အနေဖြင့် ဂုဏ်ယူဝံ့ကြွားနေခြင်း ဖြစ်ချိမ့်မည်။

သို့မှ ကျွန်တော်တို့ သုသာန်ဆီ ရောက်လာကြသည်တွင် မှောင်စပျိုးနေလေပြီ ဖြစ်တော့၏။

"ဆရာလေးတို့ရယ် ဘာလို့များ သည်သုသာန်ထဲ လာချင်ကြရတာတုံး"

မောင်ဝင်းက မေးလေ၏။

"အကြောင်းရှိလို့ပေါ့ကွာ"

လင်းမြင့်လှိုင်က သို့ပြောလေသည်တွင် မောင်ဝင်းတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်သွားချေ၏။

"ဘာ··ဘာ အကြောင်းများလဲ" သို့ မေးလာပြန်၏။

"ဖိုးကံကို တွေ့ချင်လို့"

"ဟင် ·· ဘယ်လိုဖြစ်နိုင်မှာလဲ ဖိုးကံမရှိတော့ဘူးလေ၊ သစ်ပင်ကြီးစခန်းသွားနေရင်းကနေ ပျောက်သွားတာပဲ၊ သည်တော့ မြို့ပြက ငပူတင်းလို မြွေကြီးစားခံလိုက်ရတာဖြစ်မယ်" လို့ ပြောလာလေတော့၏။

"အေး ဖိုးကံ အဲ့ဒီမယ် မရှိမှန်းသိတယ်၊ နို့ပေမင့် ငါကတော့ သူ့ကို တွေ့နိုင်လိမ့်မယ်ထင်တာပဲ"

သို့ လင်းမြင့်လှိုင်ပြောသည်ကို သူပင်မဟုတ်·· ။ ကျွန်တော်သည်ပင် နားမလည်နိုင်အောင်ဖြစ်ရချေတော့၏။

သို့ဆိုတော့ မောင်ဝင်းသည်လည်း မည်သည့် စကားမျှ ပြောကာ မေးလာခြင်းမရှိပါတော့ချေ။

သို့မှ ကျွန်တော်တို့သည် သုသာန် ဇရပ်နားသို့ ရောက်လာကြ၏။

"ဟင်·· ဇရပ်ပေါ်မှာ လူတစ်ယောက်များလား"

ကျွန်တော်က လင်းမြင့်လှိုင်ကို ဇရပ်ထဲ မေးငေါ့ပြလိုက်၏။ မှောင်စပျိုးနေလေခြင်းကြောင့် သဲသဲကွဲကွဲ မမြင်ရပါချေ။ ပြီးတော့ ကျွန်တော်သည်လည်း မျက်မှန်သမားဖြစ်ခြင်းကြောင့် ဝေဝါးနေလေခြင်းကြောင့် သို့ လင်းမြင့်လှိုင်၏ အတည်ပြုချက်ကို မေးလိုက်ရလေခြင်းဖြစ်၏။

"ဟာ··ဖိုးကံများလား"

သို့ပြောလာသူသည် မောင်ဝင်းဖြစ်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး ဖိုးကံဆိုတာတော့ ငါတို့ မမြင်ဖူးဘူး၊ လူတစ်ယောက် ဆိုတာကတော့ သေချာတယ်၊ အနားရောက်လျှင်သိရမပေါ့"

သို့ လင်းမြင့်လှိုင်က ပြောလည်းပြော ဇရပ်နားသို့ ရောက်လို ဓာဖြင့် ခပ်ဂ ့ က်သွက် လှမ်းသွားလေတော့၏။

"ဟာ• ပြေးပြီ••ပြေးပြီ"

ကျွန်တော်တို့ အနားရောက်လာသည်တွင် ဘိုဇရပ်ပေါ်မှ လူသည် ကျွန်တော်တို့လာနေသည်ကို သိသဖြင့် သို့ဆိုသလို ဇရပ်ပေါ်မှ ခုန်ဆင်းပြေးသွားချေတော့၏။

"မင်း•သူ့ကို မြင်လိုက်လား••၊ သေသေချာချာပေါ့"

လင်းမြင့်လှိုင်က မောင်ဝင်းကိုမေးလိုက်၏။

"မြင်လိုက်တယ်ဆိုပေမင့် ဘယ်သူ ဘယ်ဝါတော့ဖြင့် ကွဲကွဲ ပြားပြား မသိလိုက်ဘူးဗျ" ပြောလေသဖြင့် လင်းမြင့်လှိုင်က

"ဟုတ်ပါပြီ•••ဒါကိုလက်ခံပါတယ်၊ ဟိုကွာ•• ဆိုပါဦး• ပိန်တာ၊ ဝတာနဲ့ ရှည်တာ ပုတာကိုတော့ ခွဲခြားပြီး ပြောနိုင်မှာပေါ့"

"နို့တော့ ပြောနိုင်တာပေါ့ဗျာ"

"ဟုတ်ပြီ• ပြေးသွားတဲ့လူက ပိန်လား ဝလား၊ အရပ်ရှည် လား၊ ပုလား"

"ပြေးသွားတဲ့သူက အရပ်ရှည်တယ်၊ ခပ်ဝဝဖိုင့်ဖိုင့်တော့ ဖြစ်တယ်ဆို ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ နို့မေးမယ်ကွာ••၊ ဖိုးကံကကော ပိန်လား ဝလား၊ အရပ်ရှည်လား၊ ပုလား"

"ဟာ သည်လူက ဖိုးကံတော့ မဖြစ်နိုင်ဘူး"

"ဘာလို့ တပ်အပ်ပြောနိုင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးကံက ပိန်ပိန်သေးသေးလေးပေပဲဗျ"

"ဟုတ်ပါပြီ - - သည်လောက်ဆို ရပြီ"

သို့မှ ကျွန်တော်တို့သည် သုသာန်ဇရပ်ပေါ်သို့ တက်လိုက်ကြချေတော့၏။

မောင်ဝင်းက သူ့တွင်ရှိ ဖယောင်းတိုင်မှ သုံးလေးငါးတိုင်ကို ထုတ်၍ မီးထွန်းလိုက်၏။ လက်ရန်းတန်းများတွင် စိုက်ထွန်းထားလိုက်ခြင်းဖြစ်၏။

သို့ဆိုတော့ ဇရပ်တွင် အလင်းရလာချေ၏။ သို့ပေမင့်

ပုပ်အက်အက် အနံ့တစ်ခုကြောင့် ကျွန်တော် စိတ်ညစ်သွား၏။

"ကိုလင်းရယ် သည်ဇရပ်မှာ ဘယ်လိုလုပ် ဖိုးကံတစ်ယောက်တည်း နေ့တိုင်း အိပ်ရတာပါလိမ့်"

"အရူးဆိုတော့ သူ့မယ် ကြောက်စိတ် ဘယ်ရှိပါ့မလဲဗျ"

ကာလသားမောင်ဝင်းက ပြောလာလေ၏။

"ကျွန်တော်ပြောတာ ကြောက်တတ်တဲ့ သဘောမဟုတ်ပေဘူးဗျ။ သည်လို အနံ့အသက် စူးစူးဝါးဝါးနဲ့ ပတ်သက်လို့ပြောတာလေ၊

"အင်း နို့တော့ ဟုတ်တာပေါ့ - - အနံ့အသက်မကောင်းဘူး၊ ဘာဖြစ်လို့များပါလိမ့်"

မောင်ဝင်းက သို့ပြောပြီး ဇရပ်အပြင်ဘက်တွင်း မှောင်ရိပ်တွင်းမှပင် ရေးရေးမျှ မြင်လိုက်သော မြေပုံတို့ကို ကြည့်ပြီး ပြောလေခြင်းကြောင့်

"မောင်ဝင်းရယ် သည်အနံ့ဆိုးက အပြင်ကလာတာ မဟုတ်ဘူး၊ သည်စင်လေးကလာတာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သို့ပြောပြီး မောင်ဝင်းထိုင်နေသည့် နံဘေးရှိ တစ်မိုက်လောက်အမြင့်ရှိသော အလောင်းတင်စင် (ဘုန်းကြီးမှ သရဏဂုဏ် တင်ပေးရန် ထားရှိသော အလောင်းတင်စင်ဖြစ်၏) ကို မေးငေါ့ပြလိုက်သည်တွင် မောင်ဝင်းတစ်ယောက် ကြောက်သွားပုံ တွေ့လိုက်ရ၏။

"ဟင်း..ဟင်း မကြောက်ပါနဲ့ကွာ၊ ငါတို့ သည်မယ်တစ်ညလုံး နေမှာမဟုတ်ပါဘူး"

သို့လင်းမြင့်လှိုင်က ပြောလေသဖြင့် ကျွန်တော် အံ့ဩမိသေး တော့၏။ လင်းမြင့်လှိုင်က လုပ်လိုက်ပြန်လေပြီ

"နို့ဖြင့် သည်မယ် အိပ်မယ်ဆိုဗျ၊ ကိုလင်းပဲ သူကြီးကို ပြောလာတာပဲ၊ နို့ဖြင့် ဘယ်ပြန်အိပ်မလဲ၊ သူကြီးကလည်း ကျွန်တော်တို့ သုသာန်မယ် တစ်ညအိပ်မယ်တွက်လိုက်ပြီး ခု လောက်ဆို တစ်ရေးတစ်မော အိပ်နေလောက်ပြီဗျ၊ ဘယ်လို သွားကြမလဲ"

သို့ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးလာချေပြီး

"တကယ်တော့ အိပ်မလို့ပါပဲ၊ နို့ပေမင့်"

လင်းမြင့်လှိုင်စကားမဆုံးမီ၊ကျွန်တော်က

"သည်ရန့်ဆိုးကြောင့် ၊ ညမအိပ်တော့ဘူးလို့ ဆုံးဖြတ်လိုက် ပြီပေါ့" စကားဖြတ်ပြောလိုက်၏။

သည်တွင် လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်ချေပြီး

"မဟုတ်ဘူး၊ သည်ရန့်က ဘာဖြစ်လဲ၊ သည်လိုနေရာမှာ သည်လို အနံ့အသက် ရှိတယ်ဆိုတာ သိပြီးသားပဲဗျ၊ ခုတော့

www.burmeseclassic.com

www.burmeseclassic.com



သည်ဟာလေးကြောင့် ကျွန်တော်တို့ သည်မှာ ညမအိပ်တော့ဘူး တွက်လိုက်ပြီး ပြောလိုက်တာပါ"

လင်းမြင့်လှိုင်က ပြောလည်းပြော ကျွန်တော့်ကိုလည်း တစ်စုံတစ်ရာလှမ်းပေးလေသဖြင့် ကျွန်တော် လှမ်းယူကြည့်လိုက်ချေ၏။

ဘုရားရေ့ ဘယ်လိုဖြစ်ရတာပါလိမ့်၊ စီးကရက်ဘူးတွင်းပါ ကဘက်ငွေရောင်စက္ကူရွက်လေးဖြစ်၏။

"ဘာလဲ"

ကျွန်တော် ခေါက်လျက် အနေအထားရှိထိုစာရွက်ကို ဖြန့်ဖတ်လိုက်၏။

"အလိုလေးဗျာ မညီမညာဖြင့် ရေးထားသည့် စာသုံးကြောင်း ပါကလား

"ဖိုးကံ မင်းဆီကို ငါ ဝါးလုံး ပို့လိုက်တယ်၊ ငါတော့ လမိုက်ည ရောက်မယ်၊ ဝါးလုံးထမ်းပြီး မင်းလာခဲ့ချေ။

"ပီအက်စ်"

ကျွန်တော် ထိုစာလုံးများကိုဖတ်ပြီး လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်လိုက်၏။

လင်းမြင့်လှိုင်က ပြုံး၍ ကြည့်နေချေသဖြင့်

"ဘယ်ကစာလဲ၊ ပီအက်စ်ဆိုတာ ဘယ်သူလဲ ဖိုးကံက အရှုးဆို"

သို့ ကျွန်တော်က မေးလိုက်၏။

လင်းမြင့်လှိုင်က ကျွန်တော်မေးသည်ကို မပြောသေးဘဲ ကာလသားခေါင်းမောင်ဝင်းကို စေ့စေ့ကြည့်လိုက်ချေပြီး

"မင်း ဖိုးကံနဲ့ ရင်းရင်းနှီးနှီးရှိလား"

www.burmeseclassic.com

www.burmeseclassic.com



" သို့ လင်းမြင့်လှိုင်က မေးလေသည့်တွင် မောင်ဝင်းတစ်ယောက် မျက်စိမျက်နှာပျက်သွားချေတော့၏။

"ပြောလေကွာ"

လင်းမြင့်လှိုင်က ထပ်မေးလိုက်ပြန်၏။

ရင်းရင်းနှီးနှီးလို့ပဲ ပြောရမှာပေါ့ ကျွန်တော်တို့ သုသာန်ထဲလာကြတိုင်း သူ့ကို ဘာလေးဝယ်ပေးပါ၊ ညာလေးဝယ်ပေးပါဆိုပြီး မုန့်ဖိုးပိုက်ဆံပေးတတ်တယ်၊ ကျွန်တော်နဲ့မှ မဟုတ်ပါဘူး၊ တစ်ရွာလုံးနဲ့ ရင်းနှီးခင်မင်ကြတာပါ၊ သူ့ကို အရူးတစ်ယောက်လို မမြင်ကြပါဘူး၊ ကျပ်မပြည့်သူလို့ပဲ သတ်မှတ်ထားကြတာလေဗျာ"

"ဟုတ်ပါပြီ ငါသိချင်တာ ဖိုးကံက ကျပ်မပြည့်ဘူးပေါ့. . . တကယ်လား"

"အင်း ဟုတ်ပါတယ်၊ အရူးလို့ပဲ' သတ်မှတ်ထားကြတာ"

"နို့ပြောပါဦး သူစာတတ်လား"

"ဈေးထုတ်တဲ့ သတင်းစာတို့ ဂျာနယ်ဘိုကိုတော့ သူပုံတွေကြည့်ပြီး တစိမ့်စိမ့် ရယ်နေတတ်တာတော့တွေ့ဖူးတယ်၊ "ဖိုးကံမင်း. . . စာဖတ်တတ်လားဆိုတော့"

"ဖတ်လဲဖတ်တတ်တယ်၊ ဖတ်လဲမဖတ်တတ်ဘူး" အဲလိုပဲပြောတယ်၊ ဘယ်သူမေးမေး အဲလိုပဲဖြေတယ်"

"နို့မင်းတို့က သူ့ကို ဘယ်လိုမြင်လဲ ၊ စာတတ် ပေတတ်တစ်ယောက်လို့ မထင်ဘူးလား"

ကျွန်တော်က ကြားဝင်မေးလိုက်၏။

"စာမတတ်ဘူးလို့ ထင်တယ်၊ သူ သတင်းစာတွေကိုကြည့်တဲ့အခါ တည့်တည့်ကြည့်တာ မတွေ့ဘူး၊ ဇောက်ထိုးပဲ ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တယ်"

"ဟင်း‥ ‥ဟင်း‥ ‥ဟင်း‥‥ ဟင်း‥‥ ကျွန်တော် အတပ်ပြောလို့ရတယ်‥‥ ဖိုးကံ စာတတ်တယ်"

မောင်ဝင်းစကားဆုံးသည်နှင့် လင်းမြင့်လှိုင်က ရယ်သွမ်းသွေးပြီး သို့ပြောလာတော့၏။

"ဘုရားရေ‥ ဖိုးကံကို မမြင်ဖူးပေဘဲနှင့် ဘယ်လိုကြောင့် လင်းမြင့်လှိုင် စာတတ်တစ်ယောက်ဟု ပြောရတာပါလိမ့်"

"ကိုလင်း ဘယ်လိုပြောနိုင်တာတုံး"

သို့ ကျွန်တော်က မေးလိုက်၏။

သည်တွင် လင်းမြင့်လှိုင်က

"သူပြောတဲ့ စကားတစ်ခွန်းကြောင့် အတပ်ပြောလိုက်ရတာပဲ"

"ဗျာ"

သို့ဆိုတော့ ကာလသားခေါင်းမောင်ဝင်း လင်းမြင့်လှိုင်ကို နားမလည်နိုင်စွာဖြင့် ကြည့်လာချေတော့၏။

"ရှင်းအောင်ပြောပါလား‥‥ကိုလင်း"

ကျွန်တော်က ပြောလိုက်၏။

"သူပြောတာက ဖိုးကံက သတင်းစာစက္ကူ အပိုင်းအစကို ကိုင်ကြည့်ရင် အမြဲတမ်း ဇောက်ထိုးကြည့်တတ်တယ်ဆိုကတည်းက ဒါ တမင်လုပ်တာဗျ၊ ကိုပိုက်သိပါတယ်၊ ရုပ်ရှင်တွေထဲမှာ အမြဲပါတတ်တယ်လေ၊ စာမတတ်သူက သတင်းစာတို့ စာစောင်တို့ တစ်ခုခုကိုပေါ့ဗျာ၊ ကြည့်ရင် တတ်ချင်ဟန်ဆောင်ပေမင့် ဘာကယ် တမ်းကျတော့ အမြီးမှန်းခေါင်းမှန်းမသိဆိုသလို ဇောက်ထိုးကိုင်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လေ့ ကြည့်ထရှိတာကို ဖော်ညွှန်းတာလေ၊ နို့ဆိုတော့ ဖိုးကံကလည်း သူ့ကိုစာမတတ်ဘူးလို့ထင်အောင် အဲလိုလုပ်ကြည့်တတ်တာကိုး၊ နို့ကြောင့် ဖိုးကံစာဖတ်တတ်တယ်ဆိုတာ ကျွန်တော်ပြောရဲတာပေါ့၊ ပြီးတော့ သည်စာထဲမှာ ဖိုးကံဆိုတာ စာတတ်လို့ပဲ ဖြစ်မပေါ့"

"ဟင်. . နို့ဆိုတော့"

ကာလသားခေါင်းမောင်ဝင်းက ပို၍ ရှုပ်ထွေးသွားဟန်ဖြင့် လင်းမြင့်လှိုင်ကို ကြည့်နေလေပြီး

"ဖိုးကံသေပြီလေ"

"မင်းဘယ်လိုလုပ် ပြောနိုင်လဲ"

"တစ်ရွာလုံးက သိထားတယ်လေ၊ မြွေကြီးမြိုသွားလို့လေ"

"မင်းပဲဖြစ်ဖြစ် ရွာသူရွာသား ဘယ်သူပဲဖြစ်ဖြစ် မျက်စိနဲ့ တပ်အပ်မြင်လိုက်ကြရလို့လား"

"သို့ လင်းမြင့်လှိုင်က မေးလေသည်တွင်မတော့ မောင်ဝင်း တစ်ယောက် ဆွံ့အသွားရရှာလေတော့သည်။

"နို့ဖြင့်ကိုလင်း "ပီအက်စ်" ဆိုတာ ဘယ်သူဖြစ်နိုင်လဲ၊ ပြီးတော့ ဝါးလုံးပို့လိုက်တယ်ဆိုတာကကော"

"အဲဒါတွေကိုလည်း ကျွန်တော်ခုမပြောနိုင်သေးဘူး၊ နောက် နာရီဝက်နေလို့ ကြာလျှင်ဖြင့် ပြောပြနိုင်မယ် ထင်တာပဲ"

"သည်တော့"

"သည်မယ် မောင်ဝင်း၊ မင်း အမှောင်ကြောက်လား"

"ရွာထဲဆိုလျှင်ဖြင့် ဘယ်ကြောက်ပါ့မလဲ၊ အင်း သည်မှာဆို တော့. .ဟို. .ဟို"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ကြောက်စရာမလိုဘူး၊ သည်မီးတိုင်တွေကို ချက်ချင်း ငြိမ်းလိုက်ကွာ..ဟုတ်လား"

"ဟင်. ဘာလို့လဲ"

"ကိုပိုက် မေးတဲ့ စာစာက မေးခွန်းဖြေဖို့အတွက် ကျွန်တော် အဲ့လိုလုပ်လိုက်ရတာ"

"မရှင်းဘူး" လို့ ကျွန်တော်ပြောလိုက်သလို ကာလသား ခေါင်း မောင်ဝင်းသည်လည်း ကျွန်တော့်အား စေ့စေ့ကြည့်နေချေ တော့၏။ သူ၏သဘောက လင်းမြင့်လှိုင် ပြောသလို ဖယောင်းတိုင် မီးများ မှုတ်စရာလိုလားဟု သိချင်ပုံပင်

သို့ကြောင့်

"ဟုတ်ပြီလေ..မောင်ဝင်း မှုတ်လိုက်ပါကွာ"

သို့ဆိုတော့ ကာလသားခေါင်းသည် သူထွန်းညှိထားသည့် ဖယောင်းတိုင်မီးကို မှုတ်လိုက်ချေတော့၏။

မှောင်အတိဖြစ်သွားချေ၏။ တစ်ယောက်နှင့်တစ်ယောက် သုံးပေခြား ကွာထိုင်နေကြခြင်းကြောင့် တစ်ယောက်ကို တစ်ယောက် တော့ဖြင့် မြင်နေရသေး၏။ သည့်ထက် အဝေးကိုမူ မတွေ့ရပါချေ။ သုသာန်ဝင်းတစ်ခုလုံး မှောင်လို့ရှိချေ၏။

"အု..အု..အူ..ဝူ..ဝူ"

"ဘုရားရေ"

တိုက်တိုက်ဆိုင်ဆိုင် မီးများအငြိမ်း၊ မကြာလိုက်သောအချိန် ကလေးတွင် သုသာန်ဝမှ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင်အူသံကို ကြားလိုက်ကြသဖြင့် ကျွန်တော်ပင် ကြက်သီးမွေးညင်းများ ထသွားမိ လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကာလသားခေါင်းမောင်ဝင်းတစ်ယောက် ကျွန်တော်တို့နှစ်ယောက်နှင့် နီးရာသို့ ရွေ့လာနေခြင်းကို ရေးရေးမျှ မြင်လိုက်ရ၏။

လင်းမြင့်လှိုင်တစ်ယောက်ငြိမ်သက်လို့ နေ့ချေ၏။

"အူး••အူ•• အူ••ဝူး••ဝူ"

သို့ ခွေအူသံကြား••• ပုပ်အဲ့အဲ့အနံ့ကလည်း နှာခေါင်းတွင်း တိုးဝင်လာပြန်သဖြင့် စိတ်ညစ်ရပြန်ချေ၏။

ကိုလင်း ဘာတွေလုပ်နေတာပါလိမ့်။

သို့မှ ဒုံးယောက်သား ဆိတ်ငြိမ်လို့ ရှိကြရာမှ -

"ကူး•••ကူ••ကူး"

"ကူ•• ကူ•• ကူး•• ကူး•••ကူး"

သုသာန်ဝင်းတစ်ဖက်ခြမ်းရှိ တောတန်းလေးတွင်းမှ ချိုးငှက်တစ်ကောင်၏ ကူသံကို ကြားလိုက်ရပြန်၏။

"အဲဒီ ချိုးကောင်ကိုလည်း အလွတ်မပေးဘူး"

လင်းမြင့်လှိုင်က သို့ပြောလေပြီး သူ၏ သေနတ်ဖြင့် ချိုးကို လှမ်းချိန်ပြောလာလေသဖြင့်

"ကိုလင်းရယ်•• အသံသာ ကြားရတာ မြင်ရတာလည်း မဟုတ်၊ ဘာလုပ်မှာလဲဗျာ"

လို့ ကျွန်တော်ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က

"ကိုပိုက် ကျွန်တော် တကယ်ဖမ်းမှာ"

"မဖြစ်နိုင်ဘူး" ကျွန်တော်က ပြောလိုက်၏။

"ချိုးကူသံက အဝေးကြီး••ပြီးတော့ မမြင်ရဘူး•••ဘယ်လို ဖမ်းမှာတုံး"

"လွယ်ပါတယ် အဲဒီလိုကောင်ကို သည်ရှေ့မှာ ရောက်လာ

www.burmeseclassic.com



အောင် လုပ်ပြမယ်"

"နားမလည်ပါဘူး"

သို့ ကျွန်တော်က ပြောလိုက်သည်နှင့် လင်းမြင့်လှိုင်သည် သူ၏ သေနတ်ကို ကြမ်းပြင်သို့ အသာချထားလိုက်ချေပြီး လက်နှစ်ဖက်ကို သူ့ဆုပ်ကိုင်၍

"တကျူကျူး . . ကျူး . . ကျူး . . ကျူး . . ကျူး"

သို့ဆိုသလို ချိုးကူသံလုပ်လိုက်လေတော့၏။

"ဘုရားရေ"

တကယ်ပဲတောတန်းလေးတွင်းမှ သို့ ကူသံ ပြန်ပေါ်ထွက်လာချေ၏။

ချိုး နှစ်ကောင် အချက်ပေးနေကြသည့်နှယ်ပင်

"တကျူကျူး . . ကျူး . . ကျူး . . ကျူး . . ကျူး"

အလိုလေးဗျာ . . လင်းမြင့်လှိုင်ပြောသလို တစ်ဖက်မှ ချိုးကောင်၏ အသံသည် တစ်စတစ်စ ကျွန်တော်တို့နှင့် နီးနီးလာပုံရချေ၏။

"ကိုပိုက် ကြည့်နေ၊ မျက်ခြေမပျက်ကြည့်နေ၊ ချိုးကောင် ရောက်လာလိမ့်မယ်"

သို့ဆိုတော့ ကျွန်တော်သည် အမှောင်ရိပ်ကိုဖောက်၍ ချိုးကူသံအရပ်သို့ မျှော်ကြည့်နေမိတော့သည်။

သို့မှ အသံတစတစ နီးကပ်လာသလို မည်းမည်း အရိပ် တစ်ခုကို တွေ့လိုက်ရချေတော့၏။

"ဟာ . . ကိုလင်း . ဒါ လူ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ညအမှောင်တွင်း ကျင့်သားမရလေခြင်းကြောင့် သို့ လင်းမြင့်လှိုင်ကို မေးလိုက်ခြင်းဖြစ်၏။

"အဲဒါကိုပဲ"

"ဗျာ"

"ဟင်"

သို့ လင်းမြင့်လှိုင်က ပြောလည်းပြော၊ ကျွန်တော့်ကိုလည်း တိတ်တဆိတ်နေရန် လက်ဟန်ခြေဟန်ဖြင့် ပြောလာလေ၏။

သို့မှ ထိုကျူသံသည် ကျွန်တော်တို့နှင့် သုသာန်နား အရောက်တွင် အသံပျောက်သွားပေ၏။

သို့ဖြား လူရိပ်တစ်ခုသည် ဇရပ်သို့ ရွေ့လာချေတော့၏။

သို့ရှိစဉ် လင်းမြင့်လှိုင်တစ်ယောက် ရုတ်ခြည်းရန်းထ လိုက်ကာ ထိုအရိပ်သဏ္ဍာန်ဆီသို့ ပြေးသွားချေတော့၏။

"ဟာ"

"ဟင်"

လျှပ်တစ်ပြက် လင်းမြင့်လှိုင်က လှုပ်ရှားလိုက်သလို ကျွန်တော်တို့ အနားတရွေ့ရွေ့ ချဉ်းကပ်လာသော အရိပ်သဏ္ဍာန်သည် လည်း လျှပ်တပြက်ပင် မှောင်ထဲလှည့် ပြေးသွားသည်ကို တွေ့လိုက် ရချေ၏။

ကျွန်တော်တို့ အမြင်မှာ အရိပ်သဏ္ဍာန်နှစ်ခု ပြေးထွက်သွား ခြင်းဖြစ်ချေ၏။

"ကျွန်တော်တို့သည်ကနေ စောင့်ရမှာလား၊ လိုက်သွားရ မှာလား"

ကာလသားခေါင်းမောင်ဝင်းက သို့မေးလေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"လိုက်သွားရမှာပေါ့"

သို့ ကျွန်တော်က ပြောပြောဆိုဆို ဇရပ်ပေါ်မှ ခုန်ဆင်းပြေး လိုက်သွားလေသည်ကြောင့် ကာလသားခေါင်း မောင်ဝင်းသည်လည်း ကျွန်တော့်နောက်ပြေးလိုက်လာရတော့သည်။

လင်းမြင့်လှိုင်သည် ရှေ့မှ ပြေးသွားသူနောက်ကို မျက်ခြည် မပြတ်ရေးတွက် မောင်နှင့်မည်းမည်းဖြစ်ခြား အလွှတ်မပေးလိုသည် ကြောင့် ကျွန်တော်တို့ကို မစောင့်နိုင်ခြင်းဖြစ်ချေ၏။

"ကိုလင်း နေဦးဗျ၊ ဓာတ်မီးထွန်းလိုက်တာပေါ့"

ကျွန်တော်က လက်တွင်းရှိ ဓာတ်မီးဖြင့် လမ်းရှာပြေးလိုက် ပေမင့် လင်းမြင့်လှိုင်တစ်ယောက် သူ့တွင် ဓာတ်မီးမပါလေသဖြင့် မှောင်နှင့်မည်းမည်း ပြေးလိုက်ရလေခြင်းဖြစ်၏။ သို့ကြောင့် ကျွန်တော် တူတူပြေးလိုက်လို၍ ပြောလေခြား လင်းမြင့်လှိုင်က ကျွန်တော့်အား စောင့်ဖို့နေနေသာသာ လှည့်၍ပင် ကြည့်လာနိုင်ချိန်မရနိုင် ဖြစ်ချိမ့် မည်။ သို့ကြောင့်

"မောင်ဝင်းလာချေကွာ၊ တော်ကြာနေ ကိုလင်းကိုတောင် မျက်ခြည်ပြတ်သွားလိမ့်မယ်"

တကယ်တော့ ကာလသားခေါင်းမောင်ဝင်းသည် သုသာန် သို့ လိုက်ပါရသည့်ပြင် မှောင်နှင့်မည်းမည်း ပြေးလွှားနေရခြင်းကို လည်း ကြောက်ရွံ့နေပုံရချေ၏။ သူ့ကိုယ်နှိုက်ကတော့မူ ကျွန်တော် တို့ လုပ်ရပ်အား စပ်စုလို၍ သုသာန်သို့ အရဲကိုး လိုက်ခဲ့ရလေခြင်း ကို နောင်တရကောင်းရနေပေလိမ့်မည်။

"ယခုလည်းကြည့်လေ၊ မှောင်နှင့် မည်းမည်း ကျွန်တော့်တွင် လက်နှိပ်ဓာတ်မီးရှိပေခြား ပြေးလမ်းရှာရသည်သာ... ဘဝ လင်းမြင့်လှိုင်

www.burmeseclassic.com

www.burmeseclassic.com



ကိုမျက်ခြည်မပြတ်ပြေးလွှားနေရသဖြင့် မောင်ဝင်းသည်လည်း သူတစ်ယောက် မောင်နှင့်မည်းမည်း ကျန်ရစ်ခဲ့မည်ကြောက်ရွံ့နေသည်ကြောင့် ကျွန်တော်၏ အပြေးနှုန်းကို သူလိုက်မီရန် လျှော့ချလိုက်ရပေ၏။ သို့ကြောင့်လည်းကောင်း ပြီးတော့ နောက်မှ လိုက်လာသော မောင်ဝင်းတစ်ယောက် ခလုတ်တိုက်ကျသွားလေသည်ကြောင့်

"အား• •အမလေး• •ကျွန်တော့်ကို စောင့်ပါဦးဗျာ" လို့ မောင်ဝင်းက ငိုသံပါဖြင့် လှမ်းအော်လေခြင်းကြောင့် သူ့အား မထားရက်လိုသည်ဖြစ်၍ နောက်ပြန်လှည့်သူ့အား ထူမပေးရလေခြင်းကြောင့်လည်းကောင်း လင်းမြင့်လှိုင်တစ်ယောက်ကို ကျွန်တော့် အမြင်မှ သဲလျှင်မဟုတ် ပြေးလွှားခြေသံကိုပင် မကြားရပါတော့ချေ။

"ဒုက္ခပဲ ကိုလင်းကိုတောင် မျက်ခြည်ပြတ်သွားပြီ"

သို့ ကျွန်တော်က ညည်းညူးလိုက်မိချေ၏။

သို့ဆိုတော့ ကျွန်တော်သည် လင်းမြင့်လှိုင်အား လိုက်မမီသည့်အတူ

"ကိုလင်းတော့ မျက်ခြည်ပြတ်သွားပြီ သည်တော့ သည်က နေပဲ ခဏစောင့်ကြည့်ကြပြီး ဘာလုပ်ရမယ် တစ်ခုခု စဉ်းစားတာပေါ့"

သို့ကျွန်တော်က ပြောလိုက်သည်တွင် မောင်ဝင်းက

"တစ်ခုခုစဉ်းစားမယ်ဆိုတာ ရှာပြန်ကြဖို့ပဲ မဟုတ်လား"

သို့မောင်ဝင်းက နှပ်ကြောင်းပေး မေးလာလေခြင်းကြောင့် ကျွန်တော်ပြုံးမိလေတော့၏။

သို့မှ ကျွန်တော်သည် သစ်ပင်ကြီးတစ်ပင်အောက်တွင် အမောပြေနားနေထိုင်လိုက်ချေ၏။

"ဟူး• • မောလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ကာလသားခေါင်းမောင်ဝင်းကလည်း သို့ပြောပြီး ကျွန်တော့်နား ကပ်ထိုင်လာလေ၏။

"ဘယ်လိုလဲ အိပ်ချင်ပြီလား"

သို့ ကျွန်တော်က ပြုံးစစ မျက်နှာပေးဖြင့် မောင်ဝင်းအား မေးလိုက်၏။

"ဘယ့်နှယ့်အိပ်ချင်စိတ်ရှိရမှာလဲဗျာ‥ မောလို့ ခဏမှိန်းနေတာပါ"

သို့ နေရာလေးတွင် ကျွန်တော်တို့နှစ်ယောက်တစ်ဦးကို တစ်ဦး မည်သည့် စကားမျှ မပြောဖြစ်ကြချေ။ ကိုယ့်အတွေးနှင့်ကိုယ်၊ အမောဖြေရင်းမျက်လုံးမှိတ် မှိန်းနေကြတော့၏။

အတန်ကြာတွင် ကျွန်တော် နားနေလိုက်ရသဖြင့် စိတ်လန်းလူလန်းဖြစ်လာလေသဖြင့်

"ဘယ်လိုလဲ အမောပြေပြီလား"

"ဟုတ်ကဲ့"

သို့ဆိုတော့ ကျွန်တော်နေရာမှ ထရပ်လိုက်၏။ မောင်ဝင်းသည်လည်း ကျွန်တော်နီးနီးတွင် ကပ်ရပ်လာချေ၏။

သို့မှ ကျွန်တော်သည် လင်းမြင့်လှိုင် ပြေးသွားသည်ဟု ထင်ရသည့် လမ်းမြောင်လေးဘက် ခြေဦးလှည့်လိုက်သည်တွင်မတော့

"ဟင်‥ ရွာမပြန်ကြဘူးလား" မေးလာလေ၏။

"ကိုလင်းနောက် လိုက်ကြည့်ချေဦးမယ်"

သို့ဆိုတော့ သူသည်လည်း တစ်ယောက်တည်း နောက်ကြောင်းပြန်မလှည့်ချင်လေသဖြင့် မကျေမနပ်ဖြစ်သည့်ကြားမှပင် ကျွန်တော့်နောက် လိုက်ပါခဲ့ပြန်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ပြန်လှည့်မှ ထင်တယ်၊ တော်ကြာနေ မျက်စိလည် လမ်းမှားပြီး တောထဲမယ် သောင်တင်နေဦးမယ်"

"ကိုလင်း တစ်ယောက်တည်းဆို ပိုဆိုးတော့မပေါ့ကွာ၊ နို့သည်လိုလုပ် မင်း ြနှ်နှင့် ငါတော့ ကိုလင်းကို မတွေ့မနေရှာရဦးမယ်"

သို့ဆိုတော့ မောင်ဝင်းတစ်ယောက် လွှန်မင်းစွာ ထိတ်လန့်သွားဟန်တွေ့လိုက်ရပေ၏။

သို့စကားကို ကျွန်တော်တမင်သက်သက်ပြောလိုက်ခြင်းဖြစ်၏။ သူတစ်ယောက်တည်း ရွာမပြန်ဝံ့သည်ကို ကျွန်တော် ကောင်းကောင်းသိထားပါကောလား…။

သို့မှ ကျွန်တော်သည် လက်တွင်းရှိ ဓာတ်မီးဖြင့် ပတ်ပတ်လည် ဇော့ယမ်းထိုးကာ လင်းမြင့်လှိုင်၏ အရိပ်အယောင်ကို ရှာမိချေ၏။

မည်သည့် အရိပ်အယောင်မျှ မတွေ့ပါချေ။ ညဥ့်ငှက်တို့၏ မျက်လုံးများ၊ သားကောင်ငယ်တို့၏ မျက်လုံးများကိုသာ ဓာတ်မီးဖြင့် တည့်ထိုးကာ ကြည့်နေလေခြင်းကြောင့် ထိုငှက်သတ္တဝါတို့ မီးအလင်းရောင်အောက်တွင် အငိုင်သားဖြစ်ကြရသည်ကို တွေ့ရ၏။

"ပစ်ပါလားဗျာ"

မောင်ဝင်းက အလိုက်ကန်းဆိုးမသိ၊ ပြောလာပြန်ပေ၏။

ဘယ်လိုဖြစ်မှာတုံး…ပတ်ဝန်းကျင်တွင် လင်းမြင့်လှိုင်ရှိကောင်းရှိပေလိမ့်မည်၊ သို့ဆိုတော့ မတော်တဆ ထိမှန်သွားလောင်၏။ သို့ကြောင့် မောင်ဝင်းပြောသလို ပစ်ခတ်နိုင်ခြင်း မရှိခဲ့ပါချေ။

"အူး…ဝူး"

"ဝူး…အူး"

www.burmeseclassic.com

www.burmeseclassic.com



သို့တော့ အသံပြုမိ၏။

သို့ ကျွန်တော်၏ အူသံကြောင့် ညဥ့်အိပ်တန်းဝင်ငှက်တို့ လန့်ဖျတ် ပျံသန်းပြေးခြင်းသာ တွေ့ရချေ၏။

သို့မှ

အလိုလေးဗျာ။

တွေ့မယ့်တွေ့တော့လည်း ရုတ်တရက်ကြီးပါကလား‥။

မြေပေါ်တွင် ခွေခွေလေးဖြစ်နေသော လင်းမြင့်လှိုင်ကို တွေ့လိုက်သဖြင့် စိုးရိမ်တကြီး ဖြစ်သွားကာ အနားသို့ ပြေးသွားလိုက်၏။

လင်းမြင့်လှိုင်တစ်ယောက် မလှုပ်မယှက် ခွေလိပ်ငြိမ်သက်နေပါကောလား၊ အသက်မှရှိသေးရဲ့လား‥ဘုရား‥ဘုရား"

ကျွန်တော် လင်းမြင့်လှိုင်ကို ပွေ့ထူလိုက်၏။

"အား‥လား‥လား‥အား‥လား‥လား"

လင်းမြင့်လှိုင်သတိရလာချေ၏။ ညည်းငြူသံပြုလာပေ၏။

"ကိုလင်း‥ကိုလင်း‥ ဘယ်လိုဖြစ်တာလဲ"

ကျွန်တော်က လင်းမြင့်လှိုင်၏ ကိုယ်လုံးကို လှုပ်ခတ် ဒဏ်ရာ ဒဏ်ချက်ရှိလိုရှိငြား ကြည့်ရင်း မေးလိုက်၏။

လင်းမြင့်လှိုင်တစ်ယောက်သည် ကျွန်တော့်အမေးကို မည်သို့မျှ ခွန်းတုံ့မပြန်နိုင်၊ ကျွန်တော့်မျက်နှာအား တစ်ချက်ကြည့်လာချေပြီး

"ကိုပိုက်"

"ဟုတ်တယ်‥ကိုလင်း ဘယ်လိုဖြစ်တာတုံး"

"ဝါးလုံးကော"

ဘုရားရေ‥ဝါးလုံးကို မေးနေပါကောလား၊ ဘာလုပ်မလို့ ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဗျာ ဝါးလုံး"

"အော်· ·ဟုတ်ပါရဲ့ ဝါးလုံးဆိုတာ ကျွန်တော် ပြေးလိုက်တဲ့ လူကိုပြောတာ"

"ပ ် သူ့ကို ဝါးလုံးလို့ ကိုလင်း ဘယ်လိုသိတုံး"

သို့ ကျွန်တော် တအံ့တသြမေးလိုက်သည်ကြောင့် လင်းမြင့် လှိုင်တစ်ယောက် သူ့တသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးလိုက်ချေ ပြီး

"ကျွန်တော်တော့ အဲဒီလူကို ဝါးလုံးလို့ ထင်တယ်"

"ရှင်းအောင်ပြောစမ်းပါ ကိုလင်းရယ်"

"သည်လိုဗျ၊ ကျွန်တော်တို့ ဇရပ်ပေါ်မှာ ရခဲ့တဲ့ စာခေါက်လေး ထဲမယ် ပါတယ်လေ၊ ဝါးလုံးဆိုတာ အဲဒီလူဖြစ်မပေါ့"

"ဟုတ်ပါပြီ နို့ကြောင့် ပြောပါဦး ဝါးလုံးနောက်လိုက်တာ ဘယ်လို မျက်ခြည်ပြတ်သွားတာလဲ"

သို့ ကျွန်တော်က မေးလိုက်သည်တွင် လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်ချေပြီး

"မျက်ခြေမပြတ်ဘူး၊ လိုက်မီသွားတယ်"

"နို့ဖြင့် သူက ကိုလင်းကို ခုလို ဖြစ်သွားအောင် လုပ်ခဲ့ပြီး ပြေးသွားတာပေါ့"

သို့ ကျွန်တော် သဘောပေါက်လိုက်သလို မေးလိုက်၏။

"ဘယ်· · ကျွန်တော့်ကို သူ အဲလို လုပ်နိုင်မှာတုံး၊ ကျွန်တော် သူ့ကို ချည်နှောင်နေတုန်း နောက်ကနေ တစ်ယောက်ယောက်က တွန်းတိုက် ရိုက်နှက်တာခံလိုက်ရတယ်၊ ခု ကိုပိုက် ရောက်လာမှပဲ ကျွန်တော် သတိရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဟင်"

တော်ပါသေးရဲ့ ‥ ကျွန်တော် သူနောက်လိုက်ခဲ့ ပေလို့၊ ကာလသားခေါင်းပြောသလို လိုက်မမီမယ့်အတူတူ လှည့်ပြန်ကြမယ်ဆိုလာခြင်းကို လက်ခံလိုက်ပါက လင်းမြင့်လှိုင်တစ်ယောက် ဒုက္ခ ရောက်သွားနိုင်ပေ၏။ သို့ကြောင့်မောင်ဝင်းကို တွေ့လား၊ သိပြီလား၊ ဟုဆိုသည့် အဓိပ္ပါယ်ရသည့် အကြည့်ဖြင့် ကြည့်လိုက်ချေ၏။

မောင်ဝင်းတစ်ယောက် သိသည် မသိသည် မသိချေ၊ ကျွန်တော်မျက်နှာကို စူးစိုက်ကြည့်နေရုံမှတပါး အခြားမရှိချေတော့ပြီ။

"ကိုလင်း လာဗျာ ပြန်ကြမယ်"

ကျွန်တော်က ပြောလိုက်၏။ သို့ ကျွန်တော့်စကားကြောင့် မောင်ဝင်းတစ်ယောက် ပြုံးရွှင်သွားချေတော့၏။ သူရွာပြန်ချင်နေပြီပဲ"

"ဟာ ‥ မဖြစ်နိုင်ဘူးဗျ၊ ကျွန်တော့်ကို ဆော်ပလော်တီးသွားတဲ့ကောင်ရော ‥ ဝါးလုံးကိုပါ တွေ့အောင်လိုက်ရှာရမယ်ဗျာ"

"နို့က ပြဿနာလား၊ မရှာလို့လည်း ရတယ်မဟုတ်လား၊ ကျွန်တော်တို့ ရှာရမှာ ဖိုးကံ မဟုတ်လား"

သို့ဆိုတော့ လင်းမြင့်လှိုင်က ကျွန်တော့်အား ခင်ဗျား ဘာမှ နားမလည်ပါကလား အဓိပ္ပါယ်ပါသည့် အကြည့်ဖြင့် ကြည့်လာချေပြီ။

"ဖိုးကံကို တွေ့ရဖို့က သူတို့နှစ်ယောက်ကို တွေ့ဖို့အလျှင်လိုကောင်းလိုလိမ့်မယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြောလာပြန်သည့် လင်းမြင့်လှိုင်ကို ကျွန်တော် တအံ့တသြ ကြည့်လိုက်ချေ၏။

"မရှင်းဘူး ဖြစ်နေပြန်ပြီ"

ကျွန်တော်က လင်းမြင့်လှိုင် မည်သို့ ပြောလာမည်ကို စိတ်ဝင်တစားရှိနေသလောက် ကာလသားခေါင်းမောင်ဝင်းကတော့မူ ရှာသို့သာ ပြန်လိုဟန် သူ့တွင် ဖြစ်နေချေတော့၏။

"သည်လိုပါ စာက ဖိုးကံကို ရေးထားတာလေ၊ ကျွန်တော်တို့ တွေ့လိုတဲ့ အရှုးဖိုးကံပဲဆိုပါစို့၊ ကဲ သူ့ဆီ ဝါးလုံး ပို့လိုက်တယ်ဆိုတော့ ပြေးသွားတဲ့ ပိန်ရှည်ရှည်လူပဲ ဖြစ်မယ်၊ သည်တော့ ဖိုးကံရယ်၊ သည်ဝါးလုံးဆိုတဲ့လူရယ် ပြီးတော့ ပီအက်စ် ဆိုတဲ့ ညွှန်ကြားသူရယ်က တစ်ဖွဲ့တည်း ဖြစ်လိမ့်မယ်"

"ဟုတ်ပါပြီ သူတို့ ဘာကိစ္စရှိရှိ ကျွန်တော်တို့နဲ့ မဆိုင်လောက်ဘူးပေါ့ဗျာ"

"ဘယ်လိုပြောလိုက်တာပါလိမ့်၊ ကိုပိုက်ရယ်၊ သိပ်ဆိုင်၊ ပြီးတော့ ဖိုးကံ မြွေမြှုံခံရ မခံရ၊ သိဖို့လိုတယ်၊ စာထဲက ညွှန်းတဲ့ ဖိုးကံ ဘယ်ဖိုးကံလဲ သိဖို့လိုတယ်၊ နို့မှ ကျွန်တော်တို့ သစ်ပင်ကြီး စခန်းမှာရှိတယ်ဆိုတဲ့ မြွေကြီးကိစ္စ ရှင်းရှင်းလင်းလင်း သိရမှာပေါ့၊ နို့ ပြီးတော့ တောင်သူကုန်းရွာရဲ့ မရှိမဖြစ် ဖိုးကံတစ်ယောက်ကို ပြန်တွေ့ဖို့လိုတယ်လေဗျာ"

အင်း. . .သို့ဆိုတော့လည်း အဟုတ်သားကလား. . .။

"သဘောပေါက်ပြီ ကိုလင်း. . နို့ တစ်ခုတော့ ရှိတယ်ဗျ"

"ပြောပါ ကိုပိုက်"

"ကိုလင်းကိုတော့ ကြီးကြီးမားမား ဒုက္ခပေးသွားခြင်းတော့

www.burmeseclassic.com



မရှိဘူးဗျ နော်၊ ဝါးလုံးကိုပဲ ကယ်သွားတာ ဖြစ်မယ်"

သို့ ကျွန်တော်က ပြောလိုက်၏။

"အင်း အဲလိုဆိုရင်လည်း ပြောလို့ မရပေဘူးဗျ ကျွန်တော့်ကို လုပ်သွားတဲ့လူနဲ့ ဝါးလုံးနဲ့ ဘယ်လို ပတ်သက်လဲ မသိဘူး"

"ခင်ဗျားတို့ကလည်း ရှင်းရှင်းလေးပါဗျာ၊ ဆရာလင်းကလည်း ဝါးလုံးကို နောက်လူက ဝင်ကယ်သွားတာပဲပေါ့၊ သည့်ပြင် ဘာဖြစ် နိုင်မှာတုံး"

သို့ မောင်ဝင်းက ပြောလာချေတော့၏။

လင်းမြင့်လှိုင်က ပြုံးလိုက်ချေပြီး. . .

"တိတိကျကျတော့ မပြောတတ်ပေဘူး. . မပြောနိုင်ပေဘူး လို့ ပြောရလိမ့်မယ်"

သို့ပြောလာသည့် လင်းမြင့်လှိုင်၏ စကားအဓိပ္ပါယ်ကို ကာလသားခေါင်းမောင်ဝင်းက မည်သို့ သဘောပေါက်လိုက်သည် တော့ဖြင့် ကျွန်တော်မသိပါချေ။ ကျွန်တော်ကတော့မူ လင်းမြင့်လှိုင် တစ်ခုခုကို သိထား တွေ့ထားခြင်းကြောင့် သို့ မယုတ်မလွန် ပြောလေခြင်းဟု သိလိုက်လေတော့၏။

"ကဲ ကိုပိုက်၊ ကျွန်တော်တို့ သွားကြစို့"

လင်းမြင့်လှိုင်က သို့ပြောပြီး ရှေ့သို့ဆက် လျှောက်သွားလေ တော့၏။

မောင်ဝင်းတစ်ယောက် လွန်မင်းစွာ စိတ်ညစ်ညူးသွားပုံ ဖြစ်ရ ချေ၏။

"မင်းပဲ လိုက်ချင်တယ်ဆိုကွာ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင်

www.burmeseclassic.com

www.burmeseclassic.com



"မပြောပါဘူး၊ သုသာန်ထဲပဲ လိုက်အိပ်မယ်လို့ ပြောတာပါ"

"အေးလေကွာ ခုလိုဖြစ်ရတာ ဘယ်တတ်နိုင်မလဲ၊ မင်း သုသာန်ထဲမှာပဲ နေခဲ့ရောပေါ့"

သို့ ကျွန်တော်က မကျေမနပ်ပြောလိုက်တော့၏။

"အဲ့လိုလည်း ဘယ်ဖြစ်ပါ့မလဲဗျာ၊ ဟုတ်တယ် ကျွန်တော် တစ်ယောက်တည်း ဘယ်ဖြစ်ပါမလဲ"

သို့ မောင်ဝင်းက ပြောလာလေ၏။

"မလိုပါဘူးကွာ ဖိုးကံဆို တစ်ယောက်တည်း ဘယ်လို လုပ်မလဲ"

"သူက အရူးကိုဗျ"

ဘုရားရေ ဖိုးကံရူးနေခြင်းကြောင့် ဘာမှ သိနိုင်သူ မဟုတ် ဟု ဆိုလိုလေခြင်းပါကလား။

"ဖိုးကံ ရူးတာ မရူးတာ၊ နေရဲတာ မနေရဲတာကို ငါတို့ သိစရာမလိုဘူး၊ အေးမင်း မနေရဲတာ နေရဲတာပေါ့ ဒါမင်းကိစ္စလေ၊ ကိုယ်ကိစ္စကိုရှင်း၊ ကိုယ့်ဘာသာ ကိုယ်ဆုံးဖြတ် ဝန်ခံလေကွာ"

"ဘာတုံး"

ကျွန်တော့်စကားကို နားမလည်ဟု ထင်ပေ၏။ သို့ မေးလာ လေ၏။

"သုသာန်ဇရပ်မှာ လိုက်အိပ်ဖို့ ပြောတုန်းက ငါတို့ ခေါ်လာ တာ၊ ခုလူလိုက်ဖမ်းတော့ ငါတို့ မင်းကို ခေါ်လာတာ မဟုတ်သူး လေကွာ"

သို့ဆိုတော့ မောင်ဝင်းတစ်ယောက် မျက်စိမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



အပျက်ကြီး ပျက်သွားရချေတော့၏။

"ခုလည်း ငါတို့ မခေါ်ဘူး၊ မင်းသဘော"

သို့ ကျွန်တော်က ပြောလိုက်ပြန်၏။ သည်တွင် မောင်ဝင်းက

"ဟုတ်ပါပြီ‥ကျွန်တော့်သဘောပေါက်ပါပြီ ခင်ဗျားတို့နောက် လိုက်လာတာပါဗျာ"

ဟု ပြောလာလေတော့၏။

တကယ်တော့ ကာလသားခေါင်း မောင်ဝင်းသည် တစ်ယောက်တည်း လာလမ်းအတိုင်း မပြန်ဝံ့သည်ကြောင့် ကျွန်တော်တို့နှင့် မလိုက်ချင်ပဲ လိုက်ခဲ့ရလေခြင်း ဖြစ်တော့၏။

သို့နေရာ စခန်းလေးမှ ကျွန်တော်တို့သည် တောတိုး ထွက်ခဲ့ကြရာတွင် တောစို တောင်ကြောနှစ်ခုလောက်ကို ဖြတ်ခဲ့ပြီးနောက်၊ မြောင်လေးအတိုင်း ထွက်ခဲ့ကြရာမှ၊ ချောင်းမကြီးတစ်ခုသို့ ရောက်လာခဲ့ကြ၏။ မိုးလည်းလင်းချေပြီဖြစ်၏။

"နို့က ဘာချောင်းဖြစ်မလဲ"

"သိပေဘူးဗျ"

ကျွန်တော့်အမေးကို ပြောသည်ကား လင်းမြင့်လှိုင်ဖြစ်ချေ၏။

"ကျွန်တော်တို့ ဝါးလုံးနောက် (အထင်) လိုက်ခဲ့ကြတာ၊ ခြေရာကောက်လွဲပြီထင်တယ်၊ ခရီးဆန့်ခဲ့ကြတာလဲ မနည်းတော့ဘူး၊ ဝါးလုံး အရိပ်အယောင်မပြောနဲ့၊ အခြားသစ်ခုတ်သမားတစ်ယောက်တလေတောင် မတွေ့ပါကလား၊ သည့်ပြင် သည့်ချောင်းကလည်း ဘာချောင်းရယ် မသိပေဘူးဆိုတော့ ကျွန်တော်တို့ နောက်ကြောင်းပြန်လှည့်ကြရင် ကောင်းလိမ့်မယ်ထင်တယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်က ပြောလိုက်၏။

လင်းမြင့်လှိုင်က ကျွန်တော့်အား ပြုံး၍ ကြည့်လာချေပြီး "ဘယ်လိုဖြစ်နိုင်မှာလဲ၊ နောက်ကြောင်းပြန်သွားရင် ပိုဆိုးတော့မပေါ့"

"ဘာလို့လဲ"

ကျွန်တော်က မေးလိုက်၏။

ကျွန်တော်တို့ ဝါးလုံးလို့ထင်ရတဲ့သူနောက် အလျင်အမီလိုက်လာကြရတော့ကာ လမ်းကို မှတ်မှတ်သားသား မလုပ်ခဲ့ဘူးလေ၊ ကိုပိုက်ပြောသလို နောက်ကြောင်းပြန်လှည့်ဦးတော့ လာလမ်း မဟုတ်တော့လျှင် ပိုမဆိုးပေဘူးလား၊ ခုဟာက လတ်တလော ဝါလုံးကို မတွေ့တောင်မှ သွားရင်းလာရင်းတွေ့နိုင်သေးကပ်ပါသေးရဲ့ ပြီးတော့ သည်ချောင်း ဘာချောင်းလို့သိလျှင်ဖြင့် ကျွန်တော်တို့ ဘာဆက်လုပ်ရမယ်၊ ဘယ်ဆက်လိုက်ရမယ်ဆိုတာ သိပြီပေါ့ဗျာ"

သို့ဆိုတော့ အဟုတ်သားကလား၊

"ဟုတ်ပါပြီ သည်ချောင်းက ဘာချောင်းဆိုတာသိဖို့က သိပ်မခဲယဉ်းပါဘူး၊ ဝါးခုတ်၊ သစ်ခုတ်သမားတစ်ယောက်တလေတွေ့လျှင်တောင် မေးလို့ရပြီပဲဗျာ • •ကဲ • •လာ ကျွန်တော်တို့ သည်ချောင်းအတိုင်း ဆန်တက်ကြတာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ထိုအမည်မသိ ချောင်းတွင်းမှနေ၍ အထက်သို့ ဆန်တက်ခဲ့ကြချေ၏။

ယခုလာသည့်လမ်းတစ်လျှောက် ရေစီးမရှိပါချေ၊ သို့ပေမင့် ရေအိုင်ကြီးငယ်တို့ ရှိကြချေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအိုင်လေးများတွင် ရေကြည်ရလေသဖြင့် ကျွန်တော်တို့သည် ရေသောက်၊ မောပန်းနွမ်းနယ်မှုကို မျက်နှာသစ် ကိုယ်လက်သန့်စင်လိုက်ကြ၏။

ထိုချောင်းလေးသို့ ဆန်တက်လာသည့်ခရီးမနည်းတော့ပြီဖြစ်သည့်တိုင် ဝါးခုတ်၊ သစ်ခုတ်သမားဆို၍ အရိပ်အယောင်ပင် မတွေ့ပါချေ။ သို့ကြောင့် အံ့ဩမိသေးတော့၏။

"ဘာချောင်းမှန်းမသိတဲ့ ချောင်းကို ဆက်သွားဦးမှာလား နို့မဟုတ် သည်ချောင်းတလျှောက် ကျွန်တော်တို့ တောင်ကြောအဖြတ်များလျှင်ဖြင့် တစ်ဖက်မယ် ရေကျထဲရောက်နေရင် အခက်သားကလား"

သို့ ကျွန်တော်က စိုးရိမ်လွန်ကဲ ပြောလိုက်၏။

"နို့က သည်လိုရှိတယ်လေ၊ တစ်ဦးတစ်ယောက်တွေ့နှီးလျှောက်ခဲ့ကြတာပဲဗျာ၊ နို့ဖြင့် တစ်နေရာတည်းက ထိုင်စောင့်လျှင်ဖြင့် ပိုဆိုးတော့မပေါ့"

သို့ လင်းမြင့်လှိုင်က ပြောသည်လည်း ဟုတ်လို့နေသေးတော့၏။

သို့ဆိုတော့ ကျွန်တော်တို့သည် ထိုချောင်းအထက်ဆန်တက်ခဲ့ကြပြန်၏။

သို့မှ

ဒုတ်...ဒုတ်... ဒုတ်..

ဖျောက်.. ဖျောက်..ဖျောက်..

ဖျောက်...

ဒုင်း..

www.burmeseclassic.com

www.burmeseclassic.com



ချောင်းညာဘက်ကမ်းတောင်ကြောပေါ်မှ သို့အသံကြောင့် ကျွန်တော်တို့သည် လှမ်းကဲကြည့်နေလိုက်ကြ၏။

"ကျွန်တော်တို့လူတစ်ယောက် တွေ့ရတော့မှယ်ထင်ပါ့"

ကျွန်တော်က ထိုတောင်ကြောပေါ်သို့ လှမ်းကဲကြည့် ပြောလိုက်၏။

"ကျွန်တော်တို့အားလုံး အဲဒီ သွားကြမလား"

ကျွန်တော်က ထပ်မေးလိုက်၏။

"နို့ပေါ့ဗျာ၊ ကျွန်တော်တို့ အခု အဓိက ခရီးက လူသားတစ်ယောက်ယောက်နဲ့ တွေ့ဖို့ပဲ မဟုတ်လား၊ အဲလိုတွေ့ပါမှလဲ သည်ချောင်း ဘာချောင်းလဲ သိရမှာ၊ ခရီးဘယ်ဆက်ရမယ် သိရတော့ မပေါ့"

သို့မှ ကျွန်တော်တို့သည် ထိုတောင်ကြောပေါ်သို့ တက်လိုက်ကြ၏။ ထိုချောင်း တောင်ကြောအစပ်တွင် ဝါးသုန်းပင်ငယ်တို့ ပြွတ်သိပ်ပေါက်နေလေ၏။ သို့ကြောင့် လူတစ်ကိုယ်စာ ခုတ်ထစ်ရှင်းလင်းပြီး ဝင်လိုက်ကြရ၏။

အစပ်တွင် သို့ဆိုသလို ဝါးသဥ်းပင်တို့ ဗိတ်ဆီးကာနေပေမင့် တောင်ကြောအဝင်းဘက် ရောက်သွားသည်တွင်မတော့ အံ့သြယ်ကောင်းလောက်အောင် ရှင်းလို့နေချေ၏။

သစ်ပင်ကြီးတို့ အပေါက်များလေ၏။ ချုံပုတ်ပင်တို့ မရှိသလောက်ပင်၊ သို့ပြား‥ သစ်ပင်လုံးရှည်တို့အား နွယ်ပင်တို့ ယှက်နွယ်ပတ်နေချေ၏။

နွယ်တို့သည် သစ်ပင်တို့ ကိုင်းထက်မှ တွဲလောင်းကျသည် များလည်း ကျနေချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ သိရသလောက်တို့ သစ်ပင်ကြီးတို့ကို နွယ်တွေ သည်လောက်ပတ်တက်နေလျှင်ဖြင့် ချုံပုတ်ပင်တွေ ကြိမ်အုံ ပင်တွေလည်း ရှိကြလိမ့်မယ်ဗျ၊ တောစိုလည်းဖြစ်တာကိုး။ ခုတော့ အဲလိုမဟုတ်ဘူးဗျ၊ တောစိုတော့တောစိုပဲ၊ နို့ပေမင့် အောက်ခြေမယ် ချုံပုတ်ပင်နဲ့ ကြိမ်အုံပင်တွေ မတွေ့ပါကလား"

သို့ ကျွန်တော်က ပြောလိုက်၏။

"ဘယ်တွေ့ပါ့မလဲ၊ ထူးဆန်းတဲ့ သဘာဝပေါက်ပင်လို့ ထင်ရလေမှာပေါ့ဗျာ‥ သည်နေရာတစ်ဝိုက် အောက်ခြေတို့ရှင်းထား ကြတာကိုးဗျ"

"မဖြစ်နိုင်ဘူး"

ဘယ့်တွက် ကျွန်တော် သို့ပြောလိုက်ရခြင်းကား၊ လင်းမြင့် လှိုင်ပြောသလို အောက်ခြေကို ရှင်းထားသည်ဆိုတာ မြေအနေ အထားအရ သိနိုင်ပေ၏။ ယခုလိုမဟုတ်နိုင်ပါချေ‥‥။

"နို့ကတော့ ကိုပိုက်ရယ်‥‥ခုမှ ရှင်းကြတာ မဟုတ်ဘူး၊ အလွန်ကြာကြာ အချိန်ကတည်းက ရှင်းထားကြတာဆိုတော့ သည်တောရဲ့ ပုံစံက ကိုပိုက်အမြင်မှာ တစ်မျိုးဖြစ်နေတာပေါ့ဗျာ၊ မယုံလျှင်ကြည့် ကျွန်တော်တို့တွေ ခုတက်ရာနေတဲ့ သစ်ခုတ်ဝါးခုတ် သမားအဖြစ် လူ့အတော်များများကို တွေ့နိုင်လိမ့်မယ်ဗျ"

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် အံ့သြတကြီး ကြည့်နေမိချေတော့သည်။

"လာချေဗျာ‥ဟိုရှေ့တောင်ကြောလယ်လောက်က အသံဗျ"

သို့ လင်းမြင့်လှိုင်ကပြောပြီး ထိုနေရာသို့ သွက်သွက်သော ခြေလှမ်းဖြင့် သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ကာလသားခေါင်းမောင်ဝင်းသည်လည်း လင်းမြင့်လှိုင်နောက် ထပ်ကြပ်မကွာ လိုက်သွားကြတော့၏။

"ခက်တာပဲဗျား•• ကျွန်တော် ခင်ဗျားတို့နဲ့ လိုက်လာတာ အိမ်က မသိသေးတော့ ဒုက္ခပါပဲ"

သို့ မောင်ဝင်းက ပြောလာလေသဖြင့်

"ဘာထူးတုံးဗျာ• • သူကြီးကလည်း ငါတို့ သုသာန်မယ် ညအိပ်ကြမှာပဲဆိုပေမင့် နောက်နေ့မယ် ငါတို့ ပျောက်နေတာတွေ့ရင် စိတ်ပူနေတော့မပေါ့"

"နို့ဖြင့်လည်း••ဘာလို့ သူကြီးကို အကျိုးအကြောင်း မပြောဘဲ ထွက်လာခဲ့ကြတာတုံး"

သို့ ကာလသားခေါင်း မောင်ဝင်းက အပြစ်ယူဆပြောလာပြန်ချေ၏။

"ဟင်း••ဟင်း•• ဟင်း •• ငါတို့က ကလေးတွေလည်း မဟုတ်ဘူး••• ခုလို မပြောမဆို ထွက်လာခဲ့ကြတာလည်း ငါတို့တွက် မဟုတ်ဘူး၊ မင်းတို့ ရွာသားဖိုးကံအတွက်ပေပဲ"

သို့ လင်းမြင့်လှိုင်က ပြောပြီး ရှေ့ဆက်သွားပြန်ချေ၏။

"နို့တော့နို့ပေါ့ဗျာ၊ နို့ပေမင့် သူကြီး စိတ်မပူအောင် ပြောလာသင့်တာပေါ့••• အကျိုးအကြောင်းကိုပေါ့"

သို့ မောင်ဝင်းက ပြောလာပြန်သဖြင့် လင်းမြင့်လှိုင်က သူ့ထသိ အတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလိုက်ချေပြီး

"သူကြီးကို ငါပြောခဲ့ပြီးပါပြီ၊ အကယ်၍ အရေးကိစ္စ ပေါ်လာရင် ကျွန်တော်တို့ ပြန်ရောက်ဖြစ်မှာ မဟုတ်ဘူးလို့ပေါ့"

"ဗျာ••နို့ဖြင့် ဘာလို့ ကျွန်တော်ကိုတော့ မပြောတာတုံး။

www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးတို့ နောက်ကြောင်းပြန်လှည့်မယ့်ကိန်း မရှိတော့ဘူးပေါ့"

သို့ မောင်ဝင်းတစ်ယောက် မျက်လုံးပြူးမျက်ဆန်ပြူး မေးလာချေတော့၏

"ဟင်း••ဟင်း••ဟုတ်တယ်"

"ဟာ နို့ဖြင့် ကျွန်တော်က သည်လိုချည်း ဆရာလေးတို့သွားရာနောက် လိုက်ရတော့မှာလား"

မောင်ဝင်းက စိုးရိမ်တကြီး ပြောလာလေ၏။

"နို့ပေါ့ကွာ••ငါတို့က ခေါ်လာတာမှ မဟုတ်တာချည်း၊ မင်းကိုယ်တိုင် သုသာန်လိုက်အိပ်မယ်ဆိုတာကနေ ခုထိ မင်းသဘောနဲ့မင်း လိုက်နေတာလေ၊ ငါတို့က လိုက်ခဲ့ပါလို့ ပြောခေါ်လာလို့လား"

သို့ လင်းမြင့်လှိုင်က ပြောလေသည်တွင်မတော့ မောင်ဝင်းတစ်ယောက် ဒေါသထွက်သွားသည်ဆိုပေမင့် လတ်တလော ကျွန်တော်တို့ကိုပင် အားကိုးနေရမည်သိလေခြင်းကြောင့် သူ့အပြစ်သာဖြစ်သည် သဘောထားနေလိုက်ပုံကြည့်ခြင်းအားဖြင့် ကျွန်တော်သည် သူ့အား သဘောကျမိလေတော့သည်။

"မင်းကြည့်ရတာ ရွာပြန်ချင်နေပြီထင်တယ်"

သို့ ကျွန်တော်က မေးလိုက်၏။

"ဟုတ်ကဲ့"

"နို့ဖြင့်လည်း သည်ထက် ခရီးဝေးမကွာခင် သည်ကနေ ပြန်လေကွာ"

သို့ ကျွန်တော်ပြောလိုက်သည်တွင် မောင်ဝင်းသည် ရွှန်မင်းစွာ စိတ်ပျက်သွားပုံရချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်မှာတုံးဗျာ၊ ကျွန်တော် လမ်းမမှတ်မိတော့ဘူး"

"လမ်းမှတ်မိလျှင်လည်း မင်းပြန်မှာ မဟုတ်ပါဘူး။ ငါပြောတာ မမှန်ပေဘူးလား"

သို့ လင်းမြင့်လှိုင်က မောင်ဝင်းကိုကြည့်ကာ ပြုံးစစမျက်နှာထားဖြင့် ပြောလိုက်လေ၏။

သို့ဆိုတော့ ကာလသားခေါင်း မောင်ဝင်းသည် ကျွန်တော်တို့အား လွှန်မင်းစွာ ဒေါသထွက်သွားပေမင့် သူ့ဒေါသကို မျိုသိပ်ထားပုံပေါ်နေချေတော့၏။

သူ့နေရာတွင် ကျွန်တော်ဆိုပါလျှင်လည်း သို့ဖြစ်ပေလိမ့်မည်၊ တကယ်တော့ လင်းမြင့်လှိုင်က သူ့အား သက်သက်နောက်ပြောင်နေခြင်းဖြစ်၏။ မောင်ဝင်းတစ်ယောက် ရယ်ရမလို၊ ဒေါသထွက်ရမလို ဖြစ်နေပုံသည် သနားစရာကောင်း၏။

သို့မှ လင်းမြင့်လှိုင်က သူ့အား သနားသွားသည်ထင်၏။

"အလကား စတာပါကွာ⋅⋅မင်းကို ပြန်ပို့ပေးပါ့မယ်"

"ဟင်⋅⋅နို့ဖြင့် ဆရာလေးတို့ပါ ကျွန်တော်နဲ့ ပြန်ကြမယ်ပေါ့"

အားရဝမ်းသာ ပြောလာချေ၏။

သို့ဆိုတော့လည်း လင်းမြင့်လှိုင်က ခေါင်းကို ညင်သာစွာ ခါယမ်း လိုက်သည်ကြောင့် မောင်ဝင်းတစ်ယောက် နားမလည်နိုင်အောင် ဖြစ်သွားပုံရချေ၏။ လွှန်မင်းစွာ မျက်စိမျက်နှာ ပျက်သွားပေမင့်⋅⋅

"ခုတွေ့မယ့် လူတွေကို အကူအညီတောင်းပြီး မင်းကို ပြန်ပို့ခိုင်းမှာပါ⋅⋅ ငါတို့ကတော့ ခရီးဆက်ကြဦးမယ်၊ အဲ တစ်ခုတော့

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ သူကြီးတွက်ကော မင်းးတွက်ပါ သားကောင်ပစ် ပေးလိုက်ပါ့မယ်"

သို့ ဆက်ပြောလာသည့် လင်းမြင့်လှိုင် စကားကြောင့် မောင်ဝင်း ဝမ်းသာအားရဖြစ်သွားချေ၏။

"ကျေးဇူးတင်တယ်ဗျာ"

သို့မှ ကျွန်တော်တို့သည် ဝါးခုတ်သံကြားရာသို့ ခပ်သွက်သွက် သွားလိုက်ကြသည်တွင် မကြာလိုက်သော အချိန်ကလေးတွင် သစ်ပင်ခုတ်လှဲနေသည့် နေရာသို့ ရောက်သွားကြတော့၏။

"ဟင်"

"ဟာ"

သစ်ပင်ခုတ်နေသူတို့သည် ကျွန်တော်တို့ လာနေမှန်းသိသဖြင့် ထွက်ပြေးသွားကြလေသည်များလားမသိ၊ လူတော့ဖြင့် မတွေ့သေးပါချေ။ ထိုနေရာတွင် ဝါးရေဘူး တစ်လုံးတွေ့၏။ ကွမ်းယာထုပ်တစ်ထုပ်တွေ့၏။ ဆေးလိပ်တိုတွေ့၏။

အားချင်း ထွက်သွားကြပုံရချေ၏။

"နို့မှ ဒုက္ခပဲ ၊ သည်လူတွေ ကျွန်တော်တို့ကိုကြောက်ပြီး ထွက်ပြေးသွားကြပြီဗျ"

"ဟင်‥နို့ဖြင့် ဘယ်လိုလုပ်မလဲ"

မောင်ဝင်းက စိတ်ဓာတ်ကျစွာ ပြောလာလေတော့၏။

"ဘယ်လိုလုပ်ရမလဲ၊ သည်လူတွေ သည်နားတစ်ဝိုက်တွင် ရှိမှာပေါ့‥ လိုက်ရှာကြတာပေါ့"

လင်းမြင့်လှိုင်က ပြောလည်းပြော ပတ်ဝန်းကျင်စိတ်ထင်သည့် နေရာများသို့ ပြေးလွှားရှာကြည့်ချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့မှာ

"ဟား··ဟိုမှာ··ဟိုမှာ··ဟိုမယ်"

လင်းမြင့်လှိုင်က တောင်ကြောအထက်မှနေ၍ အောက်ဘက်သို့ လှမ်းပြလေသလောဖြင့် လင်းမြင့်လှိုင်အနား သွားလိုက်၏။

အလိုလေးဗျာ·· တောင်ကြောအနိမ့်ပိုင်း ခပ်လှမ်း လှမ်းတွင် လှူနေတဲစုလေးတစ်ခုတွေ့လိုက်ကြရ၏။

"လှူနေတဲစုလေးဗျ·· သည်လှူတွေ အဲဒီကဖြစ်မယ်၊ သူတို့ကို မတွေ့ပေမင့် ကိစ္စမရှိဘူး၊ အဲဒီ တဲစုဘာမှ ဝေးတာ မဟုတ်ဘူး သွားကြမယ်"

သို့ဖြင့် ကျွန်တော်တို့သည် တောင်ကြောပေါ်မှ ဆင်းလိုက်ကြပြီးနောက် တဲစုလေးရှိရာသို့ သွားလမ်းထင်ရသည့် လမ်းကြောင်းလေးအတိုင်း သွားလိုက်ကြတော့သည်။

မကြာလိုက်သောအချိန်ကလေးတွင် ကျွန်တော်တို့သည် သူတို့တဲစုလေးနှင့် အနီးဆုံးနေရာသို့ ရောက်သွားကြတော့၏။

တဲစုလေးတွင် လူများရှိနေပုံပင်·· ။

အချို့တဲတွင် မီးခိုးတလူလူထွက်နေသည်ကို မြင်ရ၏။

မောင်ဝင်းတစ်ယောက် လွန်မင်းစွာ ဝမ်းသာသွားချေတော့၏။ သူပြန်ရတော့မည်ကိုး···။

"လာကြဗျာ··အဲဒီတဲစုသွားမယ်"

ကျွန်တော်တို့သည် ထိုတဲစုသို့ ခြေဦးတည်သွားလိုက်ကြ၏။

"ဝုတ်··ဝုတ်··ဝုတ်"

ထိုတဲစုမှ ခွေးဟောင်သံပင်ကြားရသလို"

"ကတော်··ကတော်··ကတော့်"

www.burmeseclassic.com

www.burmeseclassic.com



"အော့··အော့··အီး··အီး··အွတ်"

ကြက်ကောင်တို့၏ အသံကိုလည်း ကြားရချေ၏။

"မင်း အဆင်ပြေပါပြီ"

သို့ ကျွန်တော်က မောင်ဝင်းကို ပြောလိုက်၏။

သို့မှ ကျွန်တော်တို့သည် တဲစုလေးသို့ ရောက်သွားကြ၏။

တဲစုတွင် နေထိုင်ကြသည့်လူတို့သည် သာမာန်လူတွေထက် အနည်းငယ်မျှ အရပ်မြင့်ပုံရ၏။

ခက်တာက အရပ်သာမြင့်ကြသည် ကိုယ်လုံးကိုယ်ပေါက် တောင့်ဖြင့် မရှိကြချေ။ ရှည်မြောင်းမြောင်းလေးတွေဖြစ်ကြ၏။

မိန်းမယောကျာ်းဆိုလို အဖုအထစ်ရှိရုံကလွဲ၍ တစ်ပုံစံတည်း ဟု ဆိုရချိမ့်မည်။

"ဘာလူမျိုးတွေပါလိမ့်"

"ပြောတတ်ပေဘူးဗျ"

သူတို့သည်လည်း ကျွန်တော်တို့သုံးယောက်ကို လူထူး လူဆန်းတွေလို ကြည့်နေကြချေ၏။

ကျွန်တော်တို့သည် အနီးဆုံးလူတစ်ယောက်ကို မိတ်ဆက် စကားပြောမည် ပြုလိုက်သည်တွင်

"ဘယ်ကလာကြတာလဲ"

သို့အသံကြောင့် အသံလာရာ ကျွန်တော်တို့နောက်သို့ လှည့်ကြည့်လိုက်ကြ၏။

မထူးခြားသောပုံစံတူဖြစ်ကြား အနည်းငယ်မျှ ထူးခြားမှုဟု ပြောနိုင်သည့် ဆံပင်ဖြူဖြူ ၊ နှုတ်ခမ်းမွေးကျိုးတို့ကျဲတဲနှင့် အသက်အား ဖြင့် ခြောက်ဆယ်ကျော်ကျော်ရှိသည်ဟုထင်ရသည့် လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေ၏။

"အမဲလိုက်ထွက်လာရင်း သည်ရောက်လာတာပါ"

ကျွန်တော်က ပြောလိုက်၏။

သည်တွင် ထိုလူက..

"လမ်းမှားရောက်လာတာလား" မေးလာပြန်၏။

"လမ်းမှားတာ မဟုတ်ဘူး..ခြေဦးတည့်ရာ လာကြရင်း တဲစုတွေ့တာနဲ့ ဝင်လာတာ"

သို့ဆိုတော့ ထိုလူ မျက်စိမျက်နှာပျက်သွား၏ ကျွန်တော်တို့ ကိုလည်း မယုံသင်္ကာဖြစ်နေပုံပင်...။

သို့ သိလိုက်သည်ကြောင့်

"ကျွန်တော်တို့ မြို့ပြကပါ... ရှင်းရှင်းပြောရရင် ခြေဦး တည့်ရာ လာကြတယ်ဆိုတော့..သည်နေရာ ဘာနေရာလဲသိရင်ဖြင့် ရပါပြီ"

သို့လင်းမြင့်လှိုင်က ပြောလိုက်သည်ကို ထိုလူသဘော ပေါက်သွားပုံရ၏။

"သိပြီ . .ပြောမယ် ဒါ ကျုပ်တို့နေတဲ့နေရာ . . . သားကောင်တွေ ဖမ်းစားကြတာကလွဲလို့ တခြားဘာမှ မလုပ်တတ် ကြဘူး၊ ရှင်းရှင်းပြောရင်ဗျာ..အသက်ရှင်နေထိုင်ဖို့အတွက် မငတ် ရင်တော်ပြီဆိုတဲ့ သဘောဗျ.. တစ်ခုတော့ရှိတယ် အရင်က ကျုပ်တို့သည်မှာနေတာမဟုတ်ဘူး၊ တစ်နေရာမှာ.. အဲဒီတစ်နေရာ မယ် စားစရာရှားသွားတော့ သည်ရောက်လာကြပြန်တယ်၊ သည်မှာလဲ အဲ့လိုရှားပါးလာရင် တခြားတစ်နေရာပြောင်းနေကြမယ်..ကျုပ်တို့ ဘဝက သည်လိုပဲ ရှင်သန်ကြရမှာ..သေတဲ့လူက ခရီးဆုံးသွားပြီ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ‥ မသေဘဲ ကျန်တဲ့သူတွေက စားစရာအတွက် ပြောင်းရွှေ့နေရဦးမှာပဲ"

"ဟုတ်ပါပြီ နို့က ခင်ဗျားတို့ကိုစွ ကျွန်တော်တို့ ခုလာကြတာ သည်နှားမယ်ရှိတဲ့ချောင်းက ဘာချောင်းလို့ခေါ်လဲ"

လင်းမြင့်လှိုင်က ကျွန်တော်တို့ တက်လာသည့်ချောင်းကို ရည်ရွယ်မေးလေ၏။

သို့ဆိုတော့ ထိုလူက ကျွန်တော်တို့ကို ပြုံး၍ ကြည့်လာချေပြီး

"သူများတွေတော့ ဘယ်လိုခေါ်ကြလဲမသိဘူး၊ ကျုပ်တို့ကတော့ သည်ရောက်တာကြာပြီဆိုတော့ သည်ချောင်းကို ကောင်းကောင်းသိတယ်"

"နို့ဖြင့် ပြောချေဗျာ"

"မအူချောင်း"

"ဗျာ‥ မအူချောင်း‥‥သေချာလား"

လင်းမြင့်လှိုင်က သေသေချာချာသိလို၍ မေးလိုက်ပြန်၏။

"ဟုတ်တယ်‥‥သည်ချောင်းရေကျတာက ပလုံး"

သို့ဆိုတော့ လင်းမြင့်လှိုင်ပြုံးသွားချေတော့၏။

"ကျွန်တော်တို့ ဥက္ကံကြိုးဝိုင်းထဲပဲ ရှိကြသေးတာဗျ‥၊ သာယာဝတီတက်များ ရောက်သွားသလားလို့ သည်ချောင်း မအူချောင်းဆိုတာ ကျွန်တော်သိပြီ၊ အဲဒီ့ မအူချောင်းကို စုန်ဆင်းလိုက်ရင် ပလုံးကို ရောက်ပြီဆိုတော့‥ မီးလောင်ကုန်းကို ကပ်သွားပြီလေ"

လင်းမြင့်လှိုင်က အားရဝမ်းသာပြောပေမင့် ခင်ဝင်း တစ်ယောက်ကတော့မှု မျက်စိမျက်နှာပျက်နေချေပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခက ကျွန်တော်ဗျာ・・ဘယ်လိုလုပ် တောင်သူကုန်းကို ပြန်ရမှာလဲ" လို့ စိတ်ညစ်ငြီးစွာ ပြောလာလေ၏။

"မပူပါနဲ့ကွာ・・ငါတို့တာဝန်ယူပါတယ်"

လင်းမြင့်လှိုင်က ပြောလေ၏။

လင်းမြင့်လှိုင်က တောင်သူကုန်းရွာ ဆိုလိုက်သည်ကြောင့် ဆံပင်ဖြူ မျက်စိမျက်နှာပျက်သွားသည်ကို ကျွန်တော် သတိထားလိုက်မိတော့၏။

"ကျွန်တော် တစ်ခု အကူအညီတောင်းချင်တယ်"

လင်းမြင့်လှိုင်က ထိုသူကို ပြောလိုက်၏။

"ပြောကြည့်ပေါ့"

"သည်တဲစုလေးမယ် သည်တစ်ညတည်းခိုချင်တယ်၊ ဖြစ်နိုင်ပါ့မလား"

သို့ဆိုတော့ ထိုလူသည် မျက်နှာပျက်သွားကာ

"နို့ဒါက သည်လိုရှိတယ်၊ ကျုပ်တို့ဆီမယ် လူကြီးရှိတယ်၊ သူသဘောတူရင်တော့ဖြစ်တယ်"

"နို့ဖြင့် အဲဒီလူကြီးနဲ့ တွေ့ပေးပါကလား"

သူခေါင်းညိတ်ပြသည်ဆိုပေမင့် သဘောကျသည့်ဟန်တော့ မမြင်မိပါချေ・・・။

"လိုက်ခဲ့ချေ" ဆိုလေသဖြင့် သူ့နောက်လိုက်သွားကြတော့၏။

သို့မှ ကျွန်တော်တို့အား တဲစုနေ ယောကျ်ား မိန်းမလေး တို့က ဝိုင်းအုံကြည့်နေသည်ကို သတိထားမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကို လူထူးလူဆန်းလို့ ထင်နေကြပုံပင်..။

"ခင်ဗျားတို့က ဘာလူမျိုးလဲ"

ကျွန်တော်က လမ်းသွားရင်း မေးလိုက်၏။

"ကျုပ် ခင်ဗျားတို့နဲ့ ဘာစကားပြောနေလဲ"

"အလိုလေးဗျာ...နို့တော့သိတာပေါ့..ဗမာလို ပြောနေတာပဲ"

သို့ ကျွန်တော်က မကြေမနပ်ပြောလိုက်၏။ ထိုလူက စကားကို ကတ်ဖဲ့ပြောတတ်လေခြင်းဟု ထင်လိုက်သောကြောင့် ဖြစ်၏။

"အေး.. ဗမာလိုပြောတယ်ဆိုတော့ ဗမာပဲပေါ့ဗျာ"

သို့ဆိုတော့ လင်းမြင့်လှိုင်ကလည်း ကျွန်တော်ကို ကြည့်လာပြီးပြုံးချေတော့၏။

စကားမရှိ စကားရှာတဲ့ကိုပိုက် မှတ်ပြီလားဆိုသည့်သဘောပင်၊ သို့ကြောင့် ကျွန်တော် သူ့အား မကြေမနပ်ဖြစ်သွားပေပြား ဆိတ်ငြိမ်နေလိုက်ချေတော့၏။

ထိုသူသည် ကျွန်တော်တို့အား ဦးဆောင်ခေါ်သွားနေခြင်းဖြစ်၏။

သို့မှ စုတ်စုတ်ပြတ်ပြတ် အိမ်ဟု ဆိုရမည့် တဲတစ်လုံးသို့ ရောက်သွားကြ၏။

"ခင်ဗျားလူကြီးနေတဲ့ တဲလား"

ကျွန်တော်က မေးလိုက်၏။

"ခင်ဗျား အံ့ဩသွားမှာပါ။ ဘယ်သူဆီလာလဲ သိရတော့မှာပေါ့"

တဲနားသို့ ရောက်သွားသည်တွင်

www.burmeseclassic.com

www.burmeseclassic.com



"ဝုတ်"
"ဝုတ်"
"ဝုတ်"
"ဟာ"
"ဟင်"

အလိုလေးဗျာ . .တဲနား ကျွန်တော်တို့ သုံးယောက် ရောက်သွားသည်နှင့် ရုတ်ခြည်းဆိုသလို ကျွန်တော်တို့ထံ ခွေးသုံးကောင် အပြေးအလွှားရောက်လာကြချေ၏။

ခွေးသုံးကောင်က မာန်ဖီဟန့်တားလာကြတော့၏။

"ဟိတ်ကောင်တွေ.. သွားကြစမ်း..''ဖိုးဖြူ'' ပါလာတာပဲ၊ မိတ်ဆွေတွေပဲဖြစ်မပေါ့"

သို့အသံနှင့်အတူ အသက်အားဖြင့် ခေါင်းဖြူလူထက် အသက်ကြီးဟန်တူသည့် အဘိုးကြီးတစ်ယောက် တဲအတွင်းမှ ထွက်လာပြောချေတော့၏။

ထိုလူကြီးသည်လည်း တစ်ပုံစံတည်းပင်၊ သို့ြား အများထဲမှ ထူးခြားမှုဟုပြောနိုင်သည့် ဆံပင်ရှည် သျှောင်ထုံး ထုံးထားခြင်းပင်။ သူ့တွင်မတော့ မုတ်ဆိတ်မရှိ၊ နှုတ်ခမ်းမွေးထူထူကြီးတော့ ရှိချေ၏။

မည်းနက်သော နှုတ်ခမ်းမွေးတော့ဖြင့်မဟုတ်၊ ဖြူဖွေးသော နှုတ်ခမ်းမွေးဖြစ်၏။ သျှောင်ထုံးကတော့မှ မည်းနက်နေချေ၏။

လက်ထဲတွင်မတော့ လုံရှည်တစ်ချောင်းကိုင်ထားချေ၏။

သျှောင်ထုံးတွင် အောက်လောင်းငှက်တောင်ကြီး ထိုးစိုက် ထား၏။

www.burmeseclassic.com

www.burmeseclassic.com



"လူကြီးဆိုတာလား"

ကျွန်တော်က ဆံဖြူလူကို တိုးတိုးကပ်မေးလိုက်၏။

"အင်း" ဟုသာ ပြော၏။

"ဖိုးဖြူ ညွှန့်သည်တွေက မင်းညွှန့်သည်တွေပေါ့၊ ဘာကိစ္စလဲ ပြော"

သို့ဆိုတော့ ဖိုးဖြူဆိုသည့်လူသည် ခေါင်းကို ခါယမ်းလိုက်ပြီး

"ကျွန်တော့်ညွှန့်သည်မဟုတ်ဘူး၊ မထင်မှတ်ပဲ ရောက်လာထဲ သူတွေပါ"

"နို့ဖြင့်လည်း ဘာလို့ ငါ့ဆီခေါ်လာတာပဲ"

အလိုလေးဗျာ.. ဘယ်လိုလူကြီးပါလိမ့်...။

"သူတို့က တဲစုမယ် တစ်ညတည်းခိုချင်တယ်ဆိုလို့"

"ဟော"

သို့ဆိုတော့ သျှောင်အဘိုးအိုသည် ကျွန်တော်တို့အား ခြေဆုံးခေါင်းဆုံးစေ့စေ့ကြည့်လာချေပြီ

"မင်းတို့တစ်ည အိပ်ချင်တာတော့ဖြစ်တယ်၊ ဘာမှ ငါတို့ ညွှန့်ခံနိုင်မှာ မဟုတ်ဘူး"

သို့ဆိုတော့ လင်းမြင့်လှိုင်က ထိုသျှောင်အဘိုးအိုကို ပြုံး၍ ကြည့်လိုက်ချေပြီး

"အစ်ကိုကြီးကို ကြည့်တော့ တွန့်တိုတဲ့ သဘောတော့ မဟုတ်လောက်ဘူးထင်ပါတယ်" လို့ ပြောလိုက်သည်တွင် ထိုသျှောင်အဘိုးအို၏ မျက်နှာ ညိုးကျသွားချေပြီး

"ငါ မင်းတို့ကို ညွှန့်သည်အနေနဲ့ ကောင်းကောင်းမွန်မွန် ညွှန့်ခံချင်ပါတယ်၊ နို့ပေမင့် ငါတို့မယ် နောက်တစ်ရက် နစ်ရက်ဆို

www.burmeseclassic.com

www.burmeseclassic.com



စားစရာ ပြုတ်နိုင်တယ်၊ နို့ကြောင့်ပါကွာ"

သို့ဆိုလာသဖြင့် ကျွန်တော်သည် ထိုသျှောင်အဘိုးအိုကို ထူးဆန်းစွာ ကြည့်နေလိုက်မိတော့၏။

"ဘယ်လိုကြောင့်လဲဆိုတာ သိနိုင်မလား၊ သူပြောတော့ အသက်ရှင် ရပ်တည်ဖို့သားကောင်တွေကို ရှာဖွေသတ်ဖြတ်စားကြတာပဲဆို၊ သည်တောကြည့်ရတာ သားကောင်ပေါပုံပါဗျာ.. ခုလို ရိက္ခာပြတ်တော့မယ်ဆိုတာ ဘာလို့များလဲ"

သို့ လင်းမြင့်လှိုင်က မေးလိုက်၏။

သည်တွင် ထိုသျှောင်အဘိုးအိုက..

"သားကောင်ပေါတယ်..သိပ်ဟုတ်တာပေါ့..ငါတို့လည်း သည်နေရာကို သဘောကျတယ်.နို့ပေမင့် ခုလိုဆိုလျှင်ဖြင့် ငါတို့တွေ သည်ကနေ နောက်သုံးလေးရက်ဆို ထွက်သွားကြတော့မယ်ကွ"

"ဘာလို့လဲဗျာ..ပြောလို့ ဖြစ်ရင်ပြောပါလား"

"ပြောပြီးလေ ရိက္ခာတွက်ပေါ့"

"အော်..နို့ဖြင့် ကျွန်တော်တို့ကို သည်တစ်ညတည်းခိုခွင့်ပေးပါ။ ကျွန်တော်တို့ ရိက္ခာရှာပေးပါ့မယ်"

သို့လင်းမြင့်လှိုင်က ပြောသည်တွင် ခေါင်းဖြူလူနှင့် သျှောင်အဘိုးအိုက ကျွန်တော်တို့အား မယုံကြည်ဟန်ဖြင့်ကြည့်နေခြင်းကြောင့်

"ဘာလဲ.. မယုံဘူးလား.. ၊ စိတ်ချပါ ကျွန်တော်တို့မယ် သေနတ်တွေရှိတယ်၊ သားကောင်ရစေရမယ်"

သို့ လင်းမြင့်လှိုင်က ပြောသည်တွင် သျှောင်အဖိုးအိုက

"ယုံတယ်၊ နို့ပေမင့် ဟိုကောင်ကြီးကြောင့် ဖြစ်လာနိုင်မယ် မထင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဘယ်လို"

"သည်တောမယ် ဟင်းကောင်ကြီးရှိနေတယ်၊ လွန်ခဲ့တဲ့ သုံးရက်လောက်က ငါ့လူနှစ်ယောက်ကို စားသွားသေးတယ်"

"ဗျာ"

"ဟင်"

"လူသားစားကျားပေါ့ . . . သိပြီ . . ခင်ဗျားတို့ အဲဒီ လူသားစားအကောင်ကြောင့် ရိက္ခာမရှာနိုင်ကြဘူးပေါ့"

"ဟုတ်တယ်"

"မပူပါနဲ့ ကျွန်တော်တို့ ဟင်းကောင်ကြီးကို ရှင်းပေးပါ့မယ်"

လင်းမြင့်လှိုင်က အာမခံပြောလိုက်၏။

သည်တွင် ခေါင်းဖြူသောလူနှင့် သျှောင်အဘိုးကြီးပါ မျက်နှာ အားတက်ရွှင်လန်းသွားကြတော့၏။

"ဟုတ်ပြီ . . ကူညီမယ်ဆိုတော့ အတိုင်းထက်အလွန်ပေါ့ ကွာ . . ငါတို့ကို ကူညီစမ်းပါ"

"နို့ဖြင့် သည်တစ်ည တည်းခိုခွင့်ပေးပြီပေါ့"

"အေး . မင်းတို့က ငါတို့ကို ဘယ်လိုထင်လဲ မသိဘူး၊ တကယ်တော့ ငါတို့က ဘယ်သူလာလာ လက်ခံပါတယ်ကွ၊ ခုဟာ ကလည်း သည်ဟင်းကောင်ကြီးကြောင့် ငါတို့ ရိက္ခာ အကြပ် အတည်းကြောင့် ငါ့ခွင့်ပြုချက်မရဘဲ ဘယ်သူစိမ်းကိုမှ ညအိပ်လက်မခံ ဖို့ ပြောထားလို့ပါကွာ"

သို့ဆိုတော့ ကျွန်တော်သဘောပေါက်သွားပြီး ဖြစ်ချေ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ နေရာထိုင်ခွင့် ကျွန်တော်တို့ ရသွားပြီ၊ ကျွန်တော်တို့နှစ်ယောက် အမဲသွားရှာပစ်မယ်၊ နောက်နေ့မှ ဟင်းကောင်ကြီးကို လိုက်ရှင်းပေးမယ်"

လင်းမြင့်လှိုင်က သို့ပြောလိုက်သည်တွင် မောင်ဝင်းက ကျွန်တော်နားကပ်လာချေပြီး

"ဘယ်လိုလဲ ကျွန်တော် ရှာပြန်မယ့်ကိစ္စ မဖြစ်တော့ဘူးလား"

မေးလာလေ၏။

လင်းမြင့်လှိုင်က

"မင်းမနက်ဖြန် ပြန်ရရင် ပြီးရောမဟုတ်လား" လှမ်းပြောလာချေ၏။

သို့မှ သျှောင်ဆံထုံးအဘိုးအိုက

"ငါ့အိမ်ကတော့ မသားနားဘူး၊ နို့ပေမင့် မင်းတို့တွက် လွတ်လပ်မှုရှိမယ်ထင်ပါရဲ့ သည်မယ် ငါတစ်ယောက်တည်းနေတာလေ၊ အဲ ဟိုသုံးကောင်တော့ရှိတယ်"

သို့ဆိုလျက် တဲရှေ့တွင် စောင့်ကြောင့်ထိုင်ကြည့်နေသော ခွေးသုံးကောင်ကို ပြလေ၏။

"ကောင်းပါတယ် ကျွန်တော်တို့ အစ်ကိုကြီးတဲမှာပဲ နေလို့ရရင် ရပါတယ်"

လင်းမြင့်လှိုင်က ပြောလေ၏။

"ဟုတ်ပြီ‥နို့ဖြင့် ကျုပ်သွားတော့မယ်"

ခေါင်းဖြူက သို့ပြောပြီး လှည့်ထွက်သွားချေတော့၏။

"ကဲ‥ကဲ‥လာကြကွာ‥မင်းတို့ ငါ့တဲမယ် အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



သလို နေကြချေ၊ ဟုတ်ပလား··ငါတော့ ထုံးစံအတိုင်း အလုပ်လုပ်ချေဦးမယ်" ဆိုလျက် သျှောင်အဘိုးအိုသည် တဲတွင်းဝင်သွားလေတော့၏။

ကျွန်တော်တို့သည်လည်း တဲအတွင်းဝင်လိုက်ကြ၏။ ဘုရားရေ တဲအတွင်း အခန်းရယ်လို့ မရှိ ရင်ကွဲဇရပ်နှယ် ဆောက်လုပ်ထားခြင်းပါကလား၊ အော်··အဘိုးအိုသည် အိမ်တွင်းဝင်သွားသည်ဆိုပေမင့် နောက်ဖက်ပေါက်မှ ထွက်သွားလေခြင်း ဖြစ်၏။

ကျွန်တော်တို့သည် ရင်ကွဲအဆောင်တွင် နေသာသလို နေလိုက်ကြ၏။

ခေတ္တမျှ နားနေလိုက်ကြပြီးနောက် လင်းမြင့်လှိုင်က သေနတ်ကို ဆွဲ၍

"ကျွန်တော် အမဲသွားရှာဦးမယ်" ဆိုလျက် သျှောင်အဘိုးအိုထွက်သွားသည့်နောက်ဘက်ပေါက်မှ ထွက်သွားလေတော့၏။

သို့ဆိုတော့ ကျွန်တော်သည် လင်းမြင့်လှိုင်ထွက်သွားသောအပေါက်နားသို့ သွားရောက်ပြီး လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

ဘုရားရေ·· နောက်ဘက်တွင် ချောင်းရှိပါကလား ။

လင်းမြင့်လှိုင်သည် ချောင်းတစ်ဖက်ကမ်းရှိ တောတွင်းသွားလိုခြင်း ဖြစ်ချိမ့်မည်။ ချောင်းထဲဆင်းသွားချေ၏။

ချောင်းထဲတွင်မတော့ ရေစီးတိမ်တိမ်သာ ရှိချေ၏။

သျှောင်အဘိုးအို ဘယ်ထွက်သွားတာပါလိမ့်၊ လင်းမြင့်လှိုင် တစ်ဖက်ကမ်းသို့ တက်သွားသည်တွင် ကျွန်တော်သည် ဇော်ဆီ တစ်ပိုက် ကဲကြည့်လိုက်၏။

သျှောင်အဘိုးအိုသည် တောထဲဝင်သွားလေသည်လား၊ သို့

www.burmeseclassic.com

www.burmeseclassic.com



တည်းမဟုတ် ဘယ်သွားသည်လဲ။

"ဟာ"

သို့ရှိစဉ် မောင်ဝင်းထံမှ သို့အသံကြောင့် ကပျာကသီ နောက်လှည့်ကြည့်မိချေတော့၏။

"ဘုရားရေ"

မောင်ဝင်းတစ်ယောက် တန်းလျားပေါ်တွင် ဆောင့်ကြောင့် ထိုင်၍ အောက်ခြေနေရာသို့ မှ ်လုံးပြူး မျက်ဆန်ပြူး ကြည့်နေလေ ခြင်းကြောင့် ကျွန်တော်သည်လည်း ကြည့်လိုက်၏။

တောကြီးမြွေဟောက်ပါကလား။ မောင်ဝင်းဘက်သို့ မျက်နှာ မူရင်း ပါးပျဉ်းခွက် ယိမ်းထိုးနေပါကလား။

ကျွန်တော်သည် လက်ဝှေ့င်းရှိ သေနတ်ဒင်ဖြင့် ထိုမြွေ ကောင်ကို နောက်မှ ရိုက်လေမည် လက်အလွဲတွင်

"မလုပ်ပါနဲ့"

သို့အသံကြောင့် လှည့်ကြည့်လိုက်၏။

သျှောင်အဘိုးအိုပါကလား။ ဘယ်က ဘယ်လို ရောက်လာ တာပါလိမ့်. .။

"နို့ဖြင့် ဘယ်လိုလုပ်မလဲ"

သည်တွင် သျှောင်အဘိုးအိုက ကျွန်တော့်အား ပြုံးပြ လာပြီး. .။

"ငါ့အဖော်အနေနဲ့ သူ့ကိုမွေးထားတာ"

"ဟင်"

"တောကြီးမြွေဟောက်ကောင်အား မွေးထားသည်ဆိုပါက

www.burmeseclassic.com

www.burmeseclassic.com



လား၊ ဘယ်လို ဖြစ်နိုင်မှာတုံး‥‥အစ္စရာယ်များပါဘိ"

"ဘာလဲ မင်းက မယုံဘူးလား"

သျှောင်အဘိုးအိုက သို့ပြောပြီး လေတစ်ချက် ချွန်လိုက်၏။

"ရှီ"

အလိုလေးဗျာ‥ပါးပျဉ်းခွက်နေသည့် တောကြီးမြွေဟောက်သည် ပါးပျဉ်းကိုချ ခန္ဓာကိုယ်ဝပ်၍ အဘိုးအိုထံ လိမ်ဖယ်ရှောတိုက်လာလေတော့၏။

"မင်း မကြောက်နဲ့ အဲဒီမှာပဲ ရပ်နေ"

သို့ ကျွန်တော်ကိုလည်း အဘိုးအိုကပြောလိုက်လေသဖြင့် ကျွန်တော်ကျောက်ရုပ်တစ်ရုပ်လို ရပ်နေလိုက်၏။

ကျွန်တော် မလှုပ်ရှားရဲပါချေ။ လှုပ်လိုက်သည်နှင့် တောကြီးမြွေဟောက်ကောင်က မျက်စိနောက်သွားပြီး ကျွန်တော့်အား မာန်ဖီကိုက်ခဲလာနိုင်လေသောကြောင့် ဖြစ်၏။

ဘုရားရေ‥ အသည်းယားစရာပါကလား။

မြွေကောင်သည် သို့မှ အဘိုးအို၏ ခါးကို ခါးပတ်နှယ့်ပတ် လိုက်ချေပြီး ဦးခေါင်းကို အဖိုးအို၏ ဝမ်းဗိုက်နားလောက်တွင် ထောင်မတ်နေလိုက်၏။ လျှာလေးပြူတစ်ပြူတစ်ထွက်နေချေတော့၏။ အံ့ဖွယ်ပင်ကောင်းသေတော့၏။ တောကြီးမြွေဟောက်ကို ယဉ်ပါးအောင် ဘယ်လိုများ အဘိုးအိုလုပ်ထားတာပါလိမ့်။

"တွေ့ပြီလား၊ ငါ့သားကြီးဆိုလည်း ဟုတ်တယ်"

"မသိလို့ပြစ်မှားတော့မလို ဖြစ်သွားတာ ခွင့်လွှတ်ပါ"

ကျွန်တော်က သျှောင်အဖိုးအိုကို သို့တောင်းပန်လိုက်ရ၏။

"ဒိန်း"

www.burmeseclassic.com

www.burmeseclassic.com



သို့ရှိစဉ် လင်းမြင့်လှိုင် သွားရာဘက်မှ သေနတ်သံ တစ်ချက် ကြားလိုက်ရ၏။

သျှောင်အဘိုးအိုကတော့မှု အံ့သြတကြီးဖြစ်သွားပုံပင်၊ သေနတ်သံကြားရာသို့ ငေးမောကြည့်နေလေ၏။

"အစ်ကိုကြီးတို့အတွက် အဆင်ပြေပါလိမ့်မယ်"

သို့ ကျွန်တော်က လင်းမြင့်လှိုင်အကြောင်း ကောင်းကောင်း သိသဖြင့် သို့ ကြားဝါပြောလိုက်ခြင်း ဖြစ်၏။

"ဘယ်လိုပြောနိုင်မှာတုံး"

သျှောင်အဘိုးအိုက ကျွန်တော်အား မေးလာလေတော့၏။

"ကျွန်တော်သူ့ကိုယုံတယ်၊ တစ်ချက်တစ်ကောင်သမားလေ"

သျှောင်အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်ပြလာချေပြီး

"အဲလိုဆို ကောင်းပါရဲ့ကွာ" ပြောလာလေတော့၏။

အတန်ကြာတွင် လင်းမြင့်လှိုင်တစ်ယောက် ချောင်းထဲ ဆင်းလာသည်ကို လှမ်းတွေ့လိုက်ကြ၏။

ဘုရားရေ • လင်းမြင့်လှိုင် လက်ထဲတွင် ဘာသားကောင်မှ မပါပါကလား ။သို့ကြောင့် သျှောင်အဘိုးအိုက ကျွန်တော်အား လှောင် ပြုံးလေး ပြုံးပြလာချေပြီး

"ငါယုံလို့ မဖြစ်တော့ဘူး" လို့ ပြောလာချေသဖြင့် ကျွန်တော် အတော်ကလေးရှက်မိလေတော့၏။ လင်းမြင့်လှိုင်သည် ဘယ်လိုဖြစ် ရတာပါလိမ့်၊ ခါတိုင်း လင်းမြင့်လှိုင်ထံမှ သေနတ်သံကြားရင် တစ်ကောင်သေချာပြီပဲ၊ ခုတော့ ဘယ်လိုဖြစ်ရတာပါလိမ့်။

လင်းမြင့်လှိုင် အနားရောက်လာသည်တွင် ကျွန်တော်က

"ကိုလင်းရယ် ဘာကောင်မှ မရဘူးပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်၏။

"မင်းကွာ..လေကုန်ခံပြောရတယ်လို့ သူ့လက်ထဲ သေနတ်ပဲ ပါတယ်လေကွာ"

သို့ သျှောင်အဘိုးအိုက ရွှဲပြုံးပြုံးပြ ပြောလာလေတော့၏။

"အကူအညီပေးပါဦး"

လင်းမြင့်လှိုင်က သျှောင်အဘိုးအိုကို ပြောလိုက်၏။

"ပြောလေကွာ"

"လူသုံးလေးယောက် ခေါ်သွားချင်တယ်"

"ဘာလုပ်မလို့လဲ"

"ပြောင်တစ်ကောင်ကို ပစ်ခဲ့တာ အဲဒါ သွားသယ်ခိုင်းချင်လို့"

"ဟေ"

အလိုလေးဗျာ..ကျွန်တော် လွန်မင်းစွာ ဝမ်းသာသွားတော့၏။ ထင်တော့ထင်သားကလား။

သို့ကြောင့်လည်း ကျွန်တော် သျှောင်အဘိုးအိုကို အနိုင်ရဟန် မျက်နှာပေးဖြင့် ကြည့်လိုက်ချေပြီး ယဲ့ယဲ့ပြုံးပြလိုက်ချေတော့၏။

"ပြောင်ကြီးတစ်ကောင်ဆို အစ်ကိုကြီးတို့စခန်းအတွက် အတော်လုံလောက်ပါပြီ.. ဟုတ်လား"

သို့ လင်းမြင့်လှိုင်က သျှောင်အဘိုးအိုကို ပြောလိုက်ချေတော့၏။

"အတိုင်းထက်အလွန်ပါပဲကွာ.. ငါ မင်းကို တောင်းပန် ပါတယ်"

သျှောင်အဘိုးအိုက ကျွန်တော်ကိုပါကြည့် သို့ပြောလာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်တစ်ယောက် ကြောင်စီစီဖြစ်သွားချေ၏။ ဘာလို့များ အဘိုးအိုက ကျွန်တော်ကို တောင်းပန်ရတာပါလိမ့်ရယ်လို့ပေါ့..၊ သို့ကြောင့် ကျွန်တော်က အဖြစ်မှန်ကို ပြောလိုက်ချေတော့၏။

"ကိုပိုးဂျရယ်..ကျွန်တော့်အကြောင်းလဲ သိလျက်နဲ့ ဘယ်လိုလုပ် အဲလို စိတ်ဓာတ်ကျသွားရတာလဲ.. ခုကျွန်တော်က တဲစုတွက် လုံလုံလောက်လောက်ဖြစ်အောင် ပြောင်းကောင်ကြီးကိုပစ်ခဲ့တာပါဗျ။ နို့မှ ကျွန်တော်တို့ ဟင်းကောင်ကြီးကိုလိုက်ပြီး ရှင်းတဲ့ အချိန်ထိ သည်မယ် ရိက္ခာလုံလုံလောက်လောက် ရှိနေမှာပေါ့"

"ကျေးဇူးအများကြီးတင်ပါတယ်ကွာ၊ နို့ကြောင့် မင်းတို့ ဘာလိုအပ်လဲ ပြောပါ၊ တတ်နိုင်တာ မင်းတို့ကိုလုပ်ပေးမယ်"

သျှောင်အဘိုးအိုက သို့ပြောလာချေတော့၏။

"လိုအပ်တဲ့အခါ ပြောမှာပေါ့ဗျာ"

ဟင်..လင်းမြင့်လှိုင် ဘယ်လိုသဘောနှင့် သို့ပြောရတာပါလိမ့်၊ ခါတိုင်းဆိုလျှင် သူကူညီတဲ့သူများက လင်းမြင့်လှိုင်ကို ကျေးဇူးဆပ်လိုကြသည်ဆိုပါက လက်ခံခဲ့သောသူမဟုတ်၊ ယခုဘယ်လို့ကြောင့် သျှောင်အဘိုးအိုမှ ကျေးဇူးဆပ်ခြင်းကို လိုအပ်နေပုံရပါလိမ့်။

"အေးရတယ်၊ ငါ့စကား တည်စေရမယ်"

သို့မှ သျှောင်အဘိုးအိုသည် မောင်ဝင်းအား"မင်းတဲစုကို သွားပေးစမ်းပါကွာ.. ငါက လူငါးယောက်လောက် လာခဲ့ပါလို့ သွားပြောပေးချေ"

သို့ဆိုတော့ မောင်ဝင်းသည် ကျွန်တော့်အား အဓိပ္ပာယ်ပါပါ ကြည့်ပြီး ထွက်သွားလေတော့၏။

ကျွန်တော် သူ၏ အကြည့်ကို သဘောပေါက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူပြန်ဖို့ကိစ္စ သတိပေးလာခြင်းဖြစ်ချေ၏။

လင်းမြင့်လှိုင်က သျှောင်အဘိုးအိုအား ကြည့်လိုက်ချေပြီး "ခွင့်ပြုမယ် ထင်ပါရဲ့" ဆိုပြီး သူဘောင်းဘီအိတ်ကပ်တွင်းမှ ဝီစကီပုလင်းပြားလေးကို ထုတ်၍ မြှောက်ပြလိုက်၏။

အဘိုးအိုက ပြုံး၍ ခေါင်းငြိမ့်လာချေပြီး

"ငါငယ်ငယ်က သိပ်ကြိုက်ခဲ့တာပေါ့၊ ခုတော့ [illegible]ထားတယ်၊ အသက်အရွယ်အရပေါ့ကွာ၊ တကယ်ဆို ဖြစ်ပါသေးတယ်၊ နို့ပေမင့် သည်မယ်က ရှားတယ်၊ သည်တော့ ဖြတ်လိုက်တာ အကောင်းဆုံးလေ"

"ကျေးဇူးတင်ပါတယ်ဗျာ"

လင်းမြင့်လှိုင်က အဖုံးဖွင့် မော့လိုက်ချေပြီ ကျွန်တော့်ကို လှမ်းပေးလာချေ၏။

"ငါက အားနာတယ်၊ မင်းတို့အတွက် အမြည်းလုပ်မပေးနိုင်လို့"

"ရပါတယ် အစ်ကိုကြီးရယ်၊ ကျွန်တော်တို့မယ် အကျင့်ဖြစ်နေပါပြီ၊ လောလောဆယ် အမြည်းမလိုသေးပါဘူး"

သို့မှ မောင်ဝင်း ပြန်ရောက်လာ၏။ ခေါင်းဖြူဦးဆောင်သော လူငါးယောက်ပါလာ၏။ လင်းမြင့်လှိုင်က ခေါင်းဖြူကို နေရာအတိအကျ မှတ်မှတ်သားသားပြောလိုက်၏။

ခေါင်းဖြူနှင့် ငါးယောက်ထွက်သွားကြသည်ဆိုပေမင့် ကျွန်တော်သူတို့နှင့် လိုက်သွားတော့၏။

ဟင်းကောင်အန္တရာယ် ကာကွယ်ပေးရန် ဖြစ်ချေ၏။

"မောင်ဝင်း မင်းပျင်းရင် လိုက်သွားပါကလား"

www.burmeseclassic.com

www.burmeseclassic.com



သို့လင်းမြင့်လှိုင်က ကာလသားခေါင်းမောင်ဝင်းကိုပြောလိုက်သံကြောင့် ကျွန်တော်သည် ခြေလှမ်းကိုရပ်လိုက်ချေပြီး မောင်ဝင်းအား ကြည့်လိုက်ချေ၏။

သူ့ ပုံကလျှင် ခေါ်သွားရန်ဖြစ်၏။ သို့ပေမင့် မောင်ဝင်းသည် ကျွန်တော့်အား ခေါင်းခါပြလေ၏။

"သူ မလိုက်ချင်ဘူးတဲ့"။ သို့ ကျွန်တော်က လင်းမြင့်လှိုင် ကို လှမ်းပြောလိုက်ပြီး၊ ခေါင်းဖြူတို့နောက် လိုက်သွားလေတော့၏။

သို့မှ ကျွန်တော်တို့သည် လင်းမြင့်လှိုင် ပစ်သတ်ခဲ့သည့် ပြောင်ကောင်ရှိရာသို့ အတန်ကြာတွင် ရောက်သွားကြ၏။

အတော်ကြီးသည့် ပြောင်ကြီးပါကလား။

"ဟင်"

ကျွန်တော် ထိုပြောင်ကြီးအား ဖင်နောက်ပိုင်းဘက်မှ မြင်ရလေခြင်းကြောင့် အနားရောက်သွားလေမှ ပြောင်ကြီးတွင် ဦးခေါင်း မရှိတော့သည်ကို တွေ့လိုက်သဖြင့် အံ့သြသွားမိချေ၏။

ဘုရားရေ.. လင်းမြင့်လှိုင်စခန်းပြန်လာတုန်း မည်သူကသည် ပြောင်ကြီးခေါင်းကို ဖြတ်ယူသွားတာပါလိမ့်။

သို့ကိစ္စ လင်းမြင့်လှိုင်တော့ သိလိမ့်မည် မဟုတ်၊ သို့မှ ကျွန်တော်သည် ထိုပြောင်ကြီးအား အကောင်လိုက်သယ်မနိုင်းတော့ဘဲ တစ်တွဲစီဖြစ်အောင် ခုတ်ဖြတ်ခိုင်းလိုက်၏။ ဘယ့်တွက်မှု ကြီးမားလှသောပြောင်ကြီးကို သူတို့ ငါးယောက် ခေါင်းဖြူနှင့် ကျွန်တော် ဆိုပါလျှင် ခုနစ်ယောက်အားနှင့် အကောင်လိုက် သယ်နိုင်မည် မဟုတ်ချေ။

သူတို့လူစုသည် ပြောင်ကြီးခေါင်းမရှိတော့လေခြင်းကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com



တော့ သိကြပုံမပေါ်။

ကျွန်တော်သည်သာလျှင် ပြောင်ကြီးခေါင်းကို တစ်စုံတစ်ဦးက ခုတ်ဖြတ်ယူသွားသည်ကို သိလေခြင်းဖြစ်၏။

သို့ကြောင့် သူတို့ပြောင်ကောင်ကို အသားဖျက်နေကြစဉ် "ကိုခေါင်းဖြူ ခဏနေချေဦးဗျ။ ကျွန်တော် သည်နားတဝိုက် အခြေအနေကြည့်လိုက်ဦးမယ်" ဆိုလျက် သူတို့အပါးမှ ထွက်ခဲ့တော့၏။

ပြောင်သေကောင်နှင့် ခပ်လှမ်းလှမ်းတွင် ခြေရာကို တွေ့ချေ၏။ လူတစ်ယောက်၏ ခြေရာဖြစ်သည်၊ လင်းမြင့်လှိုင် ခြေရာ မဟုတ်သည်တော့ သေချာ၏။

လင်းမြင့်လှိုင်ခြေရာဆိုပါလျှင် ဝေါကင်းရှူးဖိနပ်ရာဖြစ်လိမ့်မည်။ ယခု ထိုခြေရာသည် ဗလာခြေရာဖြစ်ချေ၏။ သို့ဆိုတော့ ကျွန်တော်တွက်မိလိုက်သည်မှာ ပြောင်ကောင်ခေါင်းကို ခုတ်ဖြတ်သွားသူသာ ဖြစ်နိုင်၏။

ကျွန်တော် ထိုခြေရာနောက်ယောင်ခံကြည့်မိသေး၏။

ကျွန်တော်၏ ယူဆချက် မမှားလေခြင်းမှာ ထိုတစ်ဝိုက်ရှိ ချုံပုတ်ပင်တို့၏ ကိုင်းဖျားအရွက်တို့တွင် သွေးတို့ပေကျံနေခြင်းကြောင့် ဖြစ်ချေ၏။

သို့ပေမင့် ကျွန်တော် အတော်လှမ်းလှမ်း ရောက်သည်တွင် မတော့ ခြေရာလုံးဝ ပျောက်သွားတော့၏။ချောင်းငယ်တစ်ခုထွင်း ဆင်းသွားပုံရ၏။ ထိုချောင်းသည် ရေစီးရှိပေပြား၊ ခြေသလုံးသား အလယ်လောက်သာ ဖြစ်ချေ၏။

သို့ပေမင့်လည်း ရေထဲဆင်းသွားသူသည် တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကမ်းပေါ် တက်သွားပုံမရ၊ ချောင်းအတိုင်း ဆန်၍သော်လည်းကောင်း၊ စုန်၍သော်လည်းကောင်း သွားလေခြင်း ဖြစ်ချိမ့်မည်။ သို့ဆိုတော့ ကျွန်တော် ပြောင်သေရှိရာ ပြန်သွားရုံသာ ရှိချေတော့၏။

သို့မှ ကျွန်တော်ပြောင်သေရှိရာပြန်လာသည်တွင် ထိုနေရာရောက်လုလုတွင် ကျွန်တော်၏လျှောက်လမ်း ခပ်လှမ်းလှမ်းအရှေ့တွင် လူနှစ်ယောက် စကားပြောသံကြောင့် ရပ်တန့်လှမ်းကဲ ကြည့်လိုက်၏။

အသံသာကြား၏။ လူတို့ကို မမြင်ရချေ။ ဘယ်တွက်မှုချုံပုတ်နွယ်ပင်တို့ နောက်ကွယ်မှ ဖြစ်ခြင်းကြောင့်ပင်။

ပထမတော့ ကျွန်တော် ကိုယ့်လမ်းကိုယ်ဆက်သွားရန် လုပ်လိုက်ပေမင့် ထိုလူနှစ်ယောက်စကားသံတွင် ဖိုးကံဆိုသည့် နာမည်ပါနေလေခြင်းကြောင့် ကျွန်တော် သူတို့နှစ်ယောက်နှင့် တွေ့ရန် ဆုံးဖြတ်လိုက်၏။ ဘယ့်တွက်မှု ကျွန်တော်တို့ လိုက်ရှာနေသော ဖိုးကံဖြစ်လေမလားပင်။

သို့ကြောင့် ကျွန်တော် တဖြည်းဖြည်းနှင့်ချဉ်းကပ်သွားလိုက်၏။

ကျွန်တော် ခြေသံလုံပေဖြား

"ဂျွတ်"

"ဟာ"

အနားရောက်လုတွင် သစ်ကိုင်းခြောက်တစ်ခုကို နင်းမိလေခြင်းကြောင့် သို့အသံထွက်သွားတော့၏။

ကျွန်တော်စိုးရိမ်သွားမိ၏။ သူတို့သိသွားကြလျှင် မည်သို့လုပ်လာကြပေလိမ့်မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



"သို့ ကျွန်တော်စဉ်းစားချိန်မရ။

'ဝရော・・ဝေါ・・ဝေါ・・ဘရော・・ဝေါ"

ဘုရားရေ・・ထိုလူနှစ်ယောက်သည် ကျွန်တော် သူတို့နား ရောက်လာမှန်းသိ၍ ပြေးသွားကြလေခြင်းဖြစ်သည်။

ကျွန်တော် အလွတ်မပေးလို၊ ပြေးလိုက်သွားလိုက်၏။

အလိုလေးဗျာ၊ အဟော်ဝေးဝေးသို့ ရောက်သွားကြချေပြီး ဖြစ်၏။

ဘယ်လိုလူတွေပါလိမ့်・・။ ကျွန်တော် သူတို့နှင့် ဆုံမည်ကို ဘယ့်တွက်ကြောက်လန့်နေကြတာပါလိမ့်・・။

သို့သည်က စဉ်းစားစရာပင်ဖြစ်၏။ သို့ဆိုသလို ပြေးလွှားသူ နှစ်ယောက်သည် ကျွန်တော့်အား မည်သူမည်ဝါ သိနေခြင်းကြောင့် များလေလား・・။

ကျွန်တော် သူတို့နှစ်ယောက်၏ နောက်ကျောကို လှမ်းတွေ့လိုက်၏။

ကျွန်တော် အထင်မမှားဆိုပါလျှင် တစ်ယောက်သော သူသည် ကျွန်တော်တို့နှင့် လိုက်ပါလာသည့် ခေါင်းဖြူဖြစ်ချိမ့်မည်။ ကျန်တစ်ယောက်တော့ဖြင့်ကျွန်တော် မမှတ်မိပါချေ။ မသိပါချေ။ သို့ပေမင့် ထိုလူသည် ဖိုးကံမဟုတ်မှန်းတော့သိလိုက်၏။ ဖိုးကံဆိုပါလျှင် လူကောင်သေးသည်ဟု သိထားသည် မဟုတ်ပါကလား။ ခုလူကတော့ မူ ကလန်ကလား ရှည်မျောမျောလူ ဖြစ်ချေတော့၏။

မည်သို့ပင်ဖြစ်စေ၊ ပြောင်သေနားရောကလျှင် ခေါင်းဖြူကို မတွေ့ပါက ထိုသူသည် ခေါင်းဖြူသေချာပေပြီ။ သို့ဆိုတော့ မေးကြည့် ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပြား ပြောင်သကောင်နားရောက်သည်တွင် ပြောင်ကောင်ကို အသားဖျက်နေကြသော လူစုတွင် ခေါင်းဖြူကို တွေ့ရချေ၏။ သို့ဆိုတော့ ကျွန်တော် တွေ့ရိုက်သောသူသည် ခေါင်းဖြူတော့ မဟုတ်နိုင်ချေ။

သို့ဆိုတော့ ပြောင်ခေါင်းခုတ်ဖြတ်ယူသွားသူများ ဖြစ်လေမလား၊ သို့ကြောင့် ခေါင်းဖြူကို တွေ့သည်နှင့် ကျွန်တော်က အကျိုးအကြောင်းကို ပြောပြလိုက်၏။

သည်တွင် ခေါင်းဖြူက ကျွန်တော့်အား ပြုံးစိစိ မျက်နှာပေးဖြင့် ကြည့်လာချေပြီး

"သူတို့ကိုလည်း မေးကြည့်ပါဦးဗျာ၊ ကျုပ် သည်ကနေ ဘယ်နေရာမှ မသွားပါဘူး"

သို့ဆိုတော့ လုပ်သားငါးယောက်သည် ကျွန်တော့်အား ပြုံးပြ ခေါင်းဖြူပြောစကားဟုတ်မှန်ကြောင်း ထောက်ခံပြောလာလေ၏။

သို့ပေမင့် ကျွန်တော် ခေါင်းဖြူ၏ ပြောပုံဆိုပုံကို သံသယရှိမိလေသည်ဖြင့် ခေါင်းဖြူတွင် ကိုင်ထားသည့် ယမထာကြိမ်ပင်၏ အကိုင်း အခက်လေးတစ်ခုကြောင့် ကျွန်တော့်သံသယ မမှားလောက်ဟု တွက်လိုက်၏။ သို့ပေမင့် ခေါင်းဖြူတော့ဖြင့် မပြောပါချေ၊ ဘယ့်တွက်မှု ကျွန်တော် ထိုလူနှစ်ယောက် စကားပြောနေသည့် နေရာရောက်သည်တွင် ယမထာကြိမ်အုံပင်ကို တွေ့ခဲ့လေသောကြောင့်ပင်၊ သို့ဆိုတော့ ခေါင်းဖြူ ထိုကြိမ်အုံပင်နား ရောက်ခဲ့လို့ပေါ့။

ကျွန်တော်တို့လာသည့် တစ်လျှောက်နှင့် ပြောင်သေနား တစ်ဝိုက်တွင် ယမထာကြိမ်အုံပင်မှ မရှိတာကလား။

အင်း . . . ကျွန်တော် မမှားလောက်ပေပြီ ခေါင်းဖြူတွင်

www.burmeseclassic.com

www.burmeseclassic.com



မည်သည့် လျှို့ဝှက်ချက် ရှိနေပါလိမ့်···၊ ပြီးတော့ သူတိတ်တခိုး တွေ့ခဲ့သူသည် ဘယ်သူများပါလိမ့်၊ သို့က ···မရိုးသား၍ ဖြစ်ချိမ့်မည်။

သို့ဖြင့် ခေါင်းဖြူနှင့် ပါလာသည့် လူငါးယောက်သည်လည်း တစ်ဖွဲ့တည်းများလေလား၊ ကျွန်တော့်စိတ်တွင်းမှာသာ ထားလိုက်ချေ တော့၏။

အတန်ကြာတွင် ပြောင်ကောင်အား အသားတို့ဖျက်ပြီးလေ သဖြင့် တဲစုသို့ ပြန်ခဲ့ကြတော့၏။ အပြန်လမ်းတွင် ကျွန်တော်တို့ နောက်မှ လည်းကောင်း၊ ဘေးတစ်ဘက်တစ်ချက်မှလည်းကောင်း ခြေသံတရှပ်ရှပ်ကို ကြားရသဖြင့် ကျွန်တော်သည် လုံခြုံရေးကို သတိထားနေရချေ တော့၏။

လူသားတို့ကို ဒုက္ခပေးသည့်ကျားကောင်များလေလား။ သို့ တည်းမဟုတ် အခြားလူတစ်ယောက် ကျွန်တော်တို့အား ခြေရာခံ လိုက်လာခြင်းများလေလား၊ မပြောတတ်ချေပြီ၊ သို့ ကျွန်တော်၏ အတွေးမှာ မှန်ကန်သောအတွေးတစ်ခုရှိသည်ကို ခေါင်းဖြူက သက်သေပြလေသည်ပဲ၊ ထိုသည်ကား· · ။

“ဆရာလေး··ကျုပ်တို့နောက်၊ ဘေးတို့ကနေ ဟင်းကောင် လိုက်ချောင်းနေတာများလား”

မေးလာခြင်းကို ထောက်ခြင်းအားဖြင့် သူနှင့် ပတ်သက်နေ သော လူမဖြစ်နိုင်သည်ကို သိလိုက်ရပေ၏။

အကယ်၍ သူလူဆိုပါလျှင် သို့ မည်သို့ ကျွန်တော့်အား ပြောလာလိမ့်မည်နည်း၊ မသိလိုက် မသိဘာသာပင် နေတော့မပေါ့။

သို့ဆိုတော့ ကျွန်တော်သည်ပို၍ သတိထားရ၏။ ခြေရာခံ လိုက်သူလူဆိုလျှင် ကိစ္စမရှိ၊ ဟင်းကောင်ဆိုပါလျှင် လူလို စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



တွေးတောလိမ့်မည်မဟုတ်၊ သူ့တွက် အခွင့်အရေးရသည်နှင့် ကျွန်တော်တို့အား ဒုက္ခပေးလာလေရော့မည်။

သို့မှ

"ဟား..ဆရာလေး ဟိုတက် ချုံပုပ်ကြားနောက်က အသံဗျ၊ ပစ်လေဗျာ...ပစ်...ပစ်"

သို့ဆိုတော့ ဟင်းကောင် သေချာလို့များလား...။ သူ့ကိုလည်း မယုံရဲ..သို့ကြောင့်။

"အဲလို ရမ်းသမ်းပစ်လို့ ဘယ်ဖြစ်ပါ့မလဲ...တကယ်လို့ သားကောင်၊ သားရဲကောင် မဟုတ်ဘဲ လူဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် ခေါင်းဖြူက ကျွန်တော့်အား အထင်သေးသော မျက်လုံးဖြင့် ကြည့်လာချေပြီး

"ဆရာလေးက မုဆိုးဆိုဗျ"

"အင်း"

"လူနဲ့ သားကောင် မခွဲခြားတတ်ဘူးလား"

သို့မေးလာသဖြင့် ကျွန်တော် သူ့အား ဒေါသထွက်မိ၏။

"ခင်ဗျားပြောတာကို ကျွန်တော် ဘယ်လိုယုံရမလဲ"

သို့ ကျွန်တော်က ပြောလိုက်လေသည်တွင် သူက ထေ့ပြုံးလေး ပြုံးလာချေပြီး

"ကျုပ်အာမခံတယ်၊ လူဖြစ်နေရင် အဲဒီသေနတ် ကျုပ်ကိုပေးလိုက် ဆရာလေး.. ကျုပ်ဖစ်တာလို့ ဝန်ခံမယ်..ဘယ့်နှယ်လဲ"

အာမခံရဲလှချည်လား...။ သူ့ဘာကိုကြည့်၍ အပိုင်ပြောနေတာပါလိမ့်၊ ကျွန်တော်ကတော့မူ မည်သည့် သဲလွန်စမျှ မရလေ

www.burmeseclassic.com

www.burmeseclassic.com



သည်ပဲ၊ ချုပတ်နောက်ကွယ်မှ ခြေသံတရှပ်ရှပ်ကိုသာ ကြားရလေခြင်းဖြစ်သည်ကိုး…။

သို့ပေမင့် သူကသို့ အာမခံပြောလာလေတော့

"တွေ့သေးတာပေါ့" ဆိုလျက် ကျွန်တော်သည် ထိုနေရာသို့ သေနတ်ဖြင့် လှမ်းပစ်လိုက်ချေ၏။

"ဒိုန်း"

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံနှင့်အတူ၊ သားရဲကောင်သည် ရှုတ်ခြည်းဆိုသလို ဘေးသို့ ပြေးထွက်သွားတော့၏။

"ဘုရားရေ… ကျားသစ်ကောင်ပါကလား"

ဘယ်လိုကြောင့် ကျားသစ်ကောင်ဖြစ်ရတာပါလိမ့်၊

"ဆရာလေး လက်မှန်းတည့်ပုံမပေါ်ဘူး၊ ဘာဝေးတာမှတ်လို့ ခွေးသာသာအကောင်ရှိတာ ပစ်မလွဲဖြစ်ရမပေါ့"

သို့ပြောလာသည့် ခေါင်းဖြူကို ကျွန်တော် မကျေမနပ်ကြည့်လိုက်ရင်း

"အေး…ကျွန်တော်ရှင်းပြမယ်၊ အမှန်တော့ ခင်ဗျားစကားကို မယုံလို့ တကယ်တမ်းဗျာ လူဖြစ်ခဲ့ရင် ဘယ်လိုလုပ်မလဲ အသိကြောင့် ခြောက်လှန့်ပစ်လိုက်တာပါဗျာ …နို့မှန်းသိ ပစ်လိုက်ပါတယ်"

"ဟင်း • •ဟင်း • •အဲဒါပေါ့ လူတစ်ဖက်သားစကားကို မယုံကြည်တာကြောင့် သားကောင် တစ်ကောင် အပိုင်ပစ်နိုင်လျက် လွတ်ထွက်သွားပြီ၊ အဲလိုသာ မယုံမကြည်ဖြစ်နေရင် မကောင်းဘူးဗျ • •နော်"

သို့ သူပြောလည်း ခံရပေရော့မည်။ ကျွန်တော်အမှားလည်း ဖြစ်ချေသည်ကိုး• •။

www.burmeseclassic.com

www.burmeseclassic.com



သို့မှ ကျွန်တော်တို့ တဲစုသို့ ပြန်ရောက်လာ၏။

"သေနတ်သံ နီးနီးလေးကြားတယ်.. ဘာဖြစ်တာတုံး"

လင်းမြင့်လှိုင်က မေးလာ၏။ သျှောင်အဘိုးအိုကလည်း နားစွင့် ထားပုံရချေ၏။ သည်တော့ ကျွန်တော်က အကျိုးအကြောင်း ပြောပြပေမည် ဟန်ပြင်လိုက်သည်တွင်

"ဆရာလေး ညံ့ချက်ကြောင့် သားကောင်တစ်ကောင် လွတ်ထွက်သွားရတယ်၊"

အစချီလျက် ကျွန်တော်နှင့် သူ ပြောဆိုကြပုံကို တစ်ဆင့်ဖောက်သည်ချရာ လှောင်ရယ်ရယ်၍လည်းကောင်း၊ လှောင်ပြုံးပြုံး၍လည်းကောင်း၊ ခေါင်းဖြူက လင်းမြင့်လှိုင်တို့အား ပြောလိုက်ချေတော့သည်။

သို့ဆိုတော့ ကျွန်တော်သည်လည်း ကျွန်တော်၏ လူတစ်ယောက်အပေါ် မယုံကြည်မှုကြောင့် သို့ဖြစ်ရခြင်း အကျိုးဆက်ကို ခံစားလိုက်ရလေခြင်းဖြစ်ပေတော့သည်။

ပြောင်ကောင်ကို ချက်ပြုတ်စားကြနေစဉ် လင်းမြင့်လှိုင်ကို ကျွန်တော် နှစ်ကိုယ်ကြား ခေါင်းဖြူနှင့် လူတစ်ယောက် တီးတိုးတိုင်ပင်နေကြခြင်းကို ပြောပြလိုက်ချေတော့၏။

"အင်း ကျွန်တော်တို့ သည်မယ် ညအိပ်မယ်ဆိုတာတောင် သတိထားရပေမယ်ဗျ..၊ ကျွန်တော်တို့ သူတို့ကို မယုံသင်္ကာဖြစ်နေရတာလေ"

သို့ လင်းမြင့်လှိုင်က ပြောလာလေတော့သည်။

သို့မှ ပြောင်သားတို့ကို ချက်ပြုတ်စားသောက်ကြလေပြီးနောက် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် သျှောင်ထုံးအဘိုးအို စီစဉ်

www.burmeseclassic.com

www.burmeseclassic.com



မှုဖြင့် တဲစု၏ အစွန်လေးရှိ တဲတစ်တဲတွင် အိပ်ခွင့်ရလိုက်ကြ၏။

"လွတ်လွတ်လပ်လပ်နေကြချေ ‥ သည်ကနေ့ လမိုက်ည ဆိုတော့ မင်းတို့နောက်ဘက် တောတန်းလေးထဲကနေ ခွေးအတွေ အူတတ်ကြတာကြောင့် ဘာမှ စိုးရိမ်စရာမရှိဘူးလို့ ကြိုပြောထား ရလိမ့်မယ်ဗျ"

သို့ သျှောင်ဆံထုံးအဘိုးအိုက ပြောပြီး ကျွန်တော်တို့ နှစ်ယောက်အား ပြုံးစိစိကြည့်ကာ လှည့်ထွက်သွားလေတော့၏။

"ကိုပိုက်ရေ ‥ ဖြစ်နိုင်ရင် သည်ည သတိထားနေချေဗျာ"

"ဘာလို့လဲကိုလင်း အန္တရာယ်ရှိနိုင်လို့လား"

"မဟုတ်ဘူးဗျ ‥ အန္တရာယ်တော့ မရှိလောက်ဘူး၊ အင်း တစ်ခုခုတော့ ထူးခြားမှု ရှိလောက်တယ်ဗျ"

"ဟုတ်ပါပြီ ‥ ကိုလင်း တစ်ပြားလောက် လုပ်ချေဗျာ"

သို့ဆိုတော့ လင်းမြင့်လှိုင်သည် ကျွန်တော့်အား ဝီစကီတပြား ထုတ်ပေးလာချေ၏။

"နို့ဖြင့်လည်း အမြည်းလေး ယူလာပါတယ်"

"ပါပါတယ်ဗျ"

သို့ဆိုလျက် ကျွန်တော်သည် ပြောင်သားမီးကင် အတုံးကြီး တစ်တုံးကို ထုတ်လိုက်ချေတော့၏။

"ကျွန်တော်တော့ ခဏမှိန်းဦးမယ်ဗျာ"

"ဟုတ်ပြီလေ ‥ ကျွန်တော် သောက်လိုက်ဦးမယ်"

လင်းမြင့်လှိုင်သည် တဲကြမ်းခင်းပေါ် လှဲအိပ်လိုက်၏။ ကျွန်တော်သည် ဝီစကီပုလင်းပြားလေးအဖုံးကိုဖွင့် တစ်ငုံမော့ သောက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖွီးလ်"

လင်းမြင့်လှိုင် ရေရောစပ်ထားခြင်း မရှိသဖြင့် သို့ ကျွန်တော် ဖြစ်သွားရ၏။

"ကိုလင်း ရေမရောပေဘူးပဲ"

သို့လှည့်ပြောလိုက်၏။

"ဆောရီးဗျာ"

"ရပါတယ်…သည်အတိုင်းလည်း ကောင်းပါတယ်"

သို့ဆိုလျက် ကျွန်တော်သည် အသားကင်ကို ဖဲ့စားလိုက်၏။ တစ်ယောက်တည်း ဝီစကီသောက်နေလေတော့၏။

အတန်ကြာတွင် လင်းမြင့်လှိုင်သည် လှဲလျောင်းနေရာမှ ပြန်ထလာချေပြီး ကျွန်တော်ထံမှ ဝီစကီပုလင်းပြားလေးကို လှမ်းယူလိုက်ချေ၏။

"အင်း… အညောင်းပြေသွားပြီ"

သို့မှ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ရေမရောသော ဝီစကီကို တစ်စုပ်ခြင်း အရသာခံသောက်ရင်း တိတ်ဆိတ်စွာ နေလိုက်ကြ၏။

သို့မှ တစတစ ညဉ့်နက်လာချေ၏။

"မီးဖိုဦးမလား"

ပတ်ဝန်းကျင်တွင် လွန်မင်းစွာ မှောင်မည်းနေသဖြင့် သို့ ကျွန်တော်က ပြောလိုက်၏။

"သည်အတိုင်းပဲ ရှိပါစေဗျာ…သူတို့တောင် မီးမဖိုကြသေး တာ"

"ဟုတ်ပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် စားသောက်ရင်း သွေ့ခင် ဆံထုံးအဘိုးအိုပြောသော နောက်ဘက်တောတန်းတွင်းမှ ခွေးအတို့ အသံကြားရလို ကြားရခြား နားစွင့်နေလိုက်ကြပေမင့် မည်သို့ အသံမျှ မကြားရပါချေ။

အဘိုးအို သက်သက်မဲ့ ပြောသွားတာဖြစ်မည်။

သို့မှ ဝီစကီပုလင်းပြားလည်း ကုန်သွားချေပြီ ရေမရောသဖြင့် မူးယစ်လာကြပေပြီ၊ လင်းမြင့်လှိုင်က နာရီကို ကြည့်လိုက်၏။

"အလိုလေးဗျာ•• အချိန်မနည်းတော့ပါကလား"

"ဘယ်အချိန်ရှိပြီမို့လဲ"

"သန်းခေါင်ယံအချိန် ကျော်ပြီပဲဗျ••ကိုပိုက်ရဲ့"

"ဟင်"

ကျွန်တော်သည် သက်ပြင်းတစ်ချက်ချလိုက်ချေပြီး

"ကျွန်တော် နည်းနည်းလောက် မှိန်းလိုက်ဦးမယ်ဗျာ"

ကျွန်တော်သို့ပြောလည်းပြော ကြမ်းခင်းပေါ်သို့လည်း လှဲချ လိုက်တော့၏။

မူးယစ်နေသည်ဖြစ်သည်ကြောင့် သတိလက်လွတ် ဖြစ်သွား တော့၏။

မည်မျှကြာကြာ သို့ဖြစ်သွားသည်မသိ၊ ကျွန်တော် သတိရ လာသည်တွင်မတော့ ကျွန်တော်အနားတွင် လင်းမြင့်လှိုင် ရှိမနေပါ ချေ••။

"ဘယ်များ သွားတာပါလိမ့်"

လင်းမြင့်လှိုင်ကို ရှာကြည့်မိ၏။ သို့ဆိုတော့မှ အသုံးတော်အစပျိုး

www.burmeseclassic.com

www.burmeseclassic.com



ချိန်ဖြစ်သည်ကိုး သတိထားမိတော့၏။

မကြာလိုက်သောအချိန်တွင် လင်းမြင့်လှိုင် နောက်ဘက် တောတန်းလေးဘက်မှ ထွက်လာသည်ကို တွေ့လိုက်၏။

"ကိုလင်း ဘယ်သွားနေတာလဲ‥ မျက်နှာလည်း မလန်းပါ ကလား"

လင်းမြင့်လှိုင်အနားရောက်လာသည်တွင် ကျွန်တော်က မေးလိုက်၏။

"ကိုပိုက်‥ ကျွန်တော်တို့ သည်ကနေ သွားကြစို့ဗျာ"

"နှမြဖြင့်လည်း သျှောင်ဆံထုံးအဘိုးအိုတို့ကို ပြောပြီး သွားတာ ပေါ့"

"ပြောမနေနဲ့ သူတို့ မရှိကြတော့ဘူး"

"ဗျာ"

"ဘယ်လို"

ကျွန်တော် ပတ်ဝန်းကျင်တဲများကို ဝေ့ဝိုက်ကြည့်လိုက်၏။ အလိုလေးဗျာ‥ တဲတိုင်းတွင် လူရှိပုံ မရပါချေ။

"ဘယ်လိုဖြစ်ကြတာတုံး ‥ ဘယ်အချိန်က သူတို့ ထွက်သွားကြတာလဲ‥ သည်လောက်လူအများကြီး ပျောက်ခြင်းမလှ ပျောက်သွားတာ၊ ကျွန်တော်တော့ လုံးဝ သတိမရလိုက်ဘူးဗျာ"

အံ့ဖွယ်ပင်ကောင်းသေးတော့၏။

"ကိုပိုက် ပြောမနေနဲ့ လာချေ‥ ခပ်မြန်မြန်"

"ဘာတုံး"

"အို ‥ ‥ ကိုပိုက်ရယ် ကျွန်တော့်နောက် လိုက်မှာသာ လိုက်ခဲ့စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မောင်ဝင်းကော"

ကျွန်တော်က မောင်ဝင်းကို သတိတရ မေးလိုက်၏။

"ညက ကျွန်တော်တို့ အဘိုးအိုနဲ့ စကားပြောနေတုန်းက မောင်ဝင်း ကျွန်တော့်ဆီလာပြီး သူ့ရွာပြန်ဖို့ အဖော်တွေ့ပြီပြောလို့ ကျွန်တော်လည်း သေသေချာချာ မစဉ်းစားလိုက်ဘူးဗျ၊ မူးလည်း မူးနေတာ ကိုး‥"အေး ဟုတ်ပြီ‥နို့ဖြင့်လည်း လိုက်သွားချေကွာ" လို့ ပြောလိုက်တယ်လေ၊ နို့ကြောင့် ညက ကိုပိုက်နဲ့ ကျွန်တော်ပဲ သည်တဲ မှာရှိတာ"

"မောင်ဝင်းအတွက် ကိုလင်း မစိုးရိမ်ဘူးလား"

"ဘာလို့လဲ‥ သူ ရွာပြန်လူကြုံနဲ့ လိုက်သွားတာပဲ"

"ဖြစ်နိုင်ပါ့မလား"

ကျွန်တော်က မေးလိုက်ပြန်သည်တွင်မတော့ လင်းမြင့်လှိုင် စဉ်းစားမိသွားဟန်တူချေ၏။

"ဘုရားရေ‥ဟုတ်ပါ့‥သည်ကလူတွေကြည့်ရတာ မူမမှန်ပုံ မပေါ်ဘူး၊ ခုလည်းကြည့် တစ်ယောက်မှ မရှိတော့ဘူး၊ နို့ဆိုတော့ မောင်ဝင်းလူကြုံရှိတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား"

သို့မှ လင်းမြင့်လှိုင်က စိုးရိမ်တကြီးပြောလာလေတော့၏။

"အင်း‥ကျွန်တော်တို့ ထွက်ရှာဖို့ လူနှစ်ယောက် ဖြစ်လာပြီ ပေါ့"

လင်းမြင့်လှိုင်နှင့် ကျွန်တော် ထိုတဲလေးမှ တောတန်းလေး ဘက် ထွက်ခဲ့ကြသည်တွင်သို့ ကျွန်တော်က ပြောလိုက်၏။

"ဟုတ်တယ်‥‥ကိုပိုက်အိပ်ပျော်ပြီး မကြာလိုက်တဲ့အချိန် မှာ ကျွန်တော် ခွေးအ ကောင်တွေရဲ့ အူသံ ကြားမိတော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ••ဟုတ်လား••ဘာလို့ ကျွန်တော့်မနိုးတာလဲ"

"ကိုပိုက်ကို နိုးပါသေးတယ်၊ ကုလားသေ ကုလားမော အိပ်ပျော်နေတယ်လေ၊ ကျွန်တော်လည်း အဲဒီ ခွေးအ ကောင်တွေရဲ့ အူသံကို နားထောင်ရင်း ထူးခြားတဲ့ အသံတွေ ကြားညှပ်ကြားရတာ ကြောင့် လက်ထဲက ဓါတ်မီးနဲ့ လှမ်းထိုးကြည့်လိုက်တယ်"

"အံ့ဖို့ကောင်းတယ်ဗျာ••ခွေးအသံတွေ ပျောက်သွားခြင်း မရှိဘူးဗျ•• ပိုလို့တောင် ကျယ်လာသေးတယ်၊ ခွေးအ အူသံတွေက တောတန်းဘက်ကတင် မဟုတ်ဘူးဗျ၊ တဲစုနားကလည်း အသံတွေ ထွက်လာတယ်၊ သည်တော့ ကျွန်တော် မသင်္ကာဘူးလေ၊ တဲစုလေး ဘက်ကို နီးစပ်ရာတဲပေါ့ဗျာ••ဓါတ်မီးနဲ့ လှမ်းထိုးလိုက်တယ်"

"ဟိတ်လူ ဘာလို့ ဓါတ်မီးနဲ့ ထိုးရတာလဲလို့ အဲဒီတဲမှာ ရှိတဲ့ လူက မေးလို့ မီးကို ပိတ်လိုက်ပြီး

"ခွေးအ သံ တဲနားကကြားလို့" ပြောလိုက်တယ်။

"ခင်ဗျာ မှားနေပြီထင်တယ်၊ ကျုပ်သည်မှာ ရှိနေတာပဲ၊ အိပ်ပျော်သေးတာလည်း မဟုတ်ဘူး၊" လို့ ပြန်ပြောလာတယ်၊ သည်တော့ ကျွန်တော်လည်း ကြောင်သွားတာပေါ့"

"ကျွန်တော် သိပ်မမူးပါဘူးဗျာ•• ခက်တာက ကျွန်တော် နားကြားလွဲမလွဲကလည်း ကိုပိုက်ပါ ရှိနေရင် ကောင်းတာပေါ့၊ ခုတော့ တစ်ယောက်တည်းဆိုတော့ သူတို့ပြောသလိုများ ဖြစ်နေမလား သံသယဝင်ပြီး ငြိမ်နေလိုက်ရတယ်"

"အတန်ကြာမှ ခွေးအူသံတွေ ပျောက်သွားတယ်၊ နို့ပေမင့် တဲစုက လူတွေထွက်ပြေးသွားတဲ့ အသံလိုလို ကြားရတာကြောင့် ဓာတ်မီးနဲ့ လှမ်းထိုးမယ် စဉ်းစားလိုက်ပေမင့် ကျွန်တော် မှားတာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မှာစိုးလို့ အသံတွေရှိရာ လှမ်းကြည့်ပေမင့် မှောင်လွန်းတော့ ဘာမှ မမြင်ရဘူးလေ၊ အသံတွေလည်းကြားနေရတယ်ဆိုပေမင့် စိတ်က ဖြစ်တာလေပေါ့‥၊ သည်လိုနဲ့ ကျွန်တော် မျက်လုံးအစုံကို မှိတ်ထား လိုက်ရတာပေါ့၊ နားထဲကြားရတဲ့ အသံတွေကလည်း တစ်စတစ်စ ပျောက်သွားတယ်၊ သည်တော့ ကျွန်တော် မေ့ခနဲ တစ်ချက်ဖြစ်သွား တယ်၊ သတိပြန်ဝင်လာတော့ ရောင်နီသမ်းလာပြီလေ၊ သည်တော့ ကျွန်တော် တဲစုကို ကြည့်လိုက်တယ်၊ ညကလို မှောင်မှောင်မည်းမည်း မဟုတ်တော့ဘူးပေါ့၊ ကျွန်တော်ပဲ မျက်စိမှားသလားပေါ့၊ လူလဲ တစ်ယောက်တလေတောင် မတွေ့ဘူးဗျ၊ မကြားပေးဘူးဗျ၊ နို့ကြောင့် အလောတကြီး အဲဒီတဲတွေဘက်သွားကြည့်တယ်၊ ဘယ်သူမှ မရှိ တော့ဘူး၊ အိုးခွက်ပန်းကန်တွေတော့ ရှိတယ်၊ အိပ်ရာလိပ်တွေလည်း ရှိတယ်၊ ဒါနဲ့ ကျွန်တော်လည်း သူတို့စောစောအာရုံမလာခင် အလုပ် သွားကြသလားပေါ့၊ အဲလိုမှတ်ပြီး ညက ခွေးအတွေ အူသံကြားတဲ့ တောတန်းလေး ဘက်ထွက်သွားလိုက်ပြန်တယ်၊ အံ့စရာပေပဲဗျ၊ ခွေးအတွေခြေရာအပြင် လူခြေရာတွေ ပုံနေတာပဲ၊ ဘယ်လိုတွေလဲ မသိဘူး၊ နို့ကြောင့်လည်း ကိုပိုက်ရှိရာ ပြန်လာခဲ့တာပဲ၊ ဟော ကိုပိုက်နိုးနေပြီ ၊ နို့ကြောင့် ကျွန်တော်တို့ သည်က မြန်မြန်ထွက်ကြ မယ်လို့ ပြောတာ၊ အဲဒီခြေရာတွေနောက် လိုက်ချင်လို့"

သို့ဖြစ်၍ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ခွေးခြေရာ လူခြေရာတို့ကို ကြည့်၍ လိုက်သွားကြ၏။

ကျွန်တော်တို့သည် ထိုခြေရာတို့ကိုသာ အာရုံစိုက် နေမိသည် ကြောင့် ကျွန်တော်တို့နောက်ဘက်မှ ချွတ်နင်း ခြေရာခံလိုက်နေခြင်းကို လုံးဝမရိပ်မိချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့သည် ဖုန်းဆိုးမြေ တစ်နေရာသို့ ရောက်လာကြ၏။

"ဂူး" ဂူး. . ဂူး. .

"ဂ သင်း ရှေ့တောထဲမယ် ဆင်ကောင်တွေဗျ၊ ကျွန်တော်တို့ အဲ့ဒီသွားလို့ ဖြစ်ပါ့မလား"

ကျွန်တော်တို့ ရှိနေသည့် ဖုန်းဆိုးမြေအလွန်တွင် ဝါးတော လေးတစ်ခု ရှိချေ၏။

ထိုဝါးတောအတွင်းမှ သို့ဆင်အော်သံကြောင့် လင်းမြင့်လှိုင် အား သတိပေးပြောလိုက်ရခြင်းဖြစ်၏။

"ဆင်အော်သံတွေက တကယ်ဆိုရင် အစစ်မဟုတ်ပေဘူး ဗျ"

"ဗျာ"

သို့ လင်းမြင့်လှိုင် ပြောလာသဖြင့် အံ့ဩမိသေးတော့၏။ သို့ကြောင့်

"ကိုလင်း ဘယ်လိုပြောလိုက်တယ်"

"အော် . . ကျွန်တော်ပြောတာ ခုကြားရတဲ့အသံက ဆင်အော်တဲ့ အသံအစစ်မဟုတ်ဘူးလို့ပြောလိုက်တာ"

"ဘာလို့တုံးဗျာ . . ကျွန်တော်တော့ မခွဲခြားတတ်ပါဘူး၊ ကိုလင်းသိရင် ရှင်းပြစမ်းပါဦး"

သို့ဆိုတော့ လင်းမြင့်လှိုင်က ထိုဝါးတောဘက် ခပ်သွက် သွက် လျှောက်သွားလေပြီး

"တောသွားလာနေတာကြာပြီပဲ သိရမပေါ့ . မသိရင် ပြောရ

www.burmeseclassic.com

www.burmeseclassic.com



တော့မပေါ့"

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်နောက်အမီလိုက်သွားရချေတော့၏။

လင်းမြင့်လှိုင်ဘာတွေ သိထားပါလိမ့်၊ ကျွန်တော်တော့ ဘာမှမသိ၊ မမြင်ပါကလား . . ။

သို့မှ ကျွန်တော်တို့သည် ဝါးတောအစပ်သို့ ရောက်ခဲ့ချေတော့၏။

ကျွန်တော်တို့သည် ဝါးတောအတွင်း ဝင်လိုက်ကြ၏။ မည်သည့်ဆင်ကောင် မပြောလေနှင့် အငေးက ကြားရသော ဆင်ကောင်သံပင် ယခု မကြားရပါချေ။

လင်းမြင့်လှိုင်က ဝါးတောအတွင်း ဆင်ကောင် လုံးဝမရှိဟုပြောလာခြင်းကိုလည်း သဘောပေါက်လိုက်တော့၏။

"ကိုလင်းရေ . . သည်ဝါးသုန်းတောထဲကပဲ ဆင်သံကြားခဲ့တာဗျ . . ၊ ခုတော့လည်း ဆင်ကောင်မပြောနဲ့ အသံတောင် မကြားရပါကလား"

"လာချေဗျာ . . ဝါးသုန်းတောထဲဝင်ကြတာပေါ့"

သို့မှသည် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဝါးသုန်းဝါးတောလေးအတွင်း ဝင်ခဲ့ကြတော့၏။ ဝါးသုန်းတို့သည် ခပ်စိပ်စိပ်ရှိကြသည်ကြောင့် ဝါးသုန်းဝါးရုံတစ်ခု ရောက်လာသည်တွင် အခြားတစ်ဖက်သို့မြင်ရခြင်း သိပ်မရှိချေ။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်သည် ဝါးသုန်းဝါးတောအတွင်းဆင်ရိုင်းကောင်တို့ရှိနေမည် ကြောက်သဖြင့် သွားလာခြင်းကို တွန့်တွန့်တွန့်တွန့် လုပ်နေရာမှ

www.burmeseclassic.com

www.burmeseclassic.com



အား. . အီး. . အီး. . ဟား. . ဟီး. . ဟီး. .

"ဟင်"

သို့ လူတစ်ယောက်၏ ညည်းငြူသံကြောင့် ကျွန်တော်ရောက်နေသည့် ဝါးသုန်ဝါးရုံ နောက်ကွယ်ဘက်သို့ ခပ်သွက်သွက် လှည့်ပတ်ကြည့်လိုက်၏။

"အလိုလေးဗျာ. . မောင်ဝင်းပါကလား. . ဘယ်လိုဖြစ်ရတာပါလိမ့်"

ဝါးသုန်းဝါးရုံ တစ်ဖက်တွင်မတော့ ကာလသားခေါင်း မောင်ဝင်းကို တွေ့လိုက်ရ၏။ သူ တစောင်းလှဲနေခြင်းဖြစ်၏။ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး ညည်းငြူနေသည်ကြောင့်

"ကိုလင်းရေ. . သည်မယ်ဗျ. . မောင်ဝင်း"

ကျွန်တော်နှင့် ခပ်လှမ်းလှမ်းတွင်ရှိ လင်းမြင့်လှိုင်ကို လှမ်းအသံပြုရင်း မောင်ဝင်းအား အသာအယာ ပွေ့ယူလိုက်၏။

"ဘယ်လိုဖြစ်တာလဲ"

ကျွန်တော့်အသံကြောင့် မျက်လုံးအစုံမှိတ်နေသည့် မောင်ဝင်းသည် မျက်လုံးကို အသာဖွင့်လာချေတော့၏။

"ဆရာလေး"

"အေး. . ဟုတ်တယ်. . မောင်ဝင်း မင်းဘယ်လိုဖြစ်တာလဲ"

"ဟာ. . ကိုပိုက် မောင်ဝင်းဘယ်လိုဖြစ်တာတုံး"

လင်းမြင့်လှိုင်က အနားရောက်လာမေးလေ၏။

" ကျွန်တော်. . . ကျွန်တော်. . ညက အိပ်ပျော်နေတုန်း တစ်စုံတစ်ယောက်က ခေါင်းကို အဝတ်အိတ်တစ်လုံးနဲ့ စွပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တုပ်နှောင်ဆွဲခေါ်သွားတာပဲဗျ . . သည့်နောက် ကျွန်တော်လည်း ဘာမှ မသိတော့ဘူး။ ခု ဆရာလေးတို့ ရောက်လာကြတာပဲ"

"မင်းခေါင်းက ဘာဖြစ်လို့လဲ . ဘာဒဏ်ရာမှ မတွေ့ပါကလား"

"ခေါင်းကိုက်နေလို့ပါ . . ကျွန်တော့်ကိုယ်ကျွန်တော် ဘာမှ မသိပါဘူးဗျာ"

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်၏။

"မင်းညာကတည်းက စခန်းတဲမှာ မရှိတော့တာပေါ့ မင်းပြော သလိုဆို မင်းကိုသူတို့က ခေါင်းအဝတ်နဲ့စွပ်ပြီး ခေါ်သွားကြတာ ဖြစ်မယ်"

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည့်တွင်

"ဟင် . . ဟုတ်လား . . ဘယ်သူတွေလဲ"

မောင်ဝင်းက စိတ်ဝင်တစားမေးလိုက်သည့်တွင်

"ငါ့အထင် အဲဒီစခန်းတဲက သျှောင်ဆံထုံးအဘိုးအိုနဲ့ ခေါင်းဖြူတို့တွေပဲဖြစ်မယ်"

"ဗျာ . . ကျွန်တော် ဘာမှ နားမလည်တော့ဘူး"

"အေး . ငါကလည်း အထင်ပြောရတာလေ၊ မင်းကိုယ်နှိုက် က ဘာမှ မသိဘူးဆိုတော့ ငါတို့က ပိုဆိုးတော့မပေါ့ . .၊ ကဲ ကဲ ငါတို့ တစ်နေရာမယ် ခဏနားပြီး မင်းသက်သာမှ သူတို့နောက် လိုက်ကြတာပေါ့"

ကျွန်တော်က သို့ပြောလိုက်သည့်တွင် . . မောင်ဝင်းသည် ကျွန်တော့်အား မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ကြည့်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို..ဘယ်လို..သူတို့နောက်လိုက်မှာလဲ..သူတို့ဆိုတာ ဘယ်သူတွေလဲ"

မောင်ဝင်းက မေးလာပြန်လေ၏။

သို့ကြောင့်

"သူတို့ဆိုတာ စောစောက တဲစုမှာရှိကြတဲ့ သေျှာင်ဆံထုံးအဘိုးအိုတို့ကို ပြောတာ ငါတို့မနက်ကထဲက သူတို့မရှိကြဘူး၊ ပြီးမင်းလည်း ဘယ်ရောက်လို့ရောက်မှန်းမသိဘူး။ နို့ကြောင့် သူတို့နောက်လိုက်ခဲ့ကြတာ ခုသည်မယ် မင်းကို တွေ့တာပဲ၊ ငါ့အထင် မင်းကိုလဲသူတို့ပဲ ခေါ်သွားကြတာဖြစ်မယ်"

"ပြောတတ်ပေဘူးဗျာ"

သို့မှ ကျွန်တော်တို့သည် ဝါးသုန်းဝါးတောအတွင်းရှိ ကျွန်းပင်ကြီးတစ်ပင်အောက်သို့ သွားကာ နားနေထိုင်လိုက်ကြ၏။

လင်းမြင့်လှိုင်က ဝီစကီတစ်ပြားထုတ်ပေးလာ၏။

သို့မှ ကျွန်တော်တို့နားနေ ဝီစကီသောက်လိုက်ကြ၏။

ဝီစကီတစ်ပြားကုန်သည်တွင်

"ကျွန်တော်တို့ ခု ခရီးစဉ်က"

သို့ ကျွန်တော်က လင်းမြင့်လှိုင်ကို ကြည့် မေးလိုက်၏။

"သူတို့နောက် လိုက်ကြတာပေါ့"

"ဟင်..နို့ဖြင့် ဘယ်မလဲ သဲလွန်စ"

ကျွန်တော်သည် ဝါးသုန်းဝါးတောအတွင်း ခြေရာ လက်ရာမတွေ့သဖြင့် သို့ မေးလိုက်ခြင်းဖြစ်၏။

သည်တွင် လင်းမြင့်လှိုင်က ကျွန်တော့်အား သရော်ကျစွာကြည့် ရယ်မောလိုက်ချေပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဟား• •ဟား• •ဟား• ဟား• •သူတို့ခြေရာမလိုက်ပါဘူး၊ သည်မယ် မောင်ဝင်းတစ်ယောက်လုံးကို တွေ့နေတာ သူတို့နောက် လိုက်သွားရတာ လွယ်ပါ့ဗျာ"

"ကျွန်တော်တော့ အဲလို မစဉ်းစားတတ်ဘူး"

"သည်မယ်ကြည့်လေ"

သို့ဆိုလျှက် လင်းမြွှာလိုင်က မောင်ဝင်းလဲကျနေသည့် နေရာ တစ်ဖက်တစ်ချက်လှမ်းလှမ်းနေရာကို လက်ညွှန်ပြရင်း• •

"ဟိုးမယ်• •ဆင်သွားလမ်း ဖုန်နေတာပဲ• •သူတို့ သည်လမ်းက လွဲလို့ ဘယ်မှ သွားကြမှာ မဟုတ်ဘူး"

"သေချာရဲ့လား"

ကျွန်တော်က မေးလိုက်၏။

"ဘာလို့ မသေချာရမှာလဲ• •သည်ဖုန်နေတဲ့ဆင်လမ်းက မြေသားမှ မဟုတ်တာ ဘယ်ခြေရာ ထင်ကျန်ပါ့မလဲ• •ဂဝံမြေ ဖြစ်နေတာကိုး"

"ဟုတ်ပါပြီ"

သို့မှ ကျွန်တော်တို့သည် မောင်ဝင်း၏ ကျန်းမာရေးအခြေ အနေကို မေးလေသည့်တွင်

"ကျွန်တော် ခေါင်းကြည်သွားပါပြီ ဘာမှ မဖြစ်တော့ပါဘူး၊ နောက်စေ့ကသာ နည်းနည်း ဖုနေသလားလို့"

သို့ဆိုတော့ ကျွန်တော် မောင်ဝင်း၏ နောက်စေ့ကို လက်ဖြင့် အသာအယာ စမ်းကြည့်လိုက်ချေပြီး

"အင်း• •မင်း နောက်ကနေ အရိုက်ခံလိုက်ရတာကြောင့် မေ့လဲနေတာပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြောလိုက်၏။ လင်းမြင့်လှိုင်ကိုလည်း ကြည့်လိုက်၏။

"ကိုပိုက်ပြောတာ ဖြစ်နိုင်ပါတယ်"

သို့ လင်းမြင့်လှိုင်က ပြောလာချေ၏။

"ကဲ‥ကျွန်တော်တို့ သည်ဆင်လမ်းအတိုင်း လိုက်ကြတာပေါ့"

သို့မှ ကျွန်တော်တို့သည် ထိုဆင်လမ်းအတိုင်း ခပ်သွက်သွက် လျှောက်သွားကြတော့သည်။

ဆင်လမ်းအတိုင်း လျှောက်လာခဲ့ရာမှ ကျွန်တော်တို့သည် ဝါးသုန်းဝါးတောအပြင်သို့ ရောက်ခဲ့ကြ၏။

ဝါးသုန်းပါးတောတစ်ဖက်တွင်မတော့ ကွင်းကဲ့သို့ ဖြစ်နေချေ၏။ သစ်ပင်ကြီးရယ်လို့ မရှိပါချေ။ ချုံပုတ်ပင်နှင့် မြက်ရိုင်းပင် ကျိုးတို့ ကျဲတဲနှင့်ရှိချေ၏။ သို့ဆိုတော့ အဝေးကို လှမ်းမြင်ရ၏။

"ဟာ‥ကိုလင်း‥ဟိုမယ်‥ဟိုမယ်‥လူတစ်ယောက်" အတော်ဝေးဝေးတွင် လူသားရယ်လို့ သတ်မှတ်၍ရသည့် မြင်ကွင်းကို တွေ့လိုက်ရ၏။

"သည်လူကိုကြည့်ရတာ ရှေ့ကို အလျင်စလို သုတ်ခြေတင်သွားနေပုံဗျ‥‥၊ ကျွန်တော်တို့ သူနောက် လိုက်ကြရင်ဖြင့် တစ်ခုခုတော့ သိရလိမ့်မယ် ထင်တယ်"

"ဟုတ်တယ်‥ကိုပိုက်‥ လိုက်ချေဗျာ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ခပ်သွက်သွက် မပြေးရုံတမယ် လျှောက်သွားချေတော့၏။

"မောင်ဝင်း မင်းဖြစ်တယ် မဟုတ်လား"

ကျွန်တော်နောက်မှ ကပ်ပါလာသည့် မောင်ဝင်းကို မေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။

"ဖြစ်ပါတယ်"

သို့မှ ကျွန်တော်တို့သည် လင်းမြင့်လှိုင်နဲ့ ကပ်လိုက်ပါသွားတော့၏။ ကွင်းဆိုတော့ ရှေ့ကလူကို သဲသဲကွဲကွဲမြင်ရချေ၏။

"လှမ်းခေါ်လိုက်မလား"

ကျွန်တော်က လင်းမြင့်လှိုင်သဘောထားကို မေးလိုက်၏။ ဘယ့်တွက်မူ လှမ်းခေါ်လိုက်ပါလျှင် ကြားနိုင်လောက်သည့် အကွာအဝေးတွင်သာ ထိုသူရှိနေလေခြင်းကြောင့် ဖြစ်ချေတော့၏။

"လှမ်းခေါ်လိုက်မယ်ဗျာ"

"ကိုပိုက် လှပ်ကြည့်လိုက်လေ"

"ဝေး"

"ဝေး"

"ဝေး"

သို့ဆိုတော့ ကျွန်တော် သို့အသံလှမ်းပြုလိုက်၏။ တတိယခေါ်သံတွင်မတော့ ထိုသူသည် လှမ်းကြည့်လာချေပြီး၊ ကျွန်တော်မှ လက်ထောင်ပြသည်တွင် ဘယ်လိုဖြစ်သွားသည်မသိ ထိုသူတစ်ချိုးတည်း ပြေးသွားချေတော့၏။

"ကိုပိုက်ရေ..လိုက်လိုက်..မျက်ခြေမပြတ်စေနဲ့ သည်လိုနဲ့တောစပ်ရောက်လျှင်ဖြင့် သူတောထဲဝင်ပြေးသွားရင် မျက်စပြတ်နိုင်တယ်"

သို့ လင်းမြင့်လှိုင်က ပြောလည်းပြော အပြေးခလွှားထွက်သွားလေတော့သည်။

သို့မှ ကျွန်တော်တို့သည် သူ့အား မျက်ခြေပြတ်သွားရတော့

www.burmeseclassic.com

www.burmeseclassic.com



၏။ ဘယ့်တွက်မူ သူသည်တောစပ်မှသည် အတွင်းသို့ ပြေးဝင်သွားခြင်းကြောင့်ဖြစ်ချေ၏။

ကျွန်တော်တို့သည် တောစပ်နားရောက်သည့်တွင် သူ့အားလှမ်းကဲကြည့်တော့ မမြင်ရပါတော့ချေ။

"ဘယ်လိုလုပ်မလဲ"

"ဘာတတ်နိုင်မှာတုံး‥ ခေတ္တနားပြီး တစ်ခုခု စဉ်းစားတာပေါ့"

သို့မှ ကျွန်တော်သည် တောစပ်ရှိ သစ်ပင်အောက်တွင် ထိုင်လိုက်ကြတော့၏။

"ဝူး"

"ဝူး ဝူး‥"

ကျွန်တော် ပန်းသွားချေပြီ‥သို့ကြောင့် သစ်ပင်ကျောမှီ၍ ခြေလွတ်၊ လက်လွတ်နေလိုက်တော့၏။

"ဟာ‥ဟိုမယ်‥ဟိုမယ်"

လင်းမြင့်လှိုင် ဘာတွေ့လို့ပါလိမ့်၊ သို့ကြောင့် သူကြည့်နေရာသို့ လှမ်းကဲကြည့်လိုက်၏။

ဂျီ(ချေ) တစ်ကောင်ဖြစ်ချေ၏။

သည်တော့မှ ကျွန်တော်တို့ ဘာမှမစားရသေးမှန်း သတိရလိုက်၏။

"နေချေဦးဗျ"

လင်းမြင့်လှိုင်က ခပ်လှမ်းလှမ်းတွင်ရှိသည့် ဂျီကောင်လေးအား ပစ်ခတ်ရန် နေရာမှ ထသွားလေတော့၏။

"သည်မှာပဲ ရှိနေမယ်ဗျာ"

ကျွန်တော်က ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒိန်း"

လက်ဝှံနေးခြင်း အလျဉ်းမရှိပါချေ။ အခွင့်အရေးရသည်နှင့် လင်းမြင့်လှိုင်က ပစ်လိုက်ခြင်းဖြစ်၏။

ဂျီ(ချေ)ကောင်လေးကို ထိသွားပုံရချေ၏။ ထိုနေရာမှာပင် ခွေလဲသွားတော့၏။

လင်းမြင့်လှိုင် ဂျီကောင်လေးရှိရာ ပြေးသွားတော့၏။

"မင်းတကယ် ဘာမှ မမှတ်မိဘူးလား"

သို့မှ ကျွန်တော်က မောင်ဝင်းအား မေးလိုက်ခြင်းဖြစ်၏။

မောင်ဝင်းက ခေါင်းကို ခါယမ်းပြလာချေ၏။

သို့အချိန်လေးမှာပင်

"ဒိန်း"

သေနတ်သံတစ်ချက်ကြားလိုက်ရပြန်၏။

လင်းမြင့်လှိုင် မိုးပေါ်ထောင်ပစ်လိုက်သံဖြစ်၏။

"ဘာလို့ပါလိမ့်"

လင်းမြင့်လှိုင် ကျွန်တော့်အားလှမ်းကြည့်ပြီး လက်ယပ် ခေါ်နေခြင်းဖြစ်သည်ကြောင့် -

"မောင်ဝင်းလာကွာ . . ဟိုမယ် ကိုလင်းလှမ်းခေါ်နေတယ်၊ ဘာလို့လဲ မသိဘူး"

သို့မှ မောင်ဝင်းနှင့် ကျွန်တော်သည် လင်းမြင့်လှိုင်ရှိရာသို့ ခပ်သွက်သွက်လျှောက်သွားလိုက်ကြချေ၏။

မကြာလိုက်သောအချိန်လေးတွင် လင်းမြင့်လှိုင်အနားရောက် သွားကြတော့၏။

"ဟင် . . ဘယ်မလဲ ဂျီကောင်"

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်ထံတွင် ဂျီကောင် မတွေ့သဖြင့် မေးလိုက်ခြင်း ဖြစ်၏။

"အေးဗျာ..ဂျီကောင်ကို သေနတ်မှန် လဲကျသွားတာ ကိုပိုက်လဲ အမြင်ပဲဗျာ..သည်ရောက်တော့ ဂျီကောင် မရှိတော့ဘူးဗျ"

"နို့...ဒါ တောခြောက်တာလား"

ကျွန်တော်က လင်းမြင့်လှိုင်ကို စေ့စေ့ကြည့် မေးလိုက်၏။

"မဟုတ်ပေဘူးဗျ..သည်မယ်ကြည့်လေ"

လင်းမြင့်လှိုင် မြေပြင်သို့ လက်ညှိုးညွှန်ပြရာကို ကြည့် လိုက်၏။

ခြေရာပါဗျာလား..ထင်းထင်းကြီးရှိနေသည်။ လူတစ်ယောက် ၏ ခြေရာဖြစ်ချေ၏။

"သည်ခြေရာရှင်က သားကောင်ကို ထမ်းပိုးထွက်သွားတာ ပဲဗျ"

လင်းမြင့်လှိုင်ကသို့ပြောသဖြင့် ကျွန်တော် ထိုသစ္စာမရှိသူ အပေါ် လုံးဝ ဒေါသထွက်သွားမိချေတော့၏။

"သည်လိုတောမှာ သည်လိုလူစားမျိုးရှိသေးတာပဲဗျ"

"ကျွန်တော်ထင်တာ အဲဒီလူက ဖိုးကံပဲ ဖြစ်မယ်"

"ဟေ"

"ဟင်"

သို့ပြောလာသည့် မောင်ဝင်းကို ကျွန်တော်တို့နှစ်ယောက်သား လှည့်ကြည့်လိုက်ကြချေ၏။

"မင်းဘယ်လိုလုပ်သိသလဲ"

လင််းမြင့်လှိုင်ကမေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးကံက အဲလို လုပ်တတ်တယ်"

"သူက ရှုးသွပ်နေသူဆိုတော့ ဖြစ်နိုင်ပါတယ်၊ ဖိုးကံက ဘယ်ရောက်လို့ ရောက်နေမှန်းမသိဘူး၊ သေချင်လည်း သေနိုင်တာပဲ၊ မင်းက ဘယ်လိုလုပ် ဖိုးကံဖြစ်နိုင်တယ် ပြောရတာလဲ"

လင်းမြင့်လှိုင်က မောင်ဝင်းကို စေ့စေ့ကြည့် မေးလိုက်၏။

"အင်း‥စောစောက ခင်ဗျားတို့ပြေးလိုက်တဲ့သူက ကျွန်တော်စိတ်ထဲ ဖိုးကံလို့ ထင်တာဗျ‥ မသေချာလို့ မပြောတာ‥၊ ခုခင်ဗျားတို့ ပစ်လိုက်တဲ့ ဂျိုကောင်ကို လူတစ်ယောက်က ထမ်းယူသွားတယ်ဆိုတာ နို့က ဖိုးကံပဲဖြစ်ရမယ်ဆိုပြီး ကျွန်တော်တွက်ပြောလိုက်တာပါ"

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်ချေ၏။

ကျွန်တော့်အကြည့်အဓိပ္ပါယ်ကို ကောင်းကောင်းသိလိုက်ဟန် တူသော လင်းမြင့်လှိုင်က

"မင်းသေချာ ပြန်စဉ်းစားပါဦး‥ ဖိုးကံနဲ့ တကယ်တူလို့လား ဘယ်လိုပြောနိုင်တာလဲ‥၊ဘာကိုကြည့်ပြောတာလဲ"

လင်းမြင့်လှိုင်က သို့မေးလေသည်တွင် မောင်ဝင်းက တစ်ချက် စဉ်းစားလိုက်ချေပြီး

"သည်ကောင် ဝတ်နေကျပုဆိုးဗျ‥ အနက်နဲ့အဝါကွက်တုံးကြီး၊ အဲဒါက အဝေးကတောင် သိနိုင်တယ်ဗျ‥ပြီးတော့ သည်ရှုံ့ ဆံပင်ကလည်း ဘုတ်သိုက်ဆိုတော့ ဖိုးကံဖြစ်လောက်တာပေါ့"

"ဘယ်လိုလဲကိုလင်း ဖြစ်နိုင်လား"

သူ့အပြောကို ကျွန်တော်က ယုံသင့် မယုံသင့် လင်းမြင့်လှိုင်

www.burmeseclassic.com

www.burmeseclassic.com



အား မေးလိုက်၏။

"အင်း··ဖိုးကဲ့ သေပြီဆိုတာ·· အစအန မတွေ့တာကြောင့် သေပြီလို့လဲ ပြောလို့မရဘူးလေ··၊ မောင်ဝင်းပြောသလိုလည်း ဖြစ်နိုင်တယ်"

"နို့ဖြင့် ဘယ်လိုလုပ်မလဲ"

"ကျွန်တော်တို့ ဟိုခြေရာနောက်လိုက်ကြတာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ထိုခြေရာနောက် လိုက်ကြပြန်၏။

"ကျွန်တော်တို့က ဟိုလူ့နောက်လိုက်၊ သည်လူ့နောက်လိုက်နဲ့ လိုက်ချည်းနေရတာပဲဗျာ··ဆာကလည်းဆာပြီ"

သို့ မောင်ဝင်းက ပြောလေသဖြင့်··

"ကောင်းပြီလေ··ရေနွှားကျ နားတာပေါ့··ကိုပိုက်တို့ နားတုန်း ကျွန်တော်စားစရာ ရှာပေးမယ်"

သို့ လင်းမြင့်လှိုင်စီစဉ်သလို ကျွန်တော်နှင့် မောင်ဝင်းသည် သစ်ပုပ်ပင်ကြီးတစ်ပင်အောက်တွင် နားနေလိုက်ကြစဉ် လင်းမြင့်လှိုင် သားကောင်ရှာထွက်သွားလေတော့၏။ မကြာလိုက်သော အချိန်တွင် လင်းမြင့်လှိုင် ပြန်ရောက်လာ၏။

အလိုလေးဗျာ·· လင်းမြင့်လှိုင်ကျီကောင်ထမ်းလာပါလား။

သေနတ်သံကိုလည်း မကြားရပေဘဲ ဘယ်လိုလုပ် ကျီကောင် ထမ်းလာတာပါလိမ့်··၊ ကျွန်တော်တို့အနား ရောက်လာသည့် လင်းမြင့်လှိုင်ကို ကြည့်နေမိတော့၏။

"ကျွန်တော်တို့ ပျောက်သွားတဲ့ ကျီကောင်ဗျ"

"ဟင်·· ဘယ်လိုလုပ်"

"ထမ်းသွားတဲ့သူက ကျွန်တော်တို့ကို ခြေရာဖျောက်ချင်လို့

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့မှ ကျွန်တော် ဂျီကောင်ကို စေ့စေ့ကြည့်လိုက်မိ၏။

"ပေါင်တစ်ချောင်း မရှိတော့ပါကလား"

"သူ သိပ်ဆာလောင်နေလို့ အဲလိုလုပ်သွားတာ ဖြစ်လိမ့်မယ်"

"နို့ဖြင့် ဘာလို့ ကျွန်တော်တို့နဲ့ အတွေ့မခံတာလဲ"

ကျွန်တော်က မေးလိုက်၏။

"နို့ကတော့ သူ့အကြောင်းနဲ့ သူရှိလို့နေမပေါ့..၊ ကဲ ကဲ မောင်ဝင်းဆာနေရင် ကျွန်တော်တို့ သည်ဂျီကောင်ကို ကင်စားပြီး ဘာဆက်လုပ်ရမလဲ စဉ်းစားတာပေါ့"

သို့မှ ကျွန်တော်တို့သည် ဂျီကောင်ကို အသားဖျက် တံစို့ထိုး မီးကင်လိုက်ကြတော့၏။

ကျွန်တော်တို့ ဂျီကောင်မီးကင် စားသောက်ကြပြီးနောက်တွင် ညနေစောင်းနေပြီဖြစ်၍ ထိုနေရာမှပင် ညအိပ်စခန်းချရန်ဆုံးဖြတ်လိုက်ကြ၏။

သို့ဆိုတော့ ကျွန်တော်သည် အနီးတဝိုက်တွင် ထင်းခြောက်တုံးများလိုက်လံကောက်ယူ စုဆောင်းလိုက်၏။ မောင်ဝင်းက လိုက်ပါကူညီချေ၏။

နေဝင်လုတွင် ကျွန်တော်တို့သည် ချောင်းရှိရာကို ရှာလိုက်ကြရာ အရှံသင့်ပင် ချောင်းကိုတွေ့ရ၏။ ရေစီးသည်လည်းရှိချေ၏။ ထိုချောင်းတွင်းဆင်း၍ ခြေလက်ဆေးလိုက်ကြ၏။ ပြီး သုံးယောက်သား စခန်းနေရာ သစ်ပုပ်ပင်အောက်သွားလိုက်ကြ၏။

ကျွန်တော်တို့ အေးအေးလူလူနားနေလိုက်ကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်စတစ်စ မှောင်လာ၏။ ထင်းမီးပုံကို မီးရှို့လိုက်သည်တွင် အလင်းရလာလေ၏။

"ကိုပိုက်တို့ ပင်ပန်းရင် အိပ်ကြချေ၊ ကျွန်တော်တော့ မအိပ်ချင်သေးဘူး သောက်ချင်သေးလို့"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ဝီစကီတစ်ပြားထုတ်၍ ပြောလာချေ၏။

"ဟုတ်ပြီလေ‥ခပ်စောစောပိုင်းကို ကျွန်တော်အိပ်လိုက်မယ်၊ ကိုလင်းအိပ်ချင်ရင် ကျွန်တော့်ကို နှိုးလိုက်ချေ"

"ဟုတ်ပြီ"

သို့ဆိုတော့ ကျွန်တော် ပင်ပမ်းနေပြီဖြစ်၍ သစ်ပင်ကိုကျောမှီ ခြေထောက်ကို ဆန့်ထားကာ မျက်လုံးအစုံကို မှိတ်လိုက်၏။

သို့မှ ကျွန်တော် အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။

"ကိုပိုက်‥ ကိုပိုက်"

သို့နှယ့်ခေါ်၍ လှုပ်နှိုးလာသဖြင့် ကျွန်တော် နိုးလာရတော့၏။

"ဘာလဲ ကိုလင်း"

အကြောင်းကိစ္စရှိ၍ လင်းမြင့်လှိုင်က ကျွန်တော်အိပ်နေခြင်းကို နှိုးလာလေခြင်းဖြစ်သည်ကြောင့် သို့မေးလိုက်၏။

"လူသံတွေ ကြားသလားလို့"

သို့ဆိုတော့ ကျွန်တော် နားစွင့်လိုက်၏။ လတ်တလော တော့ဖြင့် မည်သည့်အသံမျှ ကြားရခြင်းမရှိသဖြင့် ဆက်၍ နားစွင့်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော..ဟော..ကြားလား"

ဟုတ်ပါ့ လေပြေလေးနှင့်အတူ လူတစုစကားသံကြားရ၏။ သည်ဘက်ကို လာနေကြတာလား..။

ကျွန်တော်က မေးလိုက်၏။

"မဟုတ်ဘူး..အဲဒီအသံတွေက တစ်နေရာတည်းမှာပဲ ရပ်တန့်နေတာဆိုတော့ သည်ဝန်းကျင်မယ် လူတစ်စုရှိနိုင်တယ်"

"ဟုတ်ပြီလေ..ဘယ်လိုထင်လဲ"

"လူတစ်စုဆိုတော့.. သည်တဝိုက် ဝါးခုတ်တဲ့ နို့မဟုတ် သစ်ခုတ်သမားတစ်စုစခန်း ရှိနိုင်တယ်"

"မနက်ကျ ကြည့်တာပေါ့"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်ချေပြီး

"မနက်ဆိုလျှင် သူတို့ရှိချင်မှ ရှိမယ်"

"ဗျာ..ဘာလို့လဲ"

"ကျွန်တော့်အထင် သည်လူစုက သစ်ခုတ် ဝါးခုတ်သမား တွေမဖြစ်နိုင်ဘူး"

"နို့ဆိုတော့"

"ကျွန်တော်..တွက်ကြည့်တာပါ..၊ မှိုသျှောင်ဆံထုံး အဘိုးအိုနဲ့ ခေါင်းဖြူတို့လူစု ဖြစ်လေမလားလို့"

"ဘယ်လိုဖြစ်နိုင်တာလဲ"

"ခွေးအ သံတွေကိုပါ ကြားရလို့"

"ဗျာ"

လင်းမြင့်လှိုင်ဘာကိုဆိုလိုပါလိမ့်.ကျွန်တော် နားမလည်နိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ချေ..၊ သို့ဖြား..။

"ကိုပိုက် သတိမထားမိလို့ပါ။ ယောင်ခဲထုံးတို့ လူစုရှိတုန်းက ကျွန်တော်တို့ ခွေးအသံတွေ ကြားရတယ်လေဗျာ.. ဆည်နောက် ခွေးအတွေလည်းမတွေ့ဘူး။ သူတို့လည်း ပျောက်သွားတယ်"

သို့လည်း အဟုတ်သားကလား..ကျွန်တော် မှတ်မိချေပြီ ဖြစ်၏။

"ဟုတ်တယ်ဗျ ...ခွေးအ သံတွေ ကြားပြီး နောက်နေ့မနက် သူတို့အားလုံးပျောက်သွားကြတာ၊ ခုလည်း ခွေးအသံတွေလိုလိုလည်း ကိုလင်းကြားရတယ်ဆိုတော့ သူတို့ဖြစ်မယ်"

"ခင်ဗျားတို့ဘာတွေပြောနေတာလဲ..ခင်ဗျားတို့ပြောပုံအရ ဆိုရင် သည်လူတွေက ခွေးအတွေလိုလို လူတွေလိုလိုနဲ့ပါလား။ လူသားတွေ မဟုတ်ဘူးဆိုတဲ့သဘောလား"

သို့ မေးလာသည့် မောင်ဝင်းကို ကျွန်တော့်စေ့စေ့ကြည့်လိုက် ချေပြီး...

"အဲ့လိုလည်း မဟုတ်ပါဘူးကွာ..သူတို့တွေ တစ်ယောက်နဲ့ တစ်ယောက် အချက်ပြတဲ့အခါ အူသံတွေလို လုပ်တာလား မသိဘူးလို့..အဲ့လိုပြောတာကွာ"

"အော်"

ကျွန်တော် အသိမများကြောင်းကို လင်းမြင့်လှိုင်က ပြုံးပြ၍ သက်သေခံလာချေတော့၏။

"ကိုပိုက်ရေ..ခင်ဗျားလဲ တရေးအိပ်ပြီးပြီ..မောင်ဝင်းလဲ အိပ်ပြီးပြီဆိုတော့ ညတွင်းချင်း ကျွန်တော်တို့ ခရီးထွက်မယ်ဆို ဖြစ်ပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် စိုးရိမ်တကြီး ကြည့်လိုက်ချေပြီး

"ကိုလင်း လုံးဝမအိပ်ရသေးဘူးလေ"

သို့ သတိပေးလိုက်၏။

"ကျွန်တော်ကရတယ်၊ အရေးကြီးတာသည်လူစုနဲ့တွေ့ဖို့လိုတယ်"

"ဟုတ်ပြီလေ"

သို့မှ ကျွန်တော်တို့သည် လင်းမြင့်လှိုင်၏ ဦးဆောင်မှုဖြင့် ထိုနေရာလေးမှ ထွက်ခဲ့ကြ၏။ သို့ဖြား • လက်နှိပ်ဓါတ်မီးကို အသုံးမပြုခြင်း၊ စကားကို ကျယ်ကျယ်လောင်လောင် မပြောခြင်း၊ ခြေသံလုံစွာ လှမ်းကြခြင်းကိုတော့ဖြင့် လင်းမြင့်လှိုင် အလိုကျ လုပ်ခဲ့ကြတော့၏။

မှောင်နှင့်မည်းမည်းဆိုပေမင့် လရောင်ကြောင့် သွားလမ်းကိုတော့ ကောင်းကောင်းမြင်ရ၏။

သို့မှသည် ကျွန်တော်တို့ လူတစ်စုရှိရာသို့ ရောက်သွားကြတော့၏။

ထိုလူစုသည် တောင်စောင်းလေးအောက်တွင် စခန်းချနေကြခြင်းဖြစ်၏။ သစ်ခုတ်ဝါးခုတ်သမားများတော့ဖြင့် မဟုတ်ချေ။

လူတစ်စုဆိုပေမင့် အယောက် နှစ်ဆယ်တော့ဖြင့် ရှိချိမ့်မည်။ ယာယီနားနေကြပုံဖြစ်၏။

လေးငါးယောက် တစ်ဖွဲ့ဆိုသလို မီးပုံကိုယ်စီနှင့်ရှိကြချေ၏။

တောင်စောင်းလေးနှင့် ခပ်လှမ်းလှမ်းတွင် ချောင်းရှိချေ၏။ ချောင်းကမ်းအတိုင်း စတည်းချနေကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က တောင်ကြောပေါ်မှ သူတို့အား လှမ်းတွေ့ရခြင်းဖြစ်၏။

"ဘယ်လိုလုပ်မလဲ သူတို့ဆီသွားမလား"

ကျွန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။

"နေဦးဗျ‥အခြေအနေကို သည်ကနေ ကြည့်ချဦးမယ်"

သို့ဆိုတော့ ကျွန်တော်တို့သည် တောင်ကြောပေါ်မှပင် သူတို့လူစုအား စုံစမ်းကြည့်နေကြတော့၏။

ညဆိုတော့ သဲသဲကွဲကွဲ မမြင်ရချေ။

"ဘယ်သူတွေ ဖြစ်နိုင်မလဲ"

ကျွန်တော်က မေးလိုက်၏။

"သျှောင်ဆံထုံးအဘိုးအိုတို့ လူစုပေပဲဗျ"

"ကိုလင်း‥သူ့ကို တွေ့လိုက်လို့လား"

"ဟုတ်တယ်"

"သည်တော့"

"သည်ကနေပဲ သူတို့ အခြေအနေကိုကြည့်ပြီး မနက်ထိ သူတို့ရှိဦးမယ်ဆိုရင် သွားတွေ့ကြမပေါ့"

လင်းမြင့်လှိုင်သဘောထားကို ကျွန်တော်သိလိုက်ပြီ ဖြစ်ချေ၏။ သို့ကြောင့် တောင်ကြောလေးပေါ်မှပင် ကျွန်တော်တို့သုံးယောက်သည် အဆင်ပြေသလို ရှင်းလင်းနေလိုက်ကြတော့၏။

ထိုင်နေလျှင်ဖြင့် သူတို့ကို မမြင်ရ၊ ထလိုက်သည်နှင့် သူတို့ကို မြင်ရ၏။

သို့ဆိုတော့ ကျွန်တော်တို့သည်နေရာ အကောင်းဆုံး မဟုတ်ပါကလား‥။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ မောင်ဝင်း မင်းအိပ်ချင်လျှင်တော့ဖြင့်အိပ်လိုက်ချေဦး"

လင်းမြင့်လှိုင်က မောင်ဝင်းကို ပြောလိုက်သလို••

"ကိုလင်းလဲ အိပ်လိုက်ဦးလေ••ကျွန်တော် သူတို့ လူစုကို ကြည့်နေမယ်၊ ကျွန်တော် မအိပ်ချင်တော့ဘူး။ မိုးလင်းလုပဲ ဖြစ်နေပြီ"

"ဟုတ်ပြီလေ • • ကျွန်တော် တစ်မှေးလောက်မှိန်း လိုက်ဦးမယ်၊ ကိုပိုက် သူတို့ကို မျက်ခြည်ပြတ်မခံနဲ့ဗျ••နော်•• ထူးခြားလျှင်ဖြင့် နိူးလိုက်ချေဗျာ"

"ဟုတ်ပြီလေ••စိတ်ချပါ"

သို့ဆိုတော့ လင်းမြင့်လှိုင်သည် သစ်ပင်အခြေတွင် ခြေပစ် လက်ပစ်ထိုင်လျက် သစ်ပင်ကျောမှီ အိပ်လိုက်ချေတော့သည်။

ကျွန်တော်သည် လင်းမြင့်လှိုင်ထံမှ ဗီစကီတစ်ပြားကို တောင်းကာ တစိမ့်စိမ့်သောက်လျှက် ထိုလူစုအားထ၍ အခြေ အနေကြည့် လိုက်လုပ်နေသေးတော့၏။

ရှပ်••ရှပ် ••ရှပ်••ရှပ်••ဖလပ်••ရှပ်

"အလိုလေးဗျာ •• တစ်ဖက်တောင်ကြောစွယ်မှ ခြေသံပါ ကလား၊ သို့ဖြစ်၍ ကျွန်တော် တစ်ဖက် တောင်ကြောစွယ်လေးကို စူးစိုက်ကြည့်လိုက်၏။

ထိုတောင်ကြောစွယ်လေးတွင် ဝါးပင်တို့ ကျူတို့ကျဲတဲနှင့် သစ်ပင်ကြီးတို့ အနည်းငယ်မျှသာ ရှိသေးသဖြင့် ထင်းထင်းမြင်ရချေ၏။

ကျွန်တော်ကြည့်နေခဲ့မှာပင် ၊ ထိုတောင်ကြောပေါ်မှ တ ယောက်သောသူသည် တစ်ဘက်ချောင်းကမ်းပေါ်ရှိ လူတွေစုထံ သွားနေခြင်းကြောင့် ထိုသူသည် ထိုလူစုမှ လူတစ်ယောက် ဖြစ်နိုင် သည်ဟု တွက်လိုက်၏။ ကံကောင်းသည်မှာ ထိုလူသည် ထိုတောင်

www.burmeseclassic.com

www.burmeseclassic.com



ကြောစွယ်မှ ဆင်းလာမည်ဆိုပါက ကျွန်တော်တို့ကို တွေ့သွားနိုင်၏
တော်ပါသေးရဲ့…။

ကျွန်တော်ထိုသူကို စေ့စေ့ကြည့်နေလေ၏။

ထိုသူသည် ထိုတောင်ကြောတစ်ဖက်မှ ဆင်းသွားစဉ်က သာမန်ဖြစ်ဟန်တူပြား ချောင်းကမ်းနှင့် နီးသွားသည်တွင်မတော့ သားကောင်ချောင်းသလို ထိုလူစုကို ချောင်းမြောင်းကြည့်ဆင်းသွားသဖြင့် ထိုသူသည် ကျွန်တော်ထင်ထားသလို ထိုလူစုမှ လူတစ်ယောက် မဖြစ်နိုင်မှန်း သိလိုက်ချေတော့၏။

သို့ဆိုတော့ စိတ်ဝင်စားဖို့ကောင်းလေပြီ ဖြစ်တော့၏ ကျွန်တော်ရှေ့သို့သာ စူးစိုက်ကြည့်နေမိတော့၏။

ထိုသူသည် ချောင်းထိပ်ချောင်းကမ်းပေါ် ရောက်သည်တွင် အောက်ဘက် ချောင်းကမ်းရှိ လူစုကို ချောင်းမြောင်းနေချေ၏။

သူ ဘယ်သူ့ကို ချောင်းမြောင်းနေပါလိမ့်…၊

ကျွန်တော် လင်းမြင့်လှိုင်ကို နှိုး၍ ပြောသင့် မပြောသင့် စဉ်းစားလိုက်၏။

သို့ကြောင့်

"ကိုလင်း‥ ကိုလင်း‥ ကိုလင်း"

အသာအယာ ပုတ်ခတ်နှိုးလိုက်၏။

"ပြော"

လင်းမြင့်လှိုင်နိုးလာ၍ ကျွန်တော် အကျိုးအကြောင်း ပြောလိုက်၏။

"ဟုတ်လား"

သို့ဆိုလျက် လင်းမြင့်လှိုင်ထလာ၏။ ကျွန်တော့်ကဲ့သို့ပင်

www.burmeseclassic.com

www.burmeseclassic.com



ထိုသူရှိရာသို့ လှမ်းကဲ စူးစိုက်ကြည့်နေလေတော့၏။

"ကိုပိုက် ဘယ်လိုထင်လဲ"

"ပြောတတ်ပေဘူးဗျ··သူ ဟိုလူစုကို ချောင်းနေတာတော့ အမှန်ပဲဗျ"

"နို့ဖြင့်လည်း ကျွန်တော်တို့ကလည်း သည်ကနေ အခြေအနေ ကြည့်နေကြတာပေါ့"

သို့မှ ကျွန်တော့်နှင့် လင်းမြင့်လှိုင်သည် ထိုချောင်းမြောင်းနေသူ၏လှုပ်ရှားမှုကို အဆက်မပြတ် ကြည့်နေကြ၏။

သို့မှ

"ဟာ"

"ဟင်"

ချောင်းမြောင်းနေသူသည် အောက်ဘက်ချောင်းစပ်တွင်ရှိ လူစုရှိရာသို့ တစ်စုံတစ်ရာဖြင့် လှမ်းပစ်လိုက်သည်ကို တွေ့လိုက်တော့၏။

အလိုလေးဗျ··ထိုလူ့လက်ထဲတွင် လေးမြှားကိုင်းရှိနေပါကလား။ သို့မှ မြှားတစ်စင်းကို ထိုလူစုထံလှမ်းပစ်လိုက်ခြင်းဖြစ်ချေ၏။

"ဟာ··လူ··လူ·· ငါတို့ကို ခေါ်ပြီ"

သို့အသံနှင့်အတူ ချောင်းကမ်းစပ်ရှိ လူစုထံမှ အသံများ ထွက်လာကာ ထိုချောင်းမြောင်းနေသူရှိရာတောင်ကြောသို့ ဝိုင်းအုံကြည့်ကြလေ၏။

"ဟိုမယ်··ဟိုမယ်"

ချောင်းစပ်တွင်းရှိ လူတစ်စုက တောင်ကြောပေါ်ထိပ်တွင် ချောင်းမြောင်းနေသည့်လူကို တွေ့သွားပုံရချေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ ထိုသူသည် ထိုတောင်ကြောပေါ်မှသို့ ပြန်ပြေးတက်သွားချေတော့၏။

ချောင်းကမ်းထိပ်မှ လူသုံးလေးယောက်သည် လက်နှိပ်ဓာတ်မီး ကိုယ်စီဖြင့် ထိုလူပြေးတက်သွားရာနောက်သို့ လိုက်သွားကြချေတော့၏။

"တော်ပါသေးရဲ့ ‥ ကျွန်တော်တို့ ရှိနေတဲ့ တောင်ကြောစွယ်ကနေ သူဆင်းမလာပေလို့ပဲ"

သို့ ကျွန်တော်က ပြောလိုက်၏။

"ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ"

လင်းမြင့်လှိုင်ကို မေးလိုက်၏။

"သည်လိုပဲ နေမှာပေါ့ ‥ မိုးလင်းမှ သူတို့ကို ဆင်းတွေ့မယ်"

"ဖြစ်ပါ့မလား"

"ဘာကြောင့်လဲ"

"အော် ‥ ညက သူတို့ကို မြားနဲ့ပစ်တာ ကျွန်တော်တို့လို့ ထင်ရင် ပြဿနာရှင်းနေရဦးမယ်"

"ဘယ်လိုဖြစ်နိုင်မှာလဲ ကျွန်တော်တို့မယ် လေးနဲ့ မြားမှ မရှိတာ၊ သေနတ်ပဲ ရှိတာလေ"

"နို့တော့နို့ပေါ့"

"အဲလိုလည်း မဖြစ်နိုင်ပါဘူး။ တက်လိုက်သွားတဲ့လူတွေက တို့လူကို ဖမ်းမိရင်လည်း မိပါလိမ့်မယ်"

သို့ ဆိုတော့လည်း အဟုတ်သားကလား ‥ ။

"ကဲ ‥ ကိုပိုက် သည်လူတွေ သည်ညတွင်ချင်းတော့ ထွက်သွားကြလိမ့်မယ် မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ တက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့လူတွေကို စောင့်ရဦးမယ်လေ••၊ ခုလဲ မိုးလင်းတော့မယ်၊ ကဲ သည်တော့ တစ်ရေးအိပ်လိုက်ဦးမယ်"

သို့ လင်းမြင့်လှိုင်က ပြောပြီး သူနေရာပြန်သွားကာ ကျောမှီ အိပ်လိုက်ပြန်၏။

ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နားထိုင်၍ တစ်ဖက် တောင်ကြောစွယ်လေးမှ လှုပ်ရှားမှုကို စောင့်ကြည့်နေလိုက် တော့သည်။

"ကိုလင်းရေ•• သည်လူတွေ လှုလိုက်ဖမ်းတာ မမိဘူး ထင်တယ်ဗျ••ခုထိလည်း ပြန်မရောက်လာကြသေးဘူး"

သို့ကျွန်တော်က ပြောလိုက်သဖြင့် လင်းမြင့်လှိုင်က ကျွန်တော့်အား ကြည့်ရင်း သူ့ဝသီအတိုင်း သွားတက်ကလေး ပေါ်ရုံ ပြုံးလိုက်ချေပြီး ကျွန်တော့်နောက်ကျောသို့ မေးငေါ့ပြလာသဖြင့် ကျွန်တော် လှမ်းကြည့်မိ၏။

"ဟာ"

သျှောင်ဆံထုံးအဘိုးအိုတို့အုပ်စုမှ လူလိုက်ဖမ်းသူ တစ်စု တောင်ကြောစွယ်လေးမှ ပြန်ဆင်းလာကြ၏။

အလိုလေးဗျာ• သူတို့သည် လူတစ်ယောက်အား လက်ပြန် ကြိုးတုတ်နှောင်၍ခေါ်လာကြခြင်းပါကလား၊ သို့ဆိုတော့ ညက သူတို့ထံ လာချောင်းမြောင်းကာမြားဖြင့် ပစ်ခတ်ပြေးသွားသူ ဖြစ်ချိမ့်မည်။

"မောင်ဝင်း••မောင်ဝင်း"

ကျွန်တော်က အိပ်နေသော မောင်ဝင်းကို နှိုးလိုက်၏။

"ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြည့်စမ်း‥သူတို့ဖမ်းလာတဲ့သူကို မင်းသိသလား"

သို့ဆိုတော့ မောင်ဝင်းသည် လှမ်းကဲကြည့်လိုက်ချေပြီး

"ဟာ‥ဒါ‥ဒါ‥ဖိုးကံဗျ"

"သေချာလို့လား"

လင်းမြင့်လှိုင်က မေးလိုက်၏။

"သိပ်သေချာတာပေါ့ဗျာ‥ ကြည့်လေ‥သူဝတ်နေကျ ပုဆိုးအနက်နဲ့ အဝါကွက်တုံးကြီးလေ‥။ ဖိုးကံမှ ဖိုးကံပါဗျာ"

"နို့ မင်းပြောတော့ သူက ရူးသွပ်နေသူဆို၊ ခုကြည့်ရတာ သာမာန်လူတစ်ယောက်လိုပါပဲကလား"

ကျွန်တော်သည် ဖိုးကံဆိုသူကို မြင်လိုက်သည်နှင့် စိတ်မနှံ့ ရူးသွပ်သူ မဟုတ်လောက်မှန်းသိလိုက်လေပြီ။

"အေးဗျာ‥ခု သူ့ပုံက တစ်မျိုးဖြစ်နေတာဗျ"

မောင်ဝင်းက သူ့ကိုယ်သူပင် မယုံနိုင်လောက်စရာဖြင့် ပြောလာချေ၏။

"မင်းပြောတဲ့ ဖိုးကံဆိုတာကော သေချာလို့လား"

လင်းမြင့်လှိုင်က မေးလိုက်၏။

မောင်ဝင်းသည် သေသေချာချာကြည့်လိုက်ချေပြီး

"ဖိုးကံပါဗျာ‥သေချာပါတယ်‥ အဲ တစ်ခုပဲရှိတယ်၊ သူ့ပုံစံကတစ်မျိုးဖြစ်နေသလိုပဲ"

"မင်းပြောတဲ့ဖိုးကံ သေချာလို့လား"

"အဲ‥ဟုတ်ပါ့ဗျာ‥ ကျွန်တော် အဲဒီလောက် မတုံးသေးပါဘူး"

"ဟုတ်ပြီကိုပိုက်‥ကျွန်တော်တစ်ခု စဉ်းစားမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး ကိုလင်းရဲ့"

"သူ့ဖိုးကံသာမှန်လျှင်ဖြင့် သူ့ကို ကျွန်တော်တို့ တွေ့ဖို့ လိုအပ်မယ်"

"ဘာလို့လဲဆိုတော့ သူမယ် လျှို့ဝှက်စရာ အကြောင်းတွေရှိနေပါလိမ့်မယ်၊ နို့ နေပါဦး‥ငါတစ်ခု မေးပါရစေဦး‥ဖိုးကံ မင်းတို့ရွာရောက်နေတာ ကြာပြီလား"

သို့ဆိုတော့ မောင်ဝင်းသည် တစ်ချက် စဉ်းစားလိုက်ချေပြီး

"အင်း‥ကျွန်တော်မှတ်မိသလောက် ကျွန်တော်တို့ရွာက လူပျိုကြီးကောက်နွယ် ခေါ်လာတာ လွန်ခဲ့တဲ့သုံးနှစ်လောက်က ဖြစ်မယ်၊ လူပျိုကြီးကောက်နွယ် ခေါ်လာတုန်းက စိတ်မနှံ့ဖြစ်နေတာ၊ လူပျိုကြီးကောက်နွယ်သေသွားတော့ သူ သုသာန်ကဇရပ်မယ် ပြောင်းနေတာလေ၊ သူ့အလုပ်လုပ်ပြီး စားရတယ်လေ"

"ဘာတွေလုပ်တာလဲ"

"သုသာန်မယ် ကျင်းတူးတယ်၊ ရွာထဲကလိုအပ်လို့ တောက်တိုမယ်ရခိုင်းလျှင်လည်း လုပ်ပေးတယ်၊ ကျွန်တော်တို့သုသာန်ထဲမယ် ကြက်တိုက်၊ ဖဲရိုက်တဲ့အခါ သူ့ကို မုန့်ဖိုးပဲဖိုးပေးပြီး တောက်တိုမယ်ရခိုင်းတယ်၊ တစ်ရွာလုံးက ဖိုးကံကို ခင်ကြပါတယ်"

"ဟုတ်ပြီ မင်းစဉ်းစားမိသလောက် သူ့အဲ့လိုပဲ ရူးသွပ်နေပုံပဲလား‥တစ်ခါတစ်လေ ခုလိုပုံစံမျိုး မြင်ရလား"

"ဟင့်အင်း တစ်ခုတော့ရှိတယ်‥တစ်ယောက်တည်း ရှိနေတဲ့ အခါ တွေးနေပုံပဲ"

"ဟုတ်ပြီ သည်လောက်ဆို ကိုပိုက် ကျွန်တော်တို့ အခြေအနေကို ခဏစောင့်ကြည့်ပြီး ဘာလုပ်ရမယ်၊ စီစဉ်တာပေါ့

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တော့ ရှိတာလေးနဲ့ စားလိုက်ကြတာပေါ့"

သို့ဆိုတော့ ကျွန်တော်သည် လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်လိုက်ပြီး

"သည်နားတစ်ဝိုက် စားစရာ သွားရှာရဦးမပေါ့"

သို့ ပြောလိုက်၏။

"မလိုပါဘူး • •ကျွန်တော့်မယ်၊ အသားမြှောင်း သုံးခုရှိသေးတယ်"

သို့ဆိုလျှက် လင်းမြင့်လှိုင်က သူ့တွင်ရှိ ဂျို(ချေ)သားကြပ်တိုက် သုံးမြှောင်းကို ထုတ်ပေးလာချေ၏။

"မီးမွှေးလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ နို့ပေမင့် ခပ်လှမ်းလှမ်းသွားလုပ်သင့်တာပေါ့"

သို့ကြောင့် ကျွန်တော်သည် မောင်ဝင်းအား ခပ်လှမ်းလှမ်းသို့ သွားကာ မီးမွှေးပြီး ဂျိုသားကြပ်တိုက်ကို မီးဖုတ်ခိုင်းလိုက်၏။

အချိန်အတန်ကြာတွင် မောင်ဝင်းပြန်ရောက်လာ၏။

"မင်း မီးအသေချာသတ်ခဲ့ရဲ့လား"

"ဟုတ်ကဲ့"

သို့မှ ကျွန်တော်တို့သည် နံနက်ခင်းစာအလို့ငှာ ဂျိုးသားမီးဖုတ်ကို စားလိုက်ကြ၏။

လင်းမြင့်လှိုင်က ဝီစကီတစ်ပြား ကမ်းပေးလာလေ၏။

"နောက်မှ သောက်မယ်ဗျာ"

သို့ ကျွန်တော်က ငြင်းလိုက်၏။ လင်းမြင့်လှိုင်က တစ်ငုံမော့သောက်လိုက်ချေပြီး

www.burmeseclassic.com

www.burmeseclassic.com



"မောနင်းပက်လေးတော့ လုပ်ပေါ့ဗျာ" ဆိုလျက် ထပ်မံ ကမ်းပေး လာလေခြင်းကြောင့် ကျွန်တော်သည် လှမ်းယူ မောနင်းပက် လုပ်လိုက်ရချေတော့၏။

သည့်နောက် ကျွန်တော်သည် လင်းမြင့်လှိုင် ဘယ်လို စီစဉ် မည်ကို သိလို၍စေ့စေ့ကြည့်လိုက်၏။

"ကျွန်တော်တို့ သျှောင်ဆံထုံးတို့ဆီ သွားကြမယ်"

"ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာတုံး"

"ဟိုမယ် သူတို့မောင်ဝင်းကို ခေါ်ပြီး ရိုက်နှက်ထားခဲ့ကြတာ မဟုတ်လား"

"နို့တော့ နို့ပေါ့ဗျာ"

"သည်တော့"

"သွားမယ်လေ၊ မေးရမှာပေါ့၊ အဓိက ကျွန်တော်ဖိုးကံကို တွေ့ချင်တာကြောင့်ပါ"

"ဟုတ်ပြီလေ"

သို့ဖြင့် ကျွန်တော်တို့သည် သျှောင်ဆံထုံးအဘိုးအိုတို့ လူစုရှိရာသို့ သွားလိုက်ကြ၏။

"ဟာ"

"ဟင်"

"ဟင်… မင်းတို့ပါကလား"

ကျွန်တော်တို့ကို မြင်သည်နှင့် သျှောင်ဆံထုံးအဘိုးအိုက အံ့ဩတကြီးဖြင့် ပြောလာတော့၏။

လင်းမြင့်လှိုင်က သျှောင်ဆံထုံးအဘိုးအိုက ပြုံးပြလိုက်ချေပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ညဘက်ကြီး ကျွန်တော်တို့ကို ထားခဲ့ပြီး ထွက်သွားရတာပဲ"

သို့ မေးလိုက်သည့်တွင် ယောင်ခံထုံးအဖိုးအိုက အံ့အားသင့်ဟန်ပြုလိုက်ချေပြီး

"ဆရာလေးတို့ အိပ်ပျော်နေတုန်း တဲစု ပတ်ပတ်လည်မယ်ကျားကောင်ရဲ့ အသံကြားရတယ်ဗျ၊ ကျုပ်လည်း သည်မယ် နေလို့မဖြစ်တော့ဘူးတွက်ပြီး စခန်းရွှေ့လာကြတာပဲ"

သို့ သျှောင်ခံထုံးအဘိုးအို၏ အကြောင်းပြချက် ခိုင်လုံမှုမရှိသည်ကို ကျွန်တော်သိလိုက်၏။ လင်းမြင့်လှိုင်လည်း သိလိုက်မေမင့်၊ ဘယ်သို့စကားမျှ မပြောတော့ဘဲ နှုတ်ဆိတ်နေချေတော့၏။

"ခင်ဗျားတို့ ဘာလို့ ကျုပ်ကို ဖမ်းချုပ်ခေါ်သွားပြီး ရိုက်နှက်ထားခဲ့ရတာလဲ"

မောင်ဝင်းက သျှောင်ခံထုံးအဘိုးအိုကို သို့ဒေါသတကြီးဖြင့်ပြောလိုက်လေ၏။

သည့်တွင် သျှောင်ခံထုံးအဘိုးအိုက မောင်ဝင်းကို အံ့ဩတကြီး ကြည့်လာချေပြီး

"ဘာပြောတယ်၊ မင်းကို ငါတို့က ဘာလို့ ဖမ်းချုပ်ခေါ်ရမှာတုံး၊ ပြီးတော့ဘာလို့ ရိုက်နှက်ထားခဲ့ရမှာလဲ"

သို့ သျှောင်ခံထုံးအဖိုးအို၏ ပြောဟန်ကို ကြည့်ခြင်းအားဖြင့် အမှန်ပြောနေခြင်းဖြစ်သည်ကို ကျွန်တော်ရော လင်းမြင့်လှိုင်ပါ သိလိုက်ချေ၏။

"မောင်ဝင်း မင်းကို ဖမ်းချုပ်ခေါ်သွားတာ အဖိုးတို့ မဟုတ်လောက်ဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



"နှိုဖြင့် ဆရာလေးက ဘာလို့ပြောနိုင်တာတုံး"

မောင်ဝင်းက လင်းမြင့်လှိုင်ကို ပြန်မေးခွန်းထုတ်လာလေ၏။ ထိုသည်ကို ကျွန်တော်လည်း သိလိုက်လေ၏။ သို့ကြောင့် လင်းမြင့်လှိုင် မည်သို့ပြောလာမည်ကို နားစွင့်နေလိုက်တော့၏။

လင်းမြင့်လှိုင်သည် မောင်ဝင်းကို ပြုံးစစ မျက်နှာဖြင့် ကြည့်လိုက်ချေပြီး

"မင်းကိုရိုက်နှက်ထားခဲ့တာ တခြားလူတစ်ယောက်ဖြစ်မယ်"

"ဗျာ"

"ဟင်"

မောင်ဝင်းနှင့် ကျွန်တော်ပင်မဟုတ် ယောင်ဆံထုံး အဖိုးအိုသည်လည်း လင်းမြင့်လှိုင်စကားကြောင့် အံ့အားသင့်သွားချေတော့၏။

"ကိုလင်း"

ကျွန်တော်က ခေါ်လိုက်၏။

"သည်မယ်‥အဘိုး ကျွန်တော်တို့ကို ဖိုးကံနဲ့ တွေ့ခွင့်ပေးပါလား"

သို့ လင်းမြင့်လှိုင်က ယောင်ဆံထုံးအဖိုးအိုကို ပြောလိုက်သည်တွင် အဘိုးအိုက လင်းမြင့်လှိုင်ကို နားမလည်နိုင်စွာ ကြည့်လာချေပြီး

"ဘယ်သူလဲ ဖိုးကံ" မေးလာလေ၏

"စောစောက အဘိုးတို့ဖမ်းလာတဲ့သူကို ပြောတာ"

"ဟင်‥နှိုဖြင့် သူ့ကို မင်းက သိတာပေါ့"

"လူချင်းသိတာတော့မဟုတ်ပါဘူး‥နို့ပေမင့် သူ့ကို တွေ့မှ ဖြစ်မယ့်ကိစ္စ ရှိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"နှီဖြင့် သည်လူသတ်ကောင်ကို မင်းက ဘာလို့ တွေ့ချင်တာလဲ"

"ဗျာ..သူက လူသတ်ကောင် ဟုတ်လား"

မောင်ငင်းက အံ့ဩတကြီး အဖိုးအိုကို မေးလေ၏။

"ဟုတ်တယ်"

"ဘာလို့များ"

"ဘယ်လိုရမှာလဲကွ..သူ့ကို ငါတို့သိတာလဲ မဟုတ်ဘူး။ ဘယ်လိုကြောင့် အသားလွတ်ကြီးငါ့လူတစ်ယောက်ကို လာသတ်ရတာလဲ"

"ဗျာ..ဘယ်လို..ဘယ်လို ... ရှင်းအောင် ပြောပါလား အဘိုး"

လင်းမြင့်လှိုင်က မေးလိုက်လေ၏။

"ညကလေ သည်ကောင်.. ဖိုးရှမ်းကို ချောင်းမြောင်း သတ်သွားတာ"

"ဗျာ"

"ဘုရားရေ.. ဖိုးရှမ်းဆိုပါကလား...သို့ဆိုတော့ တစ်ချိန်က တောင်သူကုန်းရွာသစ်ပင်ကြီးစခန်းတွင် သူနှင့် လိုက်ပါခဲ့သည့် ငပူတင်းဆိုသူ မြွေကောင်ကြီးမျိုခံရသည့်ကိစ္စနှင့် ပတ်သက်နေသည်များလား"

"ပြောပါဦး ဖိုးရှမ်းဆိုတာ"

"လာ...လိုက်ခဲ့ကြချေ"

အဘိုးအိုက ကျွန်တော်တို့အား သူလူတစ်စုရှိရာသို့ ခေါ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူလူစု ဝိုင်းအုံကြည့်နေသည့် နေရာသို့ ရောက်သည်တွင် အဘိုးအိုကို မြင်သည်နှင့် ထိုလူစုသည် ဘေးရှဲသွားကြ၏။

"ဟာ"

"ဟင်"

မြေပြင်တွင် ပက်လက်အနေအထားဖြင့် ရင်ဝတွင် မြားတံ တစ်ချောင်း စိုက်လျက် သေဆုံးနေသူ တစ်ယောက်ပါကလား။

ထိုသူကို မြင့်လိုက်သည်နှင့် ကျွန်တော်ကော လင်းမြင့်လှိုင်ပါ အံ့သြတကြီး ဖြစ်သွားတော့၏။

ထိုသူက ခေါင်းဖြူလူပင်ဖြစ်ချေတော့၏။

"ဖိုးရှမ်းဆိုတာ သူလား"

ကျွန်တော်က မေးလိုက်၏။

"ဟုတ်တယ်"

"နို့ဖြင့် သူ့မယ် ကလေးမလေးတစ်ယောက်ရှိတယ်လေ၊ သူ့သမီးလေး"

"ဟုတ်တယ်"

"ဘာဟုတ်ရမှာလဲ• •အဲဒါကျုပ်တူမဗျ• • •ဖိုးရှမ်းနဲ့ ဘာမှ မပတ်သက်ဘူး"

သို့ပြောလာသူသည် သူတို့ ချုပ်နှောင်ထားသော ဖိုးကံဆိုသူ ဖြစ်ချေတော့၏။

"ဘာပြောတယ်ကွ"

"ဘာပြောရမှာလဲ • •အဲဒီကလေးမလေး ကျုပ်တူမဗျ • •ကျုပ်ညီက မွေးတာ"

"မင်းညီဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ဖိုးကံကို ခပ်မှာမှာလေသံဖြင့် မေးလိုက်၏။

"ကျုပ်ညီက ငပွတင်း"

"ဘုရားရေ့ . ငပွတင်းဆိုပါကလား"

ကျွန်ုပ် လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်ချေ တော့၏။ ဘယ်လိုတွေပါလိမ့်၊

ကျွန်တော် မည်သို့မျှ နားမလည်နိုင်ခြင်းကြောင့် လင်းမြင့်လှိုင်ကို အရိပ်အမြွက်သဘောဖြင့် မျက်နှာ အမူအယာ ပြလိုက်လေ၏။

"အဘိုး..ကျွန်တော် ဖိုးကံနဲ့ စကားပြောလို့ ရမလား"

သည်တော့ အဘိုးအိုက လင်းမြင့်လှိုင်ကို မယုံသင်္ကာဖြင့် ကြည့်လိုက်ချေပြီး..

"မင်း ငါတို့ကိစ္စထဲ ဘာမှ ဝင်မစွက်စေချင်ဘူး"

သို့ပြောလာသဖြင့် လင်းမြင့်လှိုင်က အဘိုးအိုအား စေ့စေ့ ကြည့်လိုက်ချေပြီး

"သည်မယ် အဘိုး..ကျွန်တော် ဖိုးကံနဲ့ ပတ်သက်တယ် ဆိုတာ သူပျောက်နေလို့ သူ့ရွာလူကြီးက ကျွန်တော့်ကို တာဝန်ပေး လိုက်ရာခိုင်းလို့ ဒါ ဘာမပတ်သက်ရမှာလဲ"

သို့အစပျိုရင်း လင်းမြင့်လှိုင်သည် အဖိုးအိုအား ကျွန်တော်တို့ တောင်သူကုန်းရွာကို ရောက်လာကြရသည်က စကား၊ သစ်ပင်ကြီး စခန်းတွင် ကြီးမားသော မြွေဟောက်ကြီးကြောင့် ရွာသားများ အခက်တွေ့ ရပုံ၊ ပြီးတော့ တောင်သူကုန်းရွာသား သုသာန်စောင့် ဖိုးကံ ပျောက်ဆုံး သွားပုံတို့အပြင် ရွာလူကြီးက ပျောက်ဆုံးနေသော ဖိုးကံကို သေသည် ရှင်သည် ကွဲကွဲပြားပြား သိနိုင်ရန် ကျွန်တော်တို့အား တာဝန်

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပုံကို ပြောပြလိုက်ချေတော့၏။

သို့ဆိုတော့ ယောင်ခံထုံးအဘိုးအိုက သဘောပေါက်သွားချေသဖြင့်

"နို့နေပါဦး‥ ဖိုးရှမ်းနဲ့သူက ဘယ်လိုပတ်သက်လို့ ခုလိုသတ်ပစ်ရတာလဲ"

အဘိုးအိုက လင်းမြင့်လှိုင်ကို မေးလိုက်ချေတော့၏။

လင်းမြင့်လှိုင်က အဖိုးအိုမေးသည်ကို မပြောတော့ဘဲ ခပ်လှမ်းလှမ်းမှ ကျွန်တော်တို့အား ကြည့်နေသည့် အကျဉ်းသား ဖိုးကံကို ကြည့်လိုက်ချေပြီး

"သူဖြေရှင်းနိုင်ပါလိမ့်မယ်" လို့ ပြောလိုက်လေ၏။

သည်တွင် ဖိုးကံက‥

"ကျုပ် အကုန်ပြောပြမယ်၊ နို့ပေမင့် ကျုပ်တူမလေးကို တွေ့ချင်တယ်"

"ဟင်"

"ဘာ"

ယောင်ခံထုံးအဘိုးအိုသည် အံ့အားသင့် ဖိုးကံကို မကျေမနပ် ကြည့်လိုက်ချေ၏။

"မင်းတူမဆိုတာ ဘယ်သူလဲ ငါမသိဘူး"

"ခင်ဗျားသိသားပဲ"

"မသိဘူးလို့ ငါပြောတာ‥မယုံလဲနေကွာ‥အေး မင်းကိုတော့ ဖိုးရှမ်းသတ်မှုနဲ့ အချုပ်ထဲ ထည့်ရမှာပဲ"

"မကြောက်လို့ လူယုတ်မာကို သတ်တာပေါ့ဗျာ‥‥အေး ကျုပ်တူမကိုလည်း ကျုပ်ပြန်လိုချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါမသိဘူးလို့ ပြောနေတာနော်"

"အဘိုးတကယ် သည်ကိစ္စမသိဘူးလား"

လင်းမြင့်လှိုင်က ကြားဝင်မေးလေ၏။ သည်တွင်ယောင်ခံထုံး အဘိုးအိုက

"အေးကွာ ငါဘာမှ မသိဘူး"

"ဟုတ်ပြီလေ..ကျုပ်မေးတာ တစ်ခုတော့ ပြောစေချင်တယ်"

"ပြောကွာ"

"ဖိုးရှမ်းမယ် သမီးတစ်ယောက်ရှိတယ် မဟုတ်လား"

"အေးလေကွာ"

"သူ ခုဘယ်မှာလဲ"

"ဆုံးပြီ"

"ဘာ"

ဖိုးကံတစ်ယောက် ဖိုးရှမ်းသမီးဆုံးပြီ သိလိုက်သည်နှင့် အမျက်ဒေါသထွက်သွားတော့၏။

စူးရှသော မျက်လုံးဖြင့် အဘိုးအိုကိုမကြေမနပ် ကြည့်နေလေ၏။

တရှူးရှူးဖြင့် ဒေါသတို့ ထွက်နေချေ၏။

"ခင်ဗျား..မညာနဲ့"

"ငါက ဘာညာရမှာလဲ..သည်မှာရှိတဲ့လူတွေအားလုံးကို မေးလို့ရတယ်"

"ဘာလို့ဆုံးတာလဲ..ဘယ်တုန်းကလဲ"

"မင်းနဲ့ ဘာပတ်သက်လို့လဲ"

အဘိုးအိုက ဖိုးကံကို မေးလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ပတ်သက်ရမှာလဲ··အေးသည်ကမေးတာကို မှန်မှန် ဖြေစမ်းပါ"

"မေးကွာ"

"ဖိုးရှမ်းနဲ့ ခင်ဗျား ဘယ်လိုပတ်သက်လဲ"

"ဘာမှ မပတ်သက်ဘူး··ငါ့ရွာသားပဲ"

"နို့ဖြင့် ခင်ဗျားရွာသားအကြောင်း ခင်ဗျားဘာမှ မသိဘူးပေါ့"

သို့မေးလိုက်သည်တွင်မတော့ ယောင်ဆံထုံးအဘိုးအိုသည် ဖိုးကံကို နားမလည်နိုင်စွာ ကြည့်လိုက်ချေပြီး

"အေး··မင်းပြောလဲ ခံရမှာပဲ၊ သည်ကောင် ငါ့ရွာသား မှန်တယ်ဆိုပေမင့် လွန်ခဲ့တဲ့ ငါးနှစ်လောက်က ရွာကထွက်သွားပြီး ပြီးခဲ့တဲ့နှစ်လည်ကမှ ပြန်ရောက်လာတာ"

"နို့ဖြင့်ပြောဗျာ··ခင်ဗျား သူ့အကြောင်းသိမှ မသိတာ။ သူပြန်လာတော့ ကလေးမလေးတစ်ယောက်ပါလာတယ် မဟုတ်လား"

"အေး··အဲဒါ သူ့သမီးလေ"

"ခင်ဗျားဘယ်လိုပြောနိုင်လဲ··သူ့သမီးဖြစ်တယ်ဆိုတာ"

"ဟ··သူကိုယ်တိုင်ပြောတာကွ"

"ဟင်း··ဟင်း··ဟင်း"

ဖိုးကံက ခနဲ့တဲ့တဲ့ ရယ်လိုက်လေသဖြင့် ယောင်ဆံထုံးအဖိုးအို ဒေါသထွက်သွားကာ

"မင်း ဘာခနဲ့တာလဲ··သူ အိမ်ထောင်ကျခဲ့တာ ငါနဲ့ဆွေမျိုး မကင်းဘူးကွ"

"ဟား··ဟား··ဟား·· ပြောပါဦး··သူ့မိန်းမဆိုတာ··

www.burmeseclassic.com



မိစိုင်းကိုပြောတာ မဟုတ်လား"

"ဟင်"

ဖိုးကံအမေးကြောင့် ယောင်ခံထုံး အဖိုးအို အံ့အားသင့်သွားပြန်တော့၏။

"မင်း..မိစိုင်းကို သိလား"

"ကျုပ် ခယ်မပဲ"

"ဟော.. ဘာတွေလဲကွာ..ဖိုးရှမ်းပြောတာ သူမိစိုင်းနဲ့ အိမ်ထောင်ကျခဲ့တာတဲ့ မိစိုင်းဆုံးသွားတော့ သမီးလေးကျန်ခဲ့လို့ သမီးလေးနဲ့ ရွာပြန်လာတာဆိုကွ"

"အဲ့လို သူပြောနိုင်တာပဲ..ဘာလို့လဲဆိုတော့ သူလည်း မိစိုင်းနဲ့ ပတ်သက်ခဲ့တာပဲ"

ဖိုးကံစကားကြောင့် ကျွန်တော်သည်ပင် လွန်မင်းစွာ စိတ်ဝင်စားရချေတော့၏။

"ငါတော့ ဘာမှ မသိတော့ပါဘူးကွာ.ကဲ မင်းပြောချင်တာတွေ ပြောစမ်း"

စိတ်ရှုပ်သွားဟန်ဖြင့် သျှောင်ခံထုံးအဖိုးအိုက ဖိုးကံကို ပြောလိုက်ချေ၏။ သည်တော့ ကျွန်တော်တို့သည်လည်း စိတ်ဝင်စား ဖွယ်ကြားရတော့မည်ကို တွက်ထားလိုက်ကြပေမင့်

"ကျုပ်ဘာမှ မပြောနိုင်ဘူး..ကျုပ်ကို လူသတ်မှုနဲ့ ကြိုက်တဲ့ အပြစ် ပေးနိုင်တာပဲ"

"ဘာလို့ မပြောချင်တာလဲ.ပြဿနာတစ်ခုကို ရှင်းလိုက်မှ ကောင်းတာလေ"

သို့လင်းမြင့်လှိုင်က ဝင်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ဖိုးကံက လင်းမြင့်လှိုင်ကို အားကိုးတကြီးပုံစံဖြင့် ကြည့်လာချေပြီး

"ကျုပ်တူမလေးကို ပြန်တောင်းပေးကြပါဗျာ"

သို့ပြောလည်းပြောရင်း‥ မျက်ရည်များလည်း ကျလာသဖြင့် သူ့တွင် စိတ်ဝင်စားဖွယ်ကောင်းသော ခံစားချက် ရှိလိမ့်မည်ဟု တွက်လိုက်မိသဖြင့်

"အဘိုး‥ကျွန်တော် ကြားက တစ်ခုတောင်းဆိုချင်တယ်"

လင်းမြင့်လှိုင်က ပြောလိုက်၏။

"ပြောကြည့်လိုတော့ ရပါတယ်‥ဖြစ်နိုင်မဖြစ်နိုင်တော့ ငါ မပြောနိုင်သေးဘူး"

"ဟုတ်ပါပြီ‥အဘိုးရယ်‥ကျွန်တော်သည်ကိစ္စရှင်းပေးပါ့မယ်၊ သူပြောတဲ့ သူ့တူမလေးဆိုတာ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ လောလောဆယ်သူ့တူမလေးဆိုတာကို ထုတ်ပေးလိုက်ပါ"

"ဘာ‥ငါတကယ်မသိဘူး ၊ သူ့တူမ ငါဘယ်လို သိမှာလဲ"

"အော် ‥ ‥ကျွန်တော် အပြောလော်ကြီးသွားလို့ပါ၊ သူထင်နေတာ ဖိုးရှမ်းရဲ့ သမီးဆိုတာ သူ့တူမချည်း ပြောနေတော့ကာ သူလည်း သံသယရှင်းသွားအောင် ဖိုးရှမ်းသမီးကို ထုတ်ပြလိုက်ပါ"

သို့ဆိုတော့ အဘိုးအိုမျက်စိမျက်နှာ ပျက်စွာဖြင့်

"ဟာ‥သူ့သမီးက သေပြီပဲ‥ငါ ဘယ်လို ထုတ်ပြရမှာတုံး" ပြောလာလေ၏။

သည်တွင် ဖိုးကံက အဖိုးအိုအား စူးစူးရဲရဲ ကြည့်လိုက်ချေပြီး‥

"ကျုပ် မနေ့မနက်ကတောင် တူမလေးကို တွေ့လိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဖိုးရှမ်းသမီးဆိုတာကိုပေါ့..၊ ဘယ်လိုလုပ် ချက်ချင်းကြီးသေသွားရတာလဲ...၊ နို့ဖြင့်လည်း သူ့အလောင်းပြ"

သို့ ဖိုးကံက ပြောလာသဖြင့် ကျွန်တော်လည်း

"ဟုတ်ပါတယ်အဘိုး.. သူ့ရဲ့ သံသယရှင်းသွားအောင် ဖိုးရှမ်း သမီးအလောင်းကို ပြလိုက်ပါဗျာ"

သို့ဆိုတော့ အဘိုးအိုလည်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားပုံပင်..။

ငိုင်တွေသွားတော့၏။

"အဘိုးမယ်..ခက်ခဲတဲ့ ပြဿနာရှိလို့လား"

"အေးကွာ..သေသွားတဲ့သူ့ကို ငါ ကတိပေးလိုက်မိတာကွ"

"ဟုတ်ပါတယ် အဘိုးကတိဖျက်တာ မဟုတ်ပါဘူး၊ သည်ကိစ္စက ဖိုးရှမ်းသမီးကို ဖိုးကံမြင်လေမှ သံသယရှင်းမှာကြောင့် အလောင်းကို ထုတ်ပြလိုက်ပါဗျာ"

သို့ လင်းမြင့်လှိုင်ကဝင်ပြောသည့်တွင် ဘျောင်ခံထုံးအဘိုးအို တွေဝေသွားချေပြီ။

"တကယ်တော့ သူ့သမီးမသေဘူး"

"ဗျာ"

"ဟင်"

"သူမသေခင် ငါ့ကို မှာသွားလို့ပါ"

"ဘာတဲ့ဗျာ"

"သူ့သမီးကို ဘယ်သူလာတောင်းတောင်း မပေးပါနဲ့ ပြောလို့ပါ"

"နို့ သူ့သမီးမှ မဟုတ်တာ..ကျုပ်တူမအရင်းပဲဗျာ..၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



သူသက်သက်ခင်ဗျားကို ချောက်ချခဲ့တာ"

ဖိုးကံက သို့ဒေါသတကြီးဝင်ပြောလေတော့၏။

"ဟင်"

သည်တော့အဘိုးအို ဘာလုပ်ရမှန်းမသိ သက်ပြင်းရှည်ကြီး ချလိုက်တော့၏။

"ကဲပါအဘိုး… ကျွန်တော့်တာဝန်ယူပါတယ်၊ ကျွန်တော် သူပြောတာ ဟုတ်မဟုတ် သေချာအောင် စစ်ဆေးပေးပါမယ်၊ သူတူမ လို့ ပြောနေတဲ့ ဖိုးရှမ်းရဲ့သမီးလေးကို ခေါ်လိုက်ပါဗျာ"

"မင်း တာဝန်ယူရမယ်နော်… ဖိုးရှမ်းသမီးဖြစ်ခဲ့ရင် ငါ ဘယ် လိုလုပ် တမလွန်ရောက်သွားတဲ့ ဖိုးရှမ်းကို မျက်နှာပြရမှာလဲ"

"စိတ်ချပါအဘိုး ကျွန်တော် သည်ကိစ္စသေချာစစ်ဆေးပြီး ခုံးဖြတ်ပေးပါ့မယ်"

"ဟုတ်ပြီလေ"

သို့ သျှောင်ဆံထုံးအဘိုးအိုက ပြောလိုက်သည်တွင် ဖိုးကံ တစ်ယောက် မျက်လုံးများ ဝင်းလက်လာလေ၏။

သူ့တူမရယ်လို့ သူသတ်မှတ်ထားသည့်ကြောင့်ပင် ဖြစ်ချိမ့် မည်။

"ခဏစောင့်ကြဦးကွာ"

သို့ဆိုလျက် အဘိုးအိုသည် ကျွန်တော်တို့အပါးမှ ထွက်သွား လေတော့၏။

သျှောင်ဆံထုံးအဘိုးအို ထွက်သွားသည်နှင့် ဖိုးကံသည် ကျွန်တော်နှင့် လင်းမြင့်လှိုင်အား သံသယမျက်ဝန်းတို့ဖြင့် ကြည့်နေ လေပြီး မောင်ဝင်းဘက်လှည့်လိုက်ကာ…

www.burmeseclassic.com

www.burmeseclassic.com



"ကိုဝင်း‥ခင်ဗျားခေါ်လာတဲ့လူတွေလား"

လို့ မေးလိုက်၏။

"ဟော့အေး‥ငါက သူတို့နဲ့ လိုက်လာတာ"

"ခင်ဗျား ကျွန်တော့်ကိုတွေ့တော့ မအံ့ဩပေဘူးလား"

"ဘယ်လိုပြောလိုက်တာလဲ ဖိုးကံရာ မင်း ငါတို့ရွာမှာ နေတုန်းက ကြပ်မပြည့်လေ၊ ခုဘယ်လိုလုပ် နေကောင်းသွားတာလဲ"

သို့မောင်ဝင်းက မေးလိုက်ချေ၏။

"ဟား ဖား ဟား ဟား ‥တကယ်တော့ ကျွန်တော်က မရူးပါဘူး၊ ကျပ်မပြည့်တဲ့သူ မဟုတ်ပါဘူးကွာ၊ သည့်တွက် ကျွန်တော့်ကို နားလည်ပေးကြပါကွာ၊ ကျွန်တော့်ကို ကူညီခဲ့တာ၊ နေထိုင်ခွင့်ပေးခဲ့တာတွေကို ကျေးဇူးတင်ပါတယ်၊ ခု ကျွန်တော့်ကိစ္စ ပြီးလောက်ပြီလေ၊ ခင်ဗျားတို့ရွာသူကြီးကိုလည်း လာတောင်းပန်ချေပါဦးမယ်"

"ကိုဖိုးကံရေ‥ကျွန်တော်တို့က ခင်ဗျားပျောက်လို့ လာရှာကြတာဗျ‥တောင်သူကုန်းရွာလူကြီးက ခင်ဗျားအပေါ်တော့ အတော်ကလေးသံသယဇဉ်အရှိသားကလား၊ တောင်သူကုန်းရွာကလည်း ခင်ဗျားရှိမှုကို ဖြစ်လိမ့်မယ်ထင်တယ်‥ဟဲ‥ဟဲ"

သို့ ကျွန်တော်က ဝင်ပြောလိုက်သည့်တွင် ဖိုးကံသည် ကျွန်တော်အား ခနဲ့ပြုံးပြုံးပြလာချေပြီး

"ဘာလဲ တောင်သူကုန်းရွာတွက် တောက်တိုမည်ရနိုင်းရမယ့်သူ မရှိလို့လား" မေးလာလေ၏။

သည့်တွင် ကျွန်တော် စကားပြောလေကြီးသွားမှန်းသိလိုက်ချေတော့၏။ ဟုတ်ပါ့ ဖိုးကံက သူ့အကြောင်းနှင့်သူ ထိုတောင်သူကုန်း

www.burmeseclassic.com

www.burmeseclassic.com



ရှာတွင် ဇာတ်မြှုပ်နေခြင်းပါကလား၊ တကယ်တော့ ဖိုးကံက လူကောင်းတစ်ယောက်ဖြစ်ပေသည်ကိုး‥ သို့ကြောင့်

"ကျွန်တော် စကားပြော မှားသွားသလိုပါပဲဗျာ‥ ခင်ဗျား ထင်သလိုတော့ မဟုတ်ပါဘူး၊ သူကြီးကလည်း ခင်ဗျားအပေါ် အမှန်တကယ် သံယောဇဉ်ဖြစ်လို့ ကျွန်တော်တို့ကို တကူးတက ခေါ် အကူအညီတောင်းတာပါဗျာ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် ဖိုးကံသည် ပြုံးပြလာချေပြီး

"ဟင်း‥ဟင်း‥ကျွန်တော်က သက်သက်နှောက်ပြောင် ပြောတာပါဗျာ‥တကယ်တော့ ကျွန်တော်လည်း တောင်သူကုန်း ရွာသားတွေနဲ့သူကြီးကို သံယောဇဉ်ရှိပါတယ်၊ ဖြစ်နိုင်ရင် ကိစ္စတွေပြီး လျှင်မြန် ဆိုပါစို့ဗျာ‥ ကျွန်တော့်တူမလေးကို ပြန်ရပြီဆိုရင် တူအရီး နှစ်ယောက် တောင်သူကုန်းရွာမယ် အခြေချနေမှာပါဗျာ"

"ဟင်း‥‥ကိုဖိုးကံ တကယ်ပြောတာလား"

မောင်ဝင်းက အားရဝမ်းသာ ဝင်ပြောလာ၏။ သည်တွင် ဖိုးကံက မောင်ဝင်းအား ပြုံးပြလိုက်ချေပြီး

"ဘာလဲ‥ခင်ဗျားတို့ ကြက်ဝိုင်း၊ ဖဲဝိုင်းမယ် တောက်တို မယ်ရနိုင်းရမယ့်သူ ပြန်လာမှာကြောင့်လား" လို့ ပြောလိုက် ပြန်ချေတော့၏။

"အဲလို မဟုတ်ပါဘူး ကိုဖိုးကံရယ်" လို့ မောင်ဝင်းက ညီးငယ်စွာ ဖြင့် ပြောလာချေ၏။

"ဟုတ်ပြီလေ‥ဘာပဲပြောပြော ငါကလည်း ဝါးနှာ သစ်ခုတ် မတတ်ပါဘူး၊ တူအရီးနှစ်ယောက် အရင်က ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



နေပုံထိုင်ပုံအတိုင်း ရှာဖွေစားသောက်ရမှာပေါ့..ဟဲ..ဟဲ"

"ဟာဗျာ..အဲလိုတော့ ဘယ်ဖြစ်မလဲ ၊ ခင်ဗျားတူမလေး လည်းပါတယ်ဆိုတော့ သူသာနက ဇရပ်မယ် ဘယ့်လိုဖြစ်မှာတုံး"

မောင်ဝင်းက အမှန်တကယ်ပင် စေတနာဖြင့် ပြောလိုက်ခြင်း ဖြစ်ချေတော့၏။

"ဟ. နို့ကတော့ ငါနားလည်ပါတယ်..သူကြီးကိုပြောပြီး မြေကွက်လေးတစ်ကွက်တောင်း တဲဆောက်နေကြ မှာပေါ့"

"ဟဲ..ဟဲ..အဲ့လိုလုပ်ပါဗျာ"

"ဟား..ဟား..ဟား..ဟား"

"ဟင်း..ဟင်း..ဟား ဟား..ဟင်း..ဟင်း"

မောင်ဝင်းနှင့် ဖိုးကံတို့နှစ်ယောက် သို့ဆိုသလို တစ်ဦးကို တစ်ဦး သဘောကျ ကြည့် ရယ်မောလိုက်ချေတော့၏။

သို့အချိန်မှာပင် ယျောင်ဆံထုံးအဘိုးအိုရောက်လာ ချေ၏။ သူလက်ဆွဲလာသည့် အသက်အားဖြင့် ရှစ်နှစ်ခန့်ရှိ ကလေးမလေး သည် ဖိုးကံကို တွေ့သည်နှင့် အားရဝမ်းသာ ပြေး၍ ဖက်လိုက်ချေပြီး

"ဟာ..ဦးကံ..ဦးကံ.. ဖေဖေကော မပါဘူးလား"

သို့ဆိုလျက် မေးလာချေတော့၏။ သည်တွင် ဖိုးကံ တစ်ယောက် မျက်နှာညှိုးသွားကာ

"သမီး... သမီးဖေဖေ သေသွားပြီ"

"ရှင်"

"အေး. မင်းဖေဖေသေပြီ..သည်မယ်ကြည့်"

ယောင်ဆံထုံးအဖိုးအိုက သို့ဆိုသလို ကလေးမလေးအား ခေါ်ခြင်းဖြ၍ အလောင်းကို ပြလိုက်ချေ၏။ သည်တွင် ဖိုးကံတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ယောင်ခံထုံးအဖိုးအိုကို လွန်မင်းစွာ ဒေါသထွက်သွားပုံရချေ၏။ စားတော့ ဝါးတော့မတတ် ကြည့်လိုက်ချေပြီး

"ဘာပြောတယ်ဗျ••သူက သူ့အဖေမှမဟုတ်တာချည်း"

လို့ မကြေမနပ်ပြောလိုက်ချေ၏။

သည်တွင် ယောင်ခံထုံး အဖိုးအိုက

"မင်းစောင့်ကြည့်နေစမ်းပါ။ သူ့အဖေ ဘယ်သူဆိုတာ သူ ပြောပါလိမ့်မယ်၊ အဲ••မင်းတို့ကို သက်သေထားပါတယ်၊ ကလေး မလေးက ဖိုးရှမ်းကို အဖေလို့သတ်မှတ်ရင် သည်ကောင် လိမ်တာပေါ့ ••ဟုတ်ပြီလား"

သို့ပြောလာသည့် ယောင်ခံထုံးအဖိုးအိုကို ကျွန်တော် သဘောကျစွာကြည့်လိုက်ချေ၏။

ဖြတ်ထိုးဉာဏ်ကောင်းလိုက်တာ။ ရုတ်တရက် ကလေးမ လေးကို စစ်ဆေးလိုက်ခြင်းဖြစ်၏။

သို့ဆိုတော့ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ကလေးမ လေး မည်သို့ပြောလာမည်ကို စိတ်ဝင်တစား ကြည့်နားစွင့်ထား လိုက်ကြ၏။

ကလေးမလေးသည် ခေါင်းဖြူ၏ အလောင်းရှိရာသို့ ပြေးသွား လိုက်ချေ၏။ တစ်ကိုယ်လုံး အညာစောင်ပါးဖြင့် လွှမ်းခြုံထားသော ခေါင်းဖြူခေါ် ဖိုးရှမ်းအလောင်းကို လှစ်ဟကြည့်လိုက်ချေတော့၏။

"ဟင်••အဖေ••အဖေ"

"အီး••ဟီး••ဟီး•• ဘယ်လိုဖြစ်ရတာလဲ အဖေရဲ့"

"ဘုရားရေ"

ကလေးမလေးက ...ဖြူကို အဖေလို့ခေါ်...က်ပါကလား

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုပါလျှင် ဖိုးကံစကား အမှားချည်းပေါ့ လုပ်ကြံဖန်တီးစကားပေါ့။

သည်တွင် သျှောင်ဆံထုံးအဖိုးအိုက ဖိုးကံကို မကျေမနပ် ကြည့်လိုက်ချေပြီး

"မင်း . . ညာတယ် . . လိမ်တယ် . . ပြီးတော့ ဖိုးရှမ်းကို သတ်တယ်"

ပြောလိုက်သည်တွင် ဖိုးကံတစ်ယောက် မျက်စိမျက်နှာ ပျက်သွားလေတော့၏။ ပြီး ကလေးမလေးထံ သွားလိုက်ကာ

"သမီး . . သမီး . . သူက သမီးအဖေဟုတ်လား"

သည်တွင် ကလေးမလေးက ဖိုးကံကို ကြည့်လာချေပြီး

"သမီးအဖေပဲပေါ့ . . ဦးရယ်"

"ဘာ . . ဘာ မင်းဘာပြောတယ် သမီးတကယ်မသိတာလား ကဲ သမီးနဲ့ငါ ဘာတော်လဲ"

"ဦးကြီး"

"ဟုတ်ပြီ . . မင်းအဖေက ဘယ်သူလဲ"

သို့ဆိုတော့ ကလေးမလေးသည် တွေဝေသွားလေ၏ ဖိုးကံ ကိုလည်း ညှိုးငယ်သော မျက်နှာဖြင့် ကြည့်နေ၏။ ပြီး ဖိုးရှမ်း၏ အလောင်းကိုလည်း ဂရုဏာသက်စွာ ကြည့်နေလေ၏။

ပြီးတော့မှ

"ဦးကြီး . . သမီးအမှန်ပြောမှာပါ . . သမီးအဖေက"

"ဟုတ်ပြီ . . မြန်မြန်ပြောစမ်း၊ မြန်မြန်"

သျှောင်ဆံထုံးအဘိုးအိုက ဝင်မေးလာချေ၏။

"ဟီး . . အီး . . ဟီး . . ဟီး . . ဟီး . . ဟီး"

ကလေးမလေး ချုံးပွဲချငိုလိုက်ချေတော့၏ သူ့အဖေ မည်သူ

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်ကိုတော့ ပြောလာခြင်း မရှိပါချေ။

သို့ကြောင့် လင်းမြင့်လှိုင်က ကလေးမလေးပခုံးကို ကြင်နာစွာ ဖက်လိုက်ချေပြီး

"သမီးဦးကြီးကိုကြည့်စမ်း" ပြောလိုက်၏။

သည်တွင် ကလေးမလေးက ဖိုးကံအား စေ့စေ့ကြည့်လိုက်ချေ၏။

"အေး‥သူ ခု လူသတ်မှုနဲ့ အဖမ်းခံရတော့မယ်"

"ဟာ"

"ဟင်"

"အို"

လင်းမြင့်လှိုင်စကားကြောင့် ကျွန်တော်အပါအဝင် ထိုနေရာရှိလူအားလုံး အံ့အားသင့်သွားကြချေ၏။

"ဘာလို့လဲဟင်"

ကလေးမလေးက လင်းမြင့်လှိုင်ကို အငိုမျက်လုံးဖြင့် ကြည့်မေးလာချေ၏။

"သူ လူတစ်ယောက်ကို သတ်လို့"

"ရှင်"

"ဘယ်သူ့ကိုလဲဟင်"

ကလေးမလေးအမေးကြောင့် ဖိုးကံတစ်ယောက် တုန်လှုပ်သွားချေ၏။ သူ ဖိုးရှမ်းကို သတ်လိုက်တာ ကလေးမလေးသိလျှင် ကြီးမားသော ပြဿနာတစ်ခုနှင့် သူလတ်တလော ရင်ဆိုင်ရမည်ဖြစ်သောကြောင့်ဟု ကျွန်တော် တွက်လိုက်မိ၏။ သို့ကြောင့် လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က သူ့သဘောပေါက်ခြင်းကို ကျွန်တော့်အား ခေါင်းညိတ်ပြချေပြီး

"သူ ဘယ်သူ့ကို သတ်တာထက် သူထောင်ကျစေတော့ မယ့်ကံဆိုးရင် ,သဒ္ဒဏ်တောင်ခံရလိမ့်မယ်၊ အဲဒါပဲ သမီးအရင် စဉ်းစားစမ်းပါ"

သို့ လင်းမြင့်လှိုင်စကားကြောင့် ဖိုးကံတစ်ယောက် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပုံရချေ၏။

သည့်တွင် ကလေးမလေးက

"အဲလို ဖြစ်နိုင်လား"

"အေးပေါ့"

"ဟင် နို့ဖြင့် သမီး‥ သမီးဦးကြီးကို ဘယ်လိုလုပ်ပေးရမှာလဲဟင်၊ ဦးကြီးက လူရိုးလူကောင်းပါ၊ မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး"

ကလေးမလေးက သည်တော့မှ ဖိုးကံကိုဖက်၍ ငိုယို ပြောလာချေတော့၏။

"ဖြစ်နိုင်လို့ ဖြစ်ခဲ့ပြီ၊ အေး သမီးက ဦးကံကို တကယ်ချစ်တယ်ဆိုရင် ဦးကံမေးတဲ့မေးခွန်းကို အမှန်အတိုင်း ပြောလေ"

သို့ လင်းမြင့်လှိုင်က ဝင်မေးလိုက်သည်တွင်

"ဘာလဲဟင်‥ဦး‥သမီးနားမလည်ဘူး"

"စောစောက သမီး ဦးကံမေးတယ်လေ၊ သမီးကို သမီး ဖေဖေ ဘယ်သူလဲတဲ့"

"ဟင်‥ သမီး ဘာလို့ မသိရမှာလဲ‥ သမီးဖေဖေက ကိုစိန်မင်းပဲ"

"ဟော"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သို့ဆိုတော့ ကျွန်တော်က

"ကိုဖိုးကံ ကိုစိန်မင်းဆိုတာ ဘယ်သူလဲ" မေးလိုက်၏။

"ကိုစိန်မင်းဆိုတာ သူ့ကို မိတ်ဆွေတွေက ချစ်စနိုးခေါ်ကြတဲ့ ကျုပ်ရဲ့ညီ ငပုတင်းပေါ့ဗျာ"

"ဟော"

"ဟင်"

"ဟဲ့··ညည်းက အမျိုးမျိုးပြောနေတာပါကလား။ စောစောက ပြောတော့ ညည်းအဖေက သူဆို"

ယောင်ခဲ့ထုံးအဖိုးအိုက ကလေးမလေးကို မကြေမနပ် ပြောကာ ဖိုးရှမ်းအလောင်းကို လက်ညှိုးထိုးပြလိုက်ချေတော့၏။

သည့်တွင် ကလေးမလေးက ဘာပြောမည်ကို အားလုံး စိတ်ဝင်စားကာ နားထောင်နေကြတော့၏။

ကလေးမလေးစိတ်မှ မှန်သေးရဲ့လားလို့ပင် ကျွန်တော်စဉ်းစား မိလိုက်တော့၏။

"သမီးဖေဖေက သူဆိုလည်း ဟုတ်ပါတယ်၊ နို့ပေမင့် သမီးရှင်းပြပါ့မယ် ··၊ သမီးကို သူ့တကယ်သမီးအရင်းလို့ စောင့်ရှောက်ခဲ့တယ်လေ၊ ဖေဖေနဲ့ကလည်း ရင်းနှီးကြတယ်ဆိုတော့ သမီးလည်း သည့်ရွာမယ်နေရတာ သည်အဖေနဲ့ဆိုတော့ သူ့ကိုလည်း အဖေလို့ သတ်မှတ်တာပါ။ သမီးအဖေအရင်းက ဦးစိန်မင်းပါ"

"ဟော"

"ဟင်"

ကျွန်တော်တို့နားမလည်နိုင်အောင် ဖြစ်ရချေသဖြင့် ဖိုးကံကို

www.burmeseclassic.com

www.burmeseclassic.com



စေ့စေ့ကြည့်လိုက်ချေ၏။

"သည်ကိစ္စတွေအားလုံး ကျွန်တော်ရှင်းပြမှ ဖြစ်မှာပါ" ပြောလာလေတော့၏။

သို့ကြောင့်

"ဟုတ်ပြီလေ- ခင်ဗျား ကျွန်တော်တို့ကို ရှင်းအောင်ပြောစမ်း ပါဗျာ"

သို့ဆိုတော့ ဖိုးကံသည် ကျွန်တော်တို့အား...

× × × × ×

ပေပင်ကုန်းရွာကလေးတွင် သူငယ်ချင်း သုံးယောက်ရှိကြ

www.burmeseclassic.com

www.burmeseclassic.com

ချေ၏။ ကျောင်းနေဖက်သာလျှင်မဟုတ်၊ အိမ်နီးချင်း သူငယ်ချင်းများ ဖြစ်ကြ၏။ သို့ဆိုတော့ . . ယောကျ်ားလေးသုံးယောက်၊ သို့မဟုတ် မိန်းခလေး သုံးယောက်ဟု ထင်ကောင်း ထင်ကြပေလိမ့်မည်။ သို့မဟုတ်ပါ . .

ယောကျ်ားလေးနှစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ပေါင်း သုံးယောက်သာ ဖြစ်ချေ၏။

သက်တူရွယ်တူများဟုပြောရလောက်သည်၊ တစ်နှစ်ကြီး တစ်နှစ်ငယ်များသာ ဖြစ်ကြချေ၏။

တစ်ယောက်သောသူက ထိုသုံးယောက်တွင်အကြီးဆုံး ဖိုးရှမ်းဖြစ်ချေ၏။ အလယ်တစ်ယောက်ကား မဝိုင်းဆိုသော မိန်းကလေး ဖြစ်၏။ အငယ်ဆုံးသည်ကား ငပူတင်းဟု နောက်ပြောင်ခေါ်ကြသော စိန်မင်းဖြစ်ချေတော့၏။

သို့ဆိုတော့ ရွာဦးမူလတန်းကျောင်းတွင် ဆောင်ပညာ

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားခဲ့ကြသည်တွင် အသက်အရွယ် တစ်နှစ်ကြီး တစ်နှစ်ငယ် သွားကြချေပြား၊ တစ်တန်းတည်း၊ တစ်ခန်းတည်း ဖြစ်ချေတော့၏။

သူတို့ကိုယ်နှိုက်သိကြ မှတ်မိလေသည်မှာ မူလတန်း အဆင့် ဟုခေါ်သည့် လေးတန်း ဖြစ်ကြချေ၏။

သူတို့မိဘများကလည်း သူတို့သုံးယောက်ကို ကြည့် ပီတိဖြစ်ကြချေ၏။ မိဘတို့သည် လယ်ပိုင် ခြံပိုင်များဖြစ်ကြ၏။ မိဘတွေလည်း၊ သားသမီးတွေလို မိတ်ဆွေခင်ပွန်းကောင်းများ ဖြစ်ကြ၏။ တစ်ဦးကိုတစ်ဦး ကူညီတန် ကူညီကြ၏၊ ဖေးမတန် ဖေးမ ကြ၏။

သို့ဆိုတော့ သူတို့သားသမီးသုံးယောက်သည် အထွေ အထူးပြောဖွယ်မရှိနိုင်ပါလေ• •။

တစ်ခုတော့ရှိသည်။ သူတို့သုံးဦး၏ မိဘများတွင်းမှ ဖိုးရှမ်း ၏ မိဘများသည် ကျန်နှစ်ဦးမိဘများထက် ပို၍ အဆင်ပြေပုံရချေ ၏။

သို့ပေမင့်လို့ တစ်ယောက်နှင့်တစ်ယောက် ငြိုငြင်ခြင်း မရှိပါ လေ၊ တွက်ကပ်ကြခြင်းမရှိပါလေ၊ မနာလိုမရှုဆိမ့် အလျဉ်း ကင်းကြ ချေ၏။

သို့မှသည် အချိန်တရွေ့ရွေ့ကုန်လွန်ခဲ့သည်နှင့်အမျှ လူငယ် သူငယ်ချင်း သုံးယောက်သည် တစ်ဦးနှင့်တစ်ဦး ပို၍ နားလည် လာကြချေ၏။ အသက်အရွယ်တွေ ကြီးလာကြသလို အသိညဏ် ပင်မဟုတ်၊ လူ့သဘာဝပြောင်းလဲမှုလည်း ဖြစ်လာကြချေ၏။

ဆိုတော့ကား• • •။

"မိပိုင်း နင်တော်တော်ထွားလာပါကလား၊ မိပိုင်း နင်လှလာ

www.burmeseclassic.com

www.burmeseclassic.com



သလားလို့"

သို့ဆိုသလို ဖိုးရှမ်းနဲ့ ငပူတင်းက မဝံ့မရဲပြောလာတတ်ကြ၏။ သို့ဆိုတော့ မိဝိုင်းကလည်း

"သည့်ရွာမယ် ငါ့အလှဆုံးမဟုတ်လား"

အဝဲည်လေလား။ နောက်ပြောင်လေသည်လားတော့မသိ၊ သို့ပေမင့်၊

"ငါတို့သူငယ်ချင်းမို့ပြောတာ မဟုတ်ပါဘူးဟာ၊၊ နင်က သည့်ရွာမယ် အလှဆုံးပါပဲ၊၊နို့ကြောင့်လဲ၊၊ နင် ကွမ်းတောင်ကိုင်ဖြစ်ခဲ့ရတာ မဟုတ်လား"

လူပျိုပေါက်၊၊အပျိုပေါက်ပင်ဖြစ်လင့်ကစား၊သူငယ်ချင်းများ ဖြစ်ခဲ့ပေပြား၊၊။

ဖိုးရှမ်းက စပြောလာ၏။

"မိဝိုင်းနှင့် ငါ့အချစ်ကို လက်ခံနိုင်မလား"

ငပူတင်းကလည်း ပြောလာချေ၏။

"နင့်ကိုငါချစ်တယ်"

သို့ဆိုတော့၊၊

"ဟဲ့၊၊ကောင်စုတ်တွေ၊၊ငါတို့က သူငယ်ချင်းတွေလေ၊ ဘာချစ်ကြ ကြိုက်ကြတဲ့ ကိစ္စတွေ လိုအပ်လို့လဲ"

သို့ မိဝိုင်းက ပြောခဲ့ချေ၏။

သို့ဆိုတော့ ဖိုးရှမ်းကော ငပူတင်းပါ၊၊ နောက်ဆုတ်သွားကြချေ၏။

"ဟုတ်သားကလား၊၊၊အဲလို ဘယ်ဖြစ်နိုင်ပါ့မလဲ"

သို့ပေမင့်၊၊၊

www.burmeseclassic.com

www.burmeseclassic.com



"မိပိုင်း • •ပိုတနေ့က နင့်ကို သူကြီးသားဝင်းနောင်က စာပေးလိုဆို"

ဖိုးရှမ်းက ပြောလည်းပြော • •မိပိုင်းကို မှုကြေမနပ် ကြည့်နေချေ တော့၏။

သို့ဆိုတော့ ငပူတင်းကလည်း

"မိပိုင်း နင် အဲဒီကောင်ပေးတဲ့စာကို လုံးဝ လက်မခံရဘူးနော်၊ နို့မဟုတ်လို့ကတော့ နင်နဲ့ငါတို့တွေ သေခန်းပြတ်ပြီသာမှတ်" လို့ ပြောလာချေလေတော့၏။

"ဟယ် တောက်တီးတောက်တဲ့• • • ငါက ဘယ်လိုလုပ် သည်လိုကောင်ကို စာရင်းထဲ ထည့်ရမှာလဲ" မိပိုင်းက လိုက်လိုက်လှဲလှဲပြောလာချေ၏။

"အေး• •သည်လိုပဲ ဖြစ်ရမပေါ့ဟယ်• •၊ နင် ငါတို့ ညီမလေး ပဲလုပ် ကြားလား"

"အေးပါဟယ် • • •ငပူတင်းကငါ့မောင်လေး၊ ဖိုးရှမ်းက ငါ့အစ်ကိုကြီးပေါ့"

သည်လိုနှင့် ပြီးပလားဆိုတော့မဟုတ်

မိပိုင်းနှင့် ပတ်သက်၍ သူကြီးသားဝင်းနောင်နှင့် သူ့အုပ်စုက "ကောက်ရိုးပုံစောင့်ခွေးတွေ" ပြောလာလေ၏။

"ဘာဖြစ်လဲကွာ• • •ရိုက်တယ်"

ဖြစ်လာလေတော့

သူကြီးက သူ့သားလည်းဖြစ် သူတို့ကလည်း မဟုတ်မခံ ဖြစ်လာကြသည်ကြောင့်လဲဖြစ်သည်ကြောင့်

"အချုပ်ထဲ သွားပေရော့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ နှစ်ကောင်၊ မြွေပွေးကိုတုတ်နဲ့ သွားဆွတယ်"

သို့ အပြောခံကြရ၏။

ထိုသည်ကား ပြဿနာမဟုတ်ဟုသူတို့ ထင်ကြချေ၏။သို့ဖြစ်ရာ

"ငါတော့ မိပိုင်းကို ဘယ်သူလက်ထဲမှ မထည့်ချင်ဘူး"

"သည်တော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ကွာ"

သို့ပြောကြသဖြင့်

မိပိုင်းကို ဖိုးရှမ်းက နားပူနာဆာ ချစ်စကားပြောလေ၏။

မိပိုင်းကို ငပူတင်းက အထပ်ထပ်အခါခါ ချစ်ရေးဆိုလေ၏။

သို့ပေမင့် ထိုသည်က သူတို့သုံးယောက်၏ဘဝကို ကံကြမ္မာက ဘဝတစ်ကွေ့ တစ်ဆစ်ချိုးလိုက်ပြန်၏။

မိပိုင်းနှစ်ယောက်လုံးကို ချစ်သည် ခင်သည်။ သို့ပေမင့် သူငယ်ချင်းနှစ်ယောက်ကို ချစ်လို့ရသည်ဆိုပေမင့် ၁၅၀၀ အချစ်ကျတော့ အဲလို ဖြစ်လာလိမ့်မည်မဟုတ်၊ တစ်ယောက်ကို ရွေးရမည်။

"ဖိုးရှမ်းလား"

"ငပူတင်းလား"

မိပိုင်းအခက်တွေ့လေပြီ…။

ဖိုးရှမ်းဆိုပါလျှင် ငပူတင်းကို ဘယ်လို ရင်ဆိုင်ရမည်နည်း။

ငပူတင်းဆိုလျှင် ဖိုးရှမ်းကို ဘယ်လိုရင်ဆိုရမည်နည်း။

သို့ဆိုတော့ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲ ၊ ဆိုသလို

"ဖိုးရှမ်း…ငါစဉ်းစားပေးမယ်"

"ငပူတင်း နင့်ကိုလည်း ငါစဉ်းစားပေးမယ်" သို့ဆိုသည်လို တစ်ယောက်ချင်းကို တီးတိုးပြောလေ၏။ သို့ဆိုတော့

ဖိုးရှမ်းပျော်သည်။ ရင်တုန်သည်…။

www.burmeseclassic.com

www.burmeseclassic.com



ငပူတင်းပျော်သည်။ ရင်ခုန်သည်..။

အဲ..အဲ့လိုချည်းလဲ မဟုတ်ဘူးလေ.. တစ်ယောက်ကို ၁၅၀၀ တစ်ယောက်ကို ၅၂၈ ပေါ့ဟ၊ လုပ်လေ..ဆုံးဖြတ်လေ၊ အေး နင်ဘယ်လိုဆုံးဖြတ်ဆုံးဖြတ် ငါတို့ သဘောတူကြရမှာချည်းပါဟယ်"

သို့ဆိုတော့ မိပိုင်းက

"ဟုတ်ပြီ.. ၁၅၀၀ တစ်ယောက် ၅၂၈ ကိုတစ်ယောက် ဆိုတော့ နင်တို့စကားတည်ရမယ်နော်..၊ တစ်ယောက်နဲ့တစ်ယောက် ငါနဲ့ ပတ်သက်လို့ ပြဿနာမဖြစ်ပါဘူးလို့ အလျှင်ဝန်ခံကြချေ"

"အေးပါဟယ်၊ ငါတို့က ညီအကိုတွေလိုပါ၊ ယုံပါ၊ ကျောသား ရင်သား မခွဲ၊ သူစိမ်းတွေလို ၁၅၀၀၊ ၅၂၈ ရယ်လို့ ခွဲခြားခိုင်းတာပေါ့ဟယ်"

"ဟုတ်ပြီ ငါပြောတာ နားထောင်"

"မြန်မြန်ပြောပါဟယ်..ငါတို့ လက်ခံမယ်"

"တကယ်လား"

နှစ်ယောက်စလုံးသည် သို့ ပြိုင်တူပြောလိုက်ကြ၏။

"နို့ဖြင့် နက်ဖြန်ကို ရွာထိပ်က မန်ကျည်းပင်ကြီးဆီလာခဲ့ကြချေ၊ ငါ အဲဒီအပင်ကို ဗလပ်ခွာပြီး စာရေးပြောမယ်"

"အိုကေ"

လိုက်ကြချေတော့၏။

သို့ဆိုတော့ နက်ဖြန်ကို စောင့်ကြ၏။ မျှော်တလင့်လင့်။

ဝေလီဝေလင်းအချိန်တွင် ဖိုးရှမ်းကော ငပူတင်းပါ ရွာထိပ်က မန်ကျည်းပင်ကြီးဆီ ရောက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်နေကြ၏။

စာမေးပွဲအောင်စာရင်းသွားကြည့်တုန်းက ခံစားချက်ထက် ပိုပြင်းထန်သည်ဟု ဖိုးရှမ်းကပြောသလို ငပူတင်းကလည်း ဆိုလာချေ၏။

သို့ဆိုတော့ ထိုနေ့ ဝေလီဝေလင်းတွင် မန်ကျည်းပင်သို့ နစ်ယောက်သားမတိုင်ပင်ပဲ ပြိုင်တူလိုလိုရောက်သွားကြ၏။

တစ်လံ အကွာမကလောက်ကပင် သူတို့ကို မန်ကျည်း ပင်တွင် ဖလပ်တစ်ခုလန်နေသည်ကို တွေ့လိုက်ကြချေ၏။

နစ်ယောက်သားအလျှင်စလို ပြေးသွားကြချေ၏။

ပြိုင်တူရောက်သွားကြ၏။

"ဘုရားရေ"

ဖိုးရှမ်းက ငပူတင်းကို ကြည့်လိုက်၏။

ငပူတင်းက ဖိုးရှမ်းကို ကြည့်လိုက်၏။

ငပူတင်း အသံထွက်လာချေ၏။

"မင်းကံကောင်းတယ်"

ထိုအချိန်ကလေးကသာလျှင် ငပူတင်း မျက်နှာတစ်ချက် ပျက်သွားပေမင့် ၅၂၈ နှင့်ပင် သူကျေနပ်နေရတော့၏။

"သည်ကောင် တကယ်မချစ်လို့ပါကွာ"

သို့နှယ့်ထင်ကြ၏။ ဘယ်ဟုတ်ပါ့မလဲ . . . ။ သူ ကိုယ်တိုင်ခံစားနေ ရသည်ပဲ၊ သူ့ခံစားချက်ကို သူမျိုသိပ်ခဲ့ရသည်ပဲ"

"ဒါကိုဘယ်သူသိတာမှတ်လို့"

သို့မှသည် ၁၅၀၀ ရလိုက်သော ဖိုးရှမ်းတစ်ယောက် နောက် သုံးလေးနှစ်ကာလတွင် သူမိဝိုင်း၏ အပိုချီးမြှင့်ချက် ရလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



မိပိုင်းပေးခဲ့သည်ကား••သမီးရတနာဖြစ်ချေ၏။

တချို့ကပြောကြတာပဲ•••မိပိုင်းလေးတဲ့•••။

ဘယ်သူနဲ့တူတူ ဖိုးရှမ်းကလေးက ဖိုးရှမ်းကလေးပဲပေါ့••။

မအေတူဆိုတော့ ပိုလို့တောင် ဖိုးရှမ်းတွက် ကောင်းပေသေး၏။

ဘယ့်တွက်မှု မမျှော်လင့်ဘဲ မိပိုင်း လူ့လောကကြီးက ထွက်သွားရသည့်တွင်းမှ ဖိုးရှမ်းတွက် လွမ်းစရာ သမီးလေးကျန်ခဲ့ချေတော့၏။

"သူ့ကိုယ်ပွားလေး ထားခဲ့တယ်"

ယေဘုယျအားဖြင့် သို့ဆိုတော့ ဘာပြောစရာ လိုမည်နည်း။ သို့ပြား မမျှော်လင့်ဘဲ ထွက်လာပါသည့် သတင်းက မိပိုင်းနှင့် အိမ်ထောင်ကျပြီး ကိုယ်ဝန်ရှိပြီးကာလဦးက

"ဖိုးရှမ်း မင်းငါ့ကိုခွင့်လွှတ်ကွာ•••သူက တကယ်တော့ ငါ့သမီးပါကွာ"

"ဘာကွ•• ဘာပြောတယ်••• ဘယ်လိုဖြစ်နိုင်မှာလဲ"

"ဖြစ်နိုင်လို့ ဖြစ်ပြီးပြီပဲကွာ••ငါပြောမယ် နားထောင်"

"ကဲပြောကြည့်စမ်း••မင်းပေါက်တတ်ကရ ပြောလို့ကတော့ မင်းသေပြီမှတ်"

"မှင်း••ငါ့ကို ခွင့်လွှတ်လို့ ငါမတောင်းဆိုဘူး။ အဲ မိပိုင်းကိုတော့ ခွင့်လွှတ်လိုက်ကွာ"

"ဟိတ်ကောင် ပေူတင်း ပြောမှာ ပြောစမ်းကွာ"

"တကယ်တော့ အမှန်ပါကွာ•• ငါ မိပိုင်းကို မစွန့်လွှတ်နိုင်ဘူး။ ငါစိတ်ရိုင်း ဝင်ခဲ့မိတယ်••မင်းမှတ်မိသေးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး"

"မင်းနဲ့ငါ··မန်ကျည်းပင်အောက် မိပိုင်းပေးတဲ့ အဖြေသွား ကြည့်ကြတုန်းကလေ"

"ပြောစမ်းပါကွာ"

"ငါရှုံးခဲ့တယ်"

"ဟုတ်တယ်လေ၊ မင်းက ငါ့ကို ဂုဏ်ပြုပြီး အရက်တိုက်ခဲ့ သေးတာပဲ၊"

"မင်း အဲ့ဒါကိုတော့ မှတ်မိတယ်နော်"

"သိပ် မှတ်မိတာပေါ့"

"မင်းလဲမူး··· ငါလည်းမူး·· အေး·· မင်းမူးတာက ပျော်လို့··· ငါမူးတာက စိတ်ညစ်လို့"

"မင်းမူးပြီး အိပ်ပျော်သွားတယ်၊ ငါ စိတ်ညစ်ပြီး ရွာထိပ် ရေကန်ကြီးဆီ သွားခဲ့တယ်၊ ငါ မိပိုင်းရဲ့ အချစ်ကို မရလို့ ငါ့ကိုယ်ငါ သတ်သေချင်ခဲ့တယ်"

"ဒါကို မိပိုင်းက ဘယ်လိုသိသွားလဲ မသိဘူး··· ငါ့ကို လာဆွဲတယ်"

"အဲ့လိုနဲ့ ငါကလည်း မူးနေတာဆိုတော့ ··· ငါ့ကိုယ်ငါ မထိန်းနိုင်ဘူး·· ငါမှားသွားတယ်"

"မိပိုင်း မျက်ရည်နဲ့ မျက်ခွက်"

"ဟုတ်ပြီ မင်း ပုံပြောကောင်းတယ်·· ဟဲ··ဟဲ"

ဖိုးရှမ်းက သို့နှယ် ပြုံးစိစိဖြစ်နေလေ၏။

ပဝူတင်း ငါ့ကို ချစ်လို့ကြည်စားနေသည်ပဲလို့ ထင်နေသည့် ပုံပင်·· ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ မိဝိုင်းကို ယုံတယ်… မင်းကိုလဲ ယုံတယ်"

"ငါ စိတ်နဲ့ကိုယ် အဲ့ဒီတုန်းက တစ်သားတည်းမကျခဲ့ဘူးကွာ…သိလား"

"ထားလိုက်စမ်းပါကွာ…မင်းပေါက်တကာရတွေ မပြောစမ်းနဲ့"

သို့သာ ဖိုးရှမ်းကပြော၏။

တကယ်လည်း သူ မိဝိုင်းကို ယုံ၏။ ငပွတင်းကိုယုံ၏။ ဘယ်လိုမှ မဖြစ်နိုင်သည့်ကိစ္စ။

သည်လိုနှင့် သည်ကိစ္စပြီးခဲ့ရသည်။ မေ့မေ့ပျောက်ပျောက်၊ သို့မှ ဖိုးရှမ်းနှင့် မိဝိုင်း ကလေးရလာ၏။ ပြီးတော့ ငပွတင်းပြောခဲ့သည့်ကိစ္စ သည်တုန်းကလည်း ထူးမခြားနား…။

သို့မှ မိဝိုင်းသေဆုံးသွား၏။ မိဝိုင်း လူလောကကြီးတွင် မရှိတော့ပေမင့် မိဝိုင်းကိုယ်ပွား သမီးလေးကျန်ခဲ့၏။

ဖိုးရှမ်းတွက် အလွမ်းပြေ။

သို့ဆိုတော့ ငပွတင်း တစ်စခန်းထလာ၏။

"ငါပြောခဲ့တာ တကယ်ကွ…သူက-ငါ့သမီးလေး"

ထန်ရည်မူးတော့ ကျွဲခိုးပေါ် ဆိုသကဲ့သို့ ငပွတင်းမူး လာတိုင်း သူ့သမီးဟု ပြောလာ၏။

"မင်းစကား ဆင်ခြင်တော့ကွာ…မင်းလွန်နေပြီ"

ဖိုးရှမ်းက သတိပေးလာ၏။

"ငါ တကယ်ပြောတာ… မိဝိုင်းလည်း မရှိတော့ဘူးဆိုတော့ သူ့ကလေးပဲ အလွမ်းပြေပါကွာ"

ငပွတင်း ဂျီကျတတ်လာချေ၏။

မဖြစ်ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ဖိုးရှမ်း ဆုံးဖြတ်လိုက်၏။

တောင်သူကုန်းရွာသို့ သူပြောင်းရွှေ့တော့မည်။ သူတို့ ချက်မြှုပ်ပေပင်ကုန်းရွာနှင့် တောင်သူကုန်းရွာသည် ဆယ်ငါးမိုင်မျှ ဝေး၏။ တောင်သူကုန်းရွာတွင် သူအခြေချမည်။ သမီးလေးနှင့် မိဝိုင်းကို အလွမ်းဖြေလျက်နေမည်။ သူငယ်ချင်း ငပူတင်း ပေပင်ကုန်းတွင် မူးရူးနေခဲ့ပေတော့. . . သူမူးချင်သလိုမူး. . ပြောချင်သလိုပြော. . သို့နှယ့် အဝေးသွားဖြစ်ရင် ပြီးပြီ. . ၊ သမီးလေးကလည်း ငပူတင်းကို ဘကြီးတစ်ယောက်လို ထင်ခဲ့သည်ပဲ”

“ဖေ. . ဘကြီးပူတင်းကို မခေါ်ဘူးလား”

“ဖေတို့က တောင်သူကုန်းသွားမယ်၊ အပြီးအပိုင်အခြေချတော့မှာ သမီးရဲ့ ဘကြီးငပူတင်း မလိုက်နိုင်ပါဘူး”

“သမီးလေးလွမ်းရင် တစ်ခါတစ်ရံ ပေပင်ကုန်း ပြန်လာတွေ့တာပေါ့”

သို့ဆိုတော့ မိဝိုင်းလေး စိတ်မကောင်းခဲ့ ဆိုပေမင့် အဖေခေါ်ရာ လိုက်ခဲ့ရတော့၏။

သို့ဆိုတော့ ဖိုးရှမ်းသည် သမီးလေးကိုလက်ဆွဲ၍ ခပ်စောစောပင် ပေပင်ကုန်းရွာမှ ထွက်ခဲ့ချေ၏။

တစ်ညလုံးမူးပြီးအိပ်မောကျနေသည့် ငပူတင်း ဘယ်က ဘယ်လို သတင်းရသွားသည်မသိ။

တောင်သူကုန်းရွာသွားသည့်လမ်းတွင် ငပူတင်း နောက်မှ ပေါက်ချလာ၏။

“မင်း အဲ့လို မလုပ်သင့်ဘူး၊ ငါ့သမီး ငါ့ကို ပေးခဲ့ပါကွာ . ဘုရားစူးပါစေရဲ့ ငါ ပြောတဲ့အချိန်က ငါနဲ့ သွေးစပ်ခဲ့တဲ့ သမီးလေးပါ

www.burmeseclassic.com



ကွာ"

"ပူတင်း မင်းလွန်ပြီကွာ..ငါ့သူငယ်ချင်းဖြစ်နေလို့ ငါသည်းခံခဲ့တာပဲကွာ... မိဝိုင်းကလည်း မှာခဲ့တယ်၊ မင်းနဲ့ သူ သူငယ်ချင်းက သူငယ်ချင် ..ဘဲ့လေ..နို့ကြောင့်"

"ဟုတ်ပြီလေ... နို့ဖြင့် ဘာလို့ သမီးလေးကိုခေါ်ပြီး ငါ့ကိုထားခဲ့ပြေးလာရတာပဲ"

"မင်းမူးတိုင်း ပေါက်ကရပြောလို့ ဒါတွေကို ငါကြာကြာမခံစားနိုင်ဘူး၊ မင်းနဲ့ငါ သူငယ်ချင်းအဖြစ်က ပြတ်စဲခဲ့ကြရင် ကောင်းမယ်"

"အော်..မင်းက အဲလိုဖြစ်နေပြီလား... မိဝိုင်းကို မင်းဘယ်လိုကတိတွေပေးခဲ့သလဲ"

"ငါ မမှတ်မိတော့ဘူးဆိုလျှင်ကောကွာ"

"ဘာမှမမှတ်မိစရာ မရှိနိုင်ဘူး.. မင်းရယ် ငါရယ် မိဝိုင်းရယ် ငယ်တုန်းကလို အချစ်မပြယ်တမ်းနေကြမယ်ဆိုကွ..ပြီးတော့ သမီးလေးကိုလည်း ငါတို့နှစ်ယောက်က ပိုင်းချစ်ကြရမယ်ဆိုတာ လေ၊ ငါအဖေအရင်းပါကွာ..ငါဆီက ငါ့သမီးအပေါ် အချစ်ကို မနာလိုမဖြစ်နဲ့ မင်းက မိဝိုင်းရဲ့တရားဝင်ယောက်ျားမှန်တယ်၊ နို့ပေမင့် သမီးက ငါနဲ့မွေးတာ အမှန်ပါကွာ..သည်တော့ မင်းက မိဝိုင်းကို ပိုင်တယ်၊ ငါက သမီးလေးကို ရသင့်တာပေါ့"

သည်လိုနှင့် ဖိုးရှမ်းတစ်ယောက် ဒေါသနောက်ဆက်ပါ လက်လွန်ခဲ့ရသည်။ ပူတင်းကို ဒေါသအလျောက် သတ်လိုက်မိ၏။

တော်သေးသည်မှာ သမီးလေး ပင်ပန်းပြီး အိပ်ပျော်နေချိန်။

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးနိုးလာတော့…။

"ဘကြီးပူတင်းကော"

"သူပြန်သွားပြီ"

သမီးလေးမျက်နှာမကောင်း။ ယုံလိုက်ရ၏။ ဘယ်လိုပင်ဖြစ်စေ၊ သမီးလေး သူနှင့်ရှိလျှင်ပြီးပြီလေ‥ ၊ သူကို မူးလာတိုင်သို့ ရက်စက်သည့် ငပူတင်း မရှိလျှင် ပြီးပြီ။

သည်သို့နှင့် ဖိုးရှမ်း သူ့သမီးလေးနှင့် တောင်သူကုန်းရွာတွင် အခြေချခဲ့၏။

သူကို ခေါင်းဖြူလို့ တောင်သူကုန်းရွာမှ သိခဲ့ကြ၏။ သူကိုယ်နှိုက်ကလည်း ဖိုးရှမ်းဆိုသည့် ဘဝကို ဖျောက်လိုက်ချင်သည် ကိုး‥ ။

သို့ဆိုတော့ ထိုသည်ကိစ္စ ပြီးပြီဆိုပြာ။ တောင်သူကုန်းရွာတွင် ဖိုးကံဆိုသည့် ကျပ်မပြည့်သူတစ်ယောက် ပေါ်လာလေ၏။

"ထူးတော့ထူးသားကလား။ ထိုသည်ကို ဖိုးရှမ်းတစ်ယောက် တောင်သူကုန်းရွာကို ရောက်လေသည်တွင် မမျှော်လင့်ဘဲ ဖိုးကံဆိုသူကို တွေ့လိုက်၏။

ဘုရားရေ‥ ဘယ်သူ့များမှတ်တယ်‥ဖိုးကံဆိုတာ ငပူတင်းရဲ့ အစ်ကိုဆိုသူဖြစ်နေပါကောလား‥ ။

သို့ပေမင့် ဖိုးကံသည် ဖိုးရှမ်းကို ကောင်းကောင်းသိသူမဟုတ်။ ဖိုးရှမ်းကသာ သိခဲ့သည်ဆိုတာတောင်မှ ငပူတင်းက ပြောဖူးလို့ဖြစ်၏။

"ငါ့အစ်ကိုတော်တယ်ကွ‥‥ သူတပ်ထဲမှာ‥ တစ်လော လေးက ပြန်လာတယ်၊ ငါ မင်းနဲ့ တွေ့ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့မှ တစ်ကြိမ်သာတွေ့ဖူး၏။ သူမှတ်မိတာပေါ့၊ ခုတော့ ဘယ်လိုလုပ် သည်တောင်သူကုန်းရွာသုသာန်တွင် ရောက်နေရတာ ပါလိမ့်…။

သူနှင့်ပတ်သက်သည်ဟု မသိခဲ့ရ၊ သို့ဖြား

"သည်ကောင်က ရူးသလို နှမ်းသလိုနဲ့ လူတစ်ယောက် လာရှာတာလို့ပြောတယ်"

သို့ သချင်္ချိုင်းဆံထုံးအဘိုးအိုက သူ့ကိုပြောဖူး၏။

"ဘာပြောတယ်…အစ်ကိုကြီး"

"သူ့ညီတစ်ယောက်ပျောက်နေလို့ လိုက်ရှာတာတဲ့"

"ဟင်"

သို့သူသိလိုက်သည့်နောက် ဖိုးရှမ်းတစ်ယောက် မအိပ်နိုင် မစားနိုင်ဖြစ်ခဲ့ရ၏။ ငပူတင်းကိုလည်း သတိရလိုက်၏။

ငပူတင်းကို သူသတ်လိုက်သည်ကို ရိပ်မိဟန်တူလို့ ရောက်လာလေသည်များလား၊ သို့ဆိုတော့ သူ သဲသဲကွဲကွဲသိရအောင် လုပ်ရပေမည်။

ဝါးလုံးဆိုသူကို ဖိုးကံတွေ့ချင်းလွှန်းသူဖြစ်ပါလျှင် ဖိုးကံသည် သူ့ကို လာရှာသူဖြစ်ပေ၏။

ဘယ့်တွက်မူ ဝါးလုံးဆိုသူသည်သူနှင့် ငပူတင်း မိဝိုင်း အကြောင်းကို, အသေအချာသိထားသူဖြစ်သည်ကို၊ သို့ဆိုတော့ ဝါးလုံးကို ဖိုးကံတွေ့လျှင် ဖိုးရှမ်းဆိုသူကို ဖိုးကံခြေရာခံလိုက်လေနိုင် ပေမည်။ သို့ဆိုတော့ ဖိုးရှမ်းက ဖိုးကံထံ တိတ်တဆိတ် တောစောင် ငံရေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဝါးလုံးကို လွှတ်လိုက်သည်။ ငါလာခဲ့မယ်"

"ဖိုးရှမ်း"

သို့ပေမင့် သူ့စာရွက်ကို ဖိုးကံ ရမသွား။ ဘယ်ကဘယ်လို သူ့နောက် ဖိုးကံ ခြေရာခံလိုက်မိပါလိမ့်။

ဖိုးကံက သူ့ကိုခြေရာခံလိုက်ချိန်က ပြဿနာသည်လောက် မရှိ၊ သူ ဖိုးကံထံရေးလိုက်သည့်စာက သူ့ကို ပြဿနာတတ်စေတော့၏။ ထိုစာကို လူစိမ်းမှုဆိုး နှစ်ယောက် ရလိုက်သည်မှစ၍ သူ့ဘဝတစ်လျှောက် ထိမ်းဝှက်ခဲ့ရသည်များ ဘူးပေါ်သလို ပေါ်သွားချေတော့၏။

ဖိုးကံ သူ့ကို ခြေရာခံမိသွား၏။

ငပွတင်းပြောသလို သမီးလေးမိပိုင်းသည် သူ၏ တူမဟု ပြောလာလေ၏။ ဖိုးကံဆိုသည်မှာ သမီးလေးမိပိုင်းက ငပွတင်း သမီး အသေအချာဖြစ်သည်ပေါ့။

သည်တော့ မထူးပေပြီ၊ ဖိုးကံကိုလည်း သူသုတ်သင်မှ ရတော့မည်။ သို့သူစိတ်ကူးအကောင်အထည်မပေါ်ခဲ့ချေ။

သူ ဖိုးကံကို အလွတ်ပေးခဲ့ရ၏။

သို့ လက်လွှတ်ဆုံးရှုံးသွားရခြင်း၏ ရလဒ်သည် သူ့အသက် ပေးလိုက်ရခြင်းဖြစ်တော့၏။

ဖိုးကံ သူ့ကို ချောင်းမြောင်းလုပ်ကြံခဲ့တော့၏။

ပြီး သူ့တူမလေးကို ခေါ်ထုတ်ခဲ့၏။

တူမလေးကလည်း သူ့ကိုသိနေသည်ဆိုတော့ လွယ်လိုက်တာ၊ သူ့ညီရဲ့ဆန္ဒပြည့်လေပြီပဲ…။

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဖိုးကံပြောသည့် ဇာတ်လမ်း အဆုံးတွင် ဖိုးကံတစ်ယောက်အတွက် ပူပင်သောကဖြစ်မိချေတော့၏။

သူထင်သည်မှာ တူမလေးနှင့်သူ ပျော်ပျော်ရွှင်ရွှင်နေရမည် ပေါ့••။

သို့ပေမင့် ဖိုးရှမ်းကိုသတ်မှုဖြင့် ထောင်ထဲသွားရပေမည်။ ကံဆိုးလျှင် သေစားသေနိုင်ပေ၏။

ရှိစေတော့••။

မည်သို့ပင်ဖြစ်စေ၊ မိစိုင်းလေးအတွက် အဖေရင်း ဘယ်သူ သိလိုက်ရခြင်းသည် သူမတွက် အဆိုးထဲမှ အကောင်းဟု ဆိုရချိမ့်မည်။

သို့ ကျွန်တော် လင်းမြင့်လှိုင်ကို ပြောလိုက်၏။

လင်းမြင့်လှိုင်က သွားတတ်လေးပေါ်ရုံ ပြုံးပြလာချေပြီး

"ကလေးမလေးက သနားစရာဗျာ••• သူ့အဖေအရင်း တွေ့ခဲ့ပေမင့် သူ့အဖေအရင်းနဲ့ ပျော်ပျော်ရွှင်ရွှင်နေရမယ့်အချိန် မရှိခဲ့ဘူး လေ"

သို့ဆိုတော့လည်း အဟုတ်သားကလား။

"နို့ဖြင့် မိစိုင်းလေးကို ကျွန်တော်တို့ နှစ်သိမ့်စကားပြောသင့် တာပေါ့ဗျာ၊ ဘာလို့လဲဆိုတော့ သူ့ဦးကြီး ဖိုးကံအတွက်လေ

"နို့ပေါ့ဗျာ"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မိစိုင်းလေးကို တွေ့ ဆုံလိုက်ကြ၏။

"သမီးဦးကြီးကံတွက် စိတ်မကောင်းပါဘူး"

သို့ပြောလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီးကံကိုလည်း စွန့်လွှတ်ရတော့မယ်ဆိုတော့ စိတ်မကောင်းဖြစ်နေလို့လဲ အပိုပေါ့"

သို့ပြောလာသည့်တွက် ကျွန်တော်နှင့် လင်းမြင့်လှိုင် အံ့သြမိတော့၏။

"ကိုယ့်ဦးကြီးကို အဲလိုကြီး တွက်မထားနဲ့လေ၊ ရှေ့နေကောင်းကောင်းနဲ့ လျှောက်လဲချက်ကောင်းကောင်းပေးရင် သေဒဏ်က လွတ်နိုင်တယ်"

"ရှင် ဘကြီးတို့ ဘာတွေပြောနေတာလဲ"

"ဘကြီးတို့ပြောနေတာ မင်းဦးကြီးကံက သမီးရဲ့မွေးစားအဖေကို သတ်မှုနဲ့ ပြစ်ဒဏ်ခံရမယ်လေ၊ ဆိုးရင် သေဒဏ်၊ ကံကောင်းရင် ထောင်ဒဏ်လောက်ပဲ ကျမှာလေ၊ သမီးဘာမှ မစိုးရိမ်ပါနဲ့ ဘကြီးတို့ တတ်နိုင်တဲ့ဘက်က ကူညီပါ့မယ်၊ မြို့ပြမယ် ဘကြီးတို့ မိတ်ဆွေ ရှေ့နေကြီးချစ်ကိုကိုယုဆိုတာရှိတယ်၊ အင်မတန် တော်တဲ့ရှေ့နေကြီးပေါ့ အမှန်တရားကိုပဲ ဦးစားပေးတယ်၊ ငွေမှငွေဆိုတဲ့ ရှေ့နေတွေထဲမယ် မပါဘူး၊ သူ့ကို ဘကြီးတို့ အကူအညီတောင်းပေးမယ်"

သို့ ကျွန်တော်က မိပိုင်းလေးအားပြောလိုက်၏။

သည်တွင် မိပိုင်းလေးက ကျွန်တော့်ကို နားမလည်နိုင်စွာ ကြည့်လာချေပြီး

BURMESE CLASSIC

"ဘကြီးတို့ မှားနေပြီ‥သမီးဖေဖေအရင်းက ဦးဖိုးရှမ်းပါ"

"ဘာ"

"ဘယ်လို‥မင်းအမျိုးမျိုးပြောနေပါကလား‥ဟင်၊ မင်းပဲ သမီးဖေဖေဟာ ဦးငပွတင်းပါဆို ‥‥ ဖိုးကံက သမီးဘကြီးပါဆို‥ ခုတော့ ဘယ်လိုပြောလိုက်ပြန်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်က မိစိုင်းလေးကို ဒေါသဖြင့် ပြောလိုက်ချေ၏။

သည်တွင် မိစိုင်းလေးက ကျွန်တော့်အား အသနားခံ မျက်နှာလေးဖြင့် ကြည့်လာချေပြီး

"ဘကြီးတို့ကို သမီးအမှန်အတိုင်းပြောပါ့မယ်၊ မေမေ မသေခင်က သမီးကိုပြောခဲ့ပါတယ်၊ သမီးအဖေအရင်းက ဦးဖိုးရှမ်းတဲ့၊ ပေပူတင်းနဲ့ ပြသနာရှိကောင်းရှိခဲ့ပေမင့်၊ သူ့သွေးသားမဟုတ်ပါဘူးတဲ့ သမီးရဲ့ သွေးအမှန်က ဦးဖိုးရှမ်းပါတဲ့၊ စောစောက သမီးအဖေရင်းဦးပေပူတင်းပါလို့ပြောလိုက်ရတာကလဲ တကယ်တမ်း ဦးပေပူတင်းက သမီးကို တကယ်ပဲ သမီးအရင်းလို ချစ်တာပါ။ ပြီးတော့ သူ့အကို ဦးဖိုးကံကလည်း သမီးကိုချစ်ပါတယ်၊ ဘာလို့ အဲလိုပြောလိုက်ရ တာလဲဆိုတော့ သမီးဖေဖေကို ဦးဖိုးကံက သတ်လိုက်ပြီလေ၊ အဲလိုဖြစ်တာက သမီးကြောင့်ပဲဆိုလဲ မမှားဘူးပေါ့၊ သမီးကို သူတို့ ပိုင်ဆိုင်ချင်လို့ သမီးကို သူတူမလေးအရင်းလို့ဝင် နေလို့ သည်တော့ သမီးကို သူတို့ ပထွေးလက်ထဲမထားချင်တဲ့ ဇာတွေကြောင့်ဖြစ် ရတာဆိုပြီး‥သမီးက ဦးဖိုးကံ စိတ်ချမ်းသာအောင် သူ့အသက်ရှင် နေနိုင်တဲ့ ကာလမယ် စိတ်ချမ်းသာသွားအောင် ပြောလိုက်ရတာပါ၊ ဘကြီးတို့ စဉ်းစားကြည့်လေ‥‥။

သမီး ဖေဖေကလည်း သေသွားပြီ၊ ဘာထူးတော့မှာလဲ၊ သည်တော့ တဒင်္ဂအတွင်းအသက်ရှင်ကျန်နေသေးတဲ့ ဘကြီးဦးဖိုးကံ စိတ်ချမ်းသာအောင် သမီးက ပေပူတင်းရဲ့ သမီးပါလို့ ဖြေလိုက်ရတာ"

"ဟော"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မိပိုင်းလေးကို နားမလည်နိုင်ပါတော့ချေ၊ ကျွန်တော်တို့ထင်ထားသည်ထက်မိပိုင်းလေးသည် အတွေးအခေါ် မြင့်မားသူပါကလား။

စာဖတ်ပရိတ်သတ်အားလေးစား
ကြိုးစားလျက်
ကိုပိုက်
(၃.၆.၂၀၀၉)
**2:40 PM**

BURMESE CLASSIC

www.burmeseclassic.com